မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

## မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)

၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက် | ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ်(၀၄၆)

# အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ပိတ်ပွဲအခမ်းအနားကျင်းပ

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်



အကြိမ် (၂၀)မြောက် အာဆီယံ + ၃ ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်စဉ်။ သတင်းစဉ်

**မနီလာ (ဖိလစ်ပိုင်) နိုဝင်ဘာ ၁၄**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် အကြိမ် (၂၀)မြောက် အာဆီယံ + ၃ ထိပ်သီးအစည်းအဝေး၊ နှစ်(၄၀)ပြည့် အထိမ်းအမှတ် အာဆီယံ-ကနေဒါ ထိပ်သီးအစည်းအဝေး၊ နှစ်(၄၀)ပြည့် အထိမ်းအမှတ် အာဆီယံ-အီးယူ ထိပ်သီးအစည်းအဝေး၊ (၁၂)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေး၊ (၁၅)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေး၊ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးကာကွယ်ရေးနှင့် မြှင့်တင်ရေးဆိုင်ရာ ASEAN သဘောတူညီချက် လက်မှတ်ရေးထိုးပွဲအခမ်းအနားနှင့် အာဆီယံဥက္ကဋ္ဌ ရာထူးလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားတို့သို့ တက်ရောက်သည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❖

## ပိုင်ရှင်မဲ့ မိုးစပါးများ စနစ်တကျရိတ်သိမ်း၊ ရောင်းချပြီး မူလပိုင်ရှင်များထံ ပြန်လည် လွှဲပြောင်းပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**သတင်းထုတ်ပြန်ရေးကော်မတီ**

**သတင်းထုတ်ပြန်ချက်**

**(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)**

**ပိုင်ရှင်မဲ့ မိုးစပါးများ စနစ်တကျ ရိတ်သိမ်း၊ ရောင်းချပြီး မူလပိုင်ရှင်များထံ ပြန်လည်လွှဲပြောင်းပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိ**

၁။ မောင်တောမြို့နယ် ကျေးရွာဒေသအလိုက် နေရပ်စွန့်ခွာသူများ၏ မိုးစပါးများ အချိန်မီ ရိတ်သိမ်းနိုင်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ထိန်းသိမ်းရေးကော်မတီဖွဲ့စည်း၍ မောင်တောဒေသအတွင်းရှိ မိုးစပါးစိုက်ပျိုးထားသည့် ဧက ၄၅၂၈၆ ဧကအတွင်းရှိ မိုးစပါးများကို အောက်တိုဘာ ၂၈ ရက်မှ စတင်၍ ရိတ်သိမ်းခြွေလှေ့စက် ၄၄ စီးဖြင့် လတ်တလော ရင့်မှည့်နေသော မိုးစပါးများကို အလေအလွင့်ဖြစ်မသွားစေရန် ရိတ်သိမ်းခဲ့ရာ နိုဝင်ဘာ ၁၃ ရက် အထိ ၁၇၁၄ ဒသမ ၂၄ ဧကကို ရိတ်သိမ်းပေးနိုင်ခဲ့သည်။

၂။ ထိုသို့ ရိတ်သိမ်းရာတွင် မြို့သူကြီးကျေးရွာအုပ်စု၊ ကံကျတောင်ကျေးရွာမှ ၄၈ ဒသမ ၆ ဧက၊ ရာဇာဘီကျေးရွာမှ ၂၆ ဧက၊ သောင်ပိုင်ညာကျေးရွာမှ ၂၄ ဒသမ ၅ ဧက၊ ကံပူးကျေးရွာအုပ်စု၊ ကံပူးကျေးရွာမှ ၃၂၇ ဒသမ ၅ ဧက၊ ကျောင်းတောင်ကျေးရွာအုပ်စု၊ ကျောင်းတောင် ကျေးရွာမှ ၄၇၆ ဒသမ ၂ ဧက၊ ဝါးချကျေးရွာအုပ်စု၊ အုန်းတောကျေးရွာမှ ၁၂၈ ဒသမ ၉ ဧက၊ နွားရုံတောင်ကျေးရွာအုပ်စု၊ နွားရုံတောင်ကျေးရွာမှ ၂၀၃ ဒသမ ၃၂ ဧက၊ အလယ်သံကျော်ကျေးရွာအုပ်စု၊ အလယ်သံကျော်ကျေးရွာမှ ၂၂၅ ဒသမ ၇ ဧက၊ သံဒါကျေးရွာအုပ်စု၊ သံဒါကျေးရွာမှ ၁၉၈ ဒသမ ၈၂ ဧက၊ ကျီးကန်းပြင်ကျေးရွာအုပ်စု၊ ကျီးကန်းပြင်ကျေးရွာမှ ၉ ဒသမ ၇ ဧက၊ မြင်းလွှတ်ကျေးရွာအုပ်စု၊

*စာမျက်နှာ ၁၀ ကော်လံ ၁* ❄



မြန်မာ့အလင်း

# တရားမျှတမှုနှင့် ဟန်ချက်ညီမှန်ကန်မှု

ချင်းပြည်နယ်ရှိ ကလေး-သိုင်းငင်း-ဟားခါးလမ်းပိုင်းကတ္တရာခင်းမည့် အစီအစဉ်အား ကမ္ဘာ့ဘဏ်၏ ချေးငွေရပ်ဆိုင်းမှုကြောင့် အတူတကွရပ်ဆိုင်းလိုက်ကြောင်းသတင်းကို ကြားသိရပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်ထိခိုက်မှုတို့ကြောင့် ကမ္ဘာ့ဘဏ်က ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အတွက် အမေရိကန် ဒေါ်လာသန်း ၂၀၀ ထုတ်ချေးရန် သဘောတူခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ ကမ္ဘာ့ဘဏ်ချေးငွေ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ချင်းပြည်နယ်က အမေရိကန် ဒေါ်လာ ၆၆ ဒသမ ၈ သန်းရရှိမည်ဖြစ်ပါသည်။ ချင်းပြည်နယ်က အဆိုပါချေးငွေ ရရှိခဲ့ခြင်းမှာ ၂၀၁၅ ခုနှစ်အတွင်း ချင်းပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုများနှင့်အတူ ပြည်နယ်တစ်ခုလုံး လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

ကမ္ဘာ့ဘဏ်က ချင်းပြည်နယ်အတွက် ချေးငွေများ ရပ်ဆိုင်းလိုက်ခြင်းသည် ရခိုင်ပြည်နယ်အရေးနှင့် ဆက်စပ်နေသည်ဟု ကျယ်ကျယ်ပြန့်ပြန့် ယူဆထားကြပါသည်။ ကမ္ဘာ့ဘဏ်က ချင်းပြည်နယ်အတွက် ချေးငွေထုတ်ပေးရန် သဘောတူခဲ့ခြင်းသည် အထက်၌ တင်ပြထားသကဲ့သို့ သဘာဝဘေးအန္တရာယ်ကြောင့် ချင်းပြည်သူလူထုတစ်ရပ်လုံး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတိုးတက်မှုတို့အား မထိခိုက်စေရန်ဖြစ်ပါသည်။ သို့သော် ကမ္ဘာ့ဘဏ်သည် ချေးငွေထုတ်ပေးရခြင်း၏ မူလအကြောင်းတရားနှင့် လုံးဝသက်ဆိုင်ခြင်းမရှိသော ရခိုင်ပြည်နယ်အရေးကို အကြောင်းပြု၍ ချေးငွေရပ်ဆိုင်းရန် ဆုံးဖြတ်လိုက်ခြင်းသည် မူဝါဒအရ ခိုင်မာမှုအားနည်းပုံကို ဖော်ပြနေသည်ဟု ယူဆပါသည်။

ချင်းပြည်နယ်သည် ရခိုင်ပြည်နယ်နှင့် ထိစပ်နေသကဲ့သို့ စစ်ကိုင်းတိုင်းဒေသကြီးနှင့်လည်း ထိစပ်နေပါသည်။ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်သည် ပြည်ထောင်စု၏ဖွံ့ဖြိုးမှုအနည်းဆုံးပြည်နယ်များ ဖြစ်ပါသည်။ တင်ပြလိုသည်မှာ ချင်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုသည် ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ အထောက်အပံ့ကောင်းတစ်ရပ်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်အရေး၌ စီးပွားရေးအခွင့်အလမ်းနည်းပါးခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှု အားပျော့ခြင်းတို့သည် လူမှုအသိုင်းအဝိုင်းတို့အကြား တင်းမာမှုကိုဖြစ်ပေါ်စေသည်။ အခြေခံအကြောင်းရင်း တစ်ရပ်အနေဖြင့် ပါဝင်နေပါသည်။ ရခိုင်ပြည်နယ်အရေးအတွက် ရေရှည်တည်တံ့ခိုင်မြဲသော ဖြေရှင်းချက်တစ်ရပ်ရရှိစေရန် ကမ္ဘာ့ဘဏ်က ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည်မှာ ရခိုင်ပြည်နယ်အပါအဝင် ရခိုင်ပြည်နယ်နှင့် ထိစပ်လျက်ရှိသော ဒေသတို့၏ ဖွံ့ဖြိုးရေးကို ပံ့ပိုးကူညီပေးခြင်း ဖြစ်ပါသည်။ သို့သော် ကမ္ဘာ့ဘဏ်သည် ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်သည်တို့ကို ကျောခိုင်းလျက် ရခိုင်ပြည်နယ်အရေးအတွက် ချင်းပြည်နယ်၏ လမ်းပန်းဆက်သွယ်မှုဖွံ့ဖြိုးရေးချေးငွေအား ခေတ္တခဏအဖြစ် အသုံးချ ရပ်ဆိုင်းလိုက်ပြီ ဖြစ်ပါသည်။ ဤလုပ်ရပ်က နိုင်ငံတော်၏ ရခိုင်ပြည်နယ်အရေးအတွက် ကြိုးပမ်းအားထုတ်နေမှုတို့အပေါ် ကမ္ဘာ့ဘဏ်၏ လျစ်လျူရှုမှုကို ထင်ထင်ရှားရှား မီးမောင်းထိုးပြသနေပါသည်။ ကမ္ဘာ့နိုင်ငံငယ်တို့၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းဆောင်ရွက်နေသည်ဆိုသော ကမ္ဘာ့ဘဏ်အနေဖြင့် တရားမျှတမှုနှင့် ဟန်ချက်ညီမှန်ကန်မှုတို့အား အစဉ်အမြဲ ဆွဲကိုင်ကြောင်း ဖော်ထုတ်ပြသရန် လိုအပ်သည်ကို လေးနက်စွာ တင်ပြအပ်ပါသည်။ ။

## ကမ္ဘာ့ ဆီးချိုသွေးချိုရောဂါနေ့ အထိမ်းအမှတ်ဟောပြော

ရန်ကုန် နိုဝင်ဘာ ၁၄

ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲကို ယနေ့ နံနက် ၉နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ် ပြည်လမ်း IBC ၌ ကျင်းပသည်။

ရှေးဦးစွာ ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့အကြောင်းသိကောင်းစရာများကို ပါမောက္ခ ဦးတင့်ဆွေလတ်က လည်းကောင်း၊ ဆီးချိုသွေးချိုရောဂါကြိုတင်ကာကွယ်ရေးသိကောင်းစရာများကို ပါမောက္ခ ဦးကိုကိုကလည်းကောင်း ဟောပြောကြပြီး တက်ရောက်လာသူများက ဆီးချိုသွေးချိုရောဂါနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြသည်။

အဆိုပါ ကမ္ဘာ့ဆီးချိုသွေးချိုရောဂါနေ့ (World Dibetes Day) ကို အပြည်ပြည်ဆိုင်ရာ ဆီးချိုသွေးချိုအဖွဲ့ချုပ် (International Dibetes Federation) မှ အင်ဆူလင်ကို ရှာဖွေတွေ့ရှိခဲ့သော နိုဘယ်ဆုရ ကနေဒါနိုင်ငံသား ဆေးပညာရှင် Frederick Banting ၏ မွေးနေ့ (နိုဝင်ဘာ ၁၄ ရက်) ကို အစွဲပြုလျက် ၁၉၉၁ ခုနှစ်တွင် စတင်ချမှတ်ခဲ့ခြင်းဖြစ်သည်။ **တင်စိုး(မြန်မာ့အလင်း)**

Asia-Europe Meeting

(၁၃) ကြိမ်မြောက် အာဆမ် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး
၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၀-၂၁
နေပြည်တော်

### မိုးထစ်ချုန်း ရွာဖွယ်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၄**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ (မိုး/ဇလ)

## ရန်ကုန်-ပြည်နှင့် ပြည်-ဆတ်သွား-နေပြည်တော် ရထားလမ်းပိုင်းများ အဆင့်မြှင့်တင်ရေး ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၁ ရက်က ရန်ကုန်-ပြည်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး ကြိုတင်ဆောင်ရွက်မှုလိုအပ်ချက်များ ကြည့်ရှုစစ်ဆေးရန် RBE ရထားဖြင့် ထွက်ခွာခဲ့သည်။

ရှေးဦးစွာ မြို့ပြတ်ရထားများ အရှိန်မြှင့် ပြေးဆွဲခဲ့လျှင် အနှောင့်အယှက်ဖြစ်ပေါ်နိုင်သော သမိုင်းဘူတာဈေး ရွှေ့ပြောင်းတည်ဆောက်မည့် နေရာသို့ ရောက်ရှိလာပြီး သမိုင်းဘူတာဈေး ပြောင်းရွှေ့နိုင်ရေး ဆောင်ရွက်မှု အခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရန်ကုန်-ပြည်ရထားလမ်းပိုင်းတစ်လျှောက်ရှိ လှော်ကားဘူတာ၊ ဖူးကြီးဘူတာ၊ တိုက်ကြီးဘူတာ၊ ဥက္ကံဘူတာ၊ သာယာဝတီဘူတာ၊ လက်ပံတန်းဘူတာ၊ ကြို့ပင်ကောက်ဘူတာ၊ နတ်တလင်းဘူတာ၊ ပေါင်းတည်ဘူတာနှင့် ရထားလမ်း ပိုင်းတစ်လျှောက်ရှိ ဘူတာများသို့ ရောက်ရှိပြီး လစဉ်ခရီးသည်စီးနင်းမှု၊ ကုန်စည်သယ်ယူပို့ဆောင်ပေးနိုင်မှု၊ ဝင်ငွေရရှိမှုနှင့် ဘူတာဝန်ထမ်းနေအိမ်များတွင် လျှပ်စစ်မီး၊ ရေရရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ဘူတာဝန်ထမ်းများ အနေဖြင့် ဘူတာရုံများသန့်ရှင်းသာယာလှပစေရေး၊ ဘူတာပလက်ဖောင်းများ ကောင်းမွန်အောင် ဆောင်ရွက်ထားရှိစေရေး၊ ပြည်သူလူထု အားကိုးထိုက်သော ဝန်ထမ်းများဖြစ်လာစေရေး အစဉ်ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားသည်။

နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် ပြည်ဘူတာ အစည်းအဝေးခန်းမ၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်- ဆတ်သွား-နေပြည်တော် ရထားလမ်းပိုင်းအား ကြည့်ရှုစစ်ဆေးရန် RBE ရထားဖြင့် ဆက်လက်ထွက်ခွာလာရာ ပြည်-ဆတ်သွား-နေပြည်တော် ရထားလမ်းပိုင်း တစ်လျှောက်ရှိ မှော်ဇာဘူတာ၊ ရွှေတံခါးဘူတာ၊ တီတွတ်ဘူတာ၊ ဒုရင်ဖိုလ်ဘူတာ၊ အောင်လံဘူတာ စသည့်ဘူတာစဉ် အလိုက် လစဉ်ခရီးသည်စီးနင်းမှုနှင့် ဝင်ငွေရရှိမှု အခြေအနေများ၊ ဘူတာများ သန့်ရှင်း သာယာလှပရေး၊ ဘူတာဝန်ထမ်းနေအိမ်များ ကောင်းမွန်မှု ရရှိစေရေး ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

### ထင်သာမြင်သာပြုပြင်စရာ

## သီပေါဒုဋ္ဌဝတီမြစ်ကူးတံတား ဆိုင်းဘုတ်စာသား အမှန်ပြုပြင်ပေးစေလို

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့သည် မန္တလေး၊ လားရှိုး၊ မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ထင်ရှားသော သမိုင်းဝင်မြို့ တစ်မြို့ဖြစ်သည်။ ပြည်မဒေသနှင့် တစ်ဖက်နိုင်ငံသို့ ကုန်စည်များ ပို့ဆောင်ရာတွင်လည်း အချက်အချာကျသဖြင့် ပြည်တွင်း ပြည်ပ နိုင်ငံခြားခရီးသွားများ အဝင်အထွက်များရာဒေသဖြစ်သည်။

ထိုသို့ ကူးလူးဆက်သွယ်ရာတွင် ဒုဋ္ဌဝတီမြစ်ကြီးကို မဖြစ်မနေဖြတ်သန်းသွားလာရသည်ဖြစ်ရာ တံတားကြီး မြို့အဝင်ဆိုင်းဘုတ်ကြီးမှာ ဆေးများ ကွာကျလျက်ရှိပြီး "သီပေါအစား သီပေ"ဖြစ်နေသဖြင့် မြို့၏ ဥပဓိရုပ်ကို ပျက်ပြားစေပြီး နောင်လူငယ်များ အမြင်မှားနိုင်ပါသဖြင့် အမြန်ဆုံး ပြုပြင်ဆောင်ရွက်ပေးရန် မြို့လူထုက လိုလားလျက်ရှိကြောင်း သိရသည်။ **စိုင်း(သီပေါ)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၄-၁၁-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၄၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၅၅/၇၆၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၆၀/၇၇၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၀၅/၈၁၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၇၅/၇၈၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၉ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၀ | ·၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅ | ·၀ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ·၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၁ |
| တရုတ် | တစ်ယွမ် | ၂၀၇ | ·၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၉ | ·၉ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခေတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၃၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်ဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေး

**မနီလာ (ဖိလစ်ပိုင်) နိုဝင်ဘာ ၁၄**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် ယနေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီ ၁၅ မိနစ်တွင် Philippines International Convention Centre (PICC)ရှိ ညှိခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရန်ကုန်မြို့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ လျှပ်စစ်မီးရရှိရေး၊ ရန်ကုန်-မန္တလေး ရထားလမ်းဖောက်လုပ်ရေး၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဝင်ငွေတိုးတက်ရေး၊ အသေးစားနှင့် အလတ်စား ချေးငွေပေးရေး၊ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်မှု ကူညီထောက်ပံ့ပေးရေးအတွက် ဂျပန်ယန်းငွေ ၁ ဒသမ ၂ ဘီလီယံ အကူအညီပေးရေး၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဆောင်ရွက်ချက်များကို ထောက်ခံအကူအညီပေးသွားမည့်ကိစ္စ၊ ကားလမ်းဖောက်လုပ်ရန်နှင့် လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်ရန်အတွက် ဂျပန်ယန်းငွေ ၁ ဒသမ ၅ ဘီလီယံ ထောက်ပံ့ပေးရေးကိစ္စ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအား သင်တန်းပေးရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့ တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အာဆီယံခေါင်းဆောင်များ အလုပ်သမားများ၏ အခွင့်အရေး ကာကွယ်ရေးနှင့် မြှင့်တင်ရေးဆိုင်ရာ ASEAN သဘောတူညီချက်ကို လက်မှတ်ရေးထိုးစဉ်။ (သတင်း-ရှေ့ဖုံး) သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. Antonio Guterres တို့ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်း-ရှေ့ဖုံး) သတင်းစဉ်

## နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများအား အထောက်အကူဖြစ်စေရန် အကူအညီများပေး

**နေပြည်တော် နိုဝင်ဘာ ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့တွင် ဆွစ်ဇာလန်နိုင်ငံအခြေစိုက် Centre for Humanitarian Dialogue မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Adam Cooper နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် Centre for Humanitarian Dialogue အဖွဲ့၏ လုပ်ငန်းများ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နိုင်ငံလုံး စည်းစည်းလုံးလုံး တိုးမြှင့်ဆောင်ရွက်နေမှုများကြောင့် မိမိတို့ အဖွဲ့အစည်းများအနေဖြင့် ရှေ့ဆက်ဆောင်ရွက်ရန် တွန်းအားဖြစ်စေပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများအား အထောက်အကူဖြစ်စေရန် အကူအညီများ ပေးလိုကြောင်း ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုဝန်ကြီးမှ ရခိုင်ပြည်နယ်ရှိ ပဋိပက္ခဖြစ်စေသည့် ပင်မအကြောင်းအရင်းအား ဖြေရှင်းနိုင်ရန် ကြိုးပမ်းနေမှုများ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအား အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ UEHRD တည်ထောင်ရေး လူသားချင်းစာနာကူညီမှု၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်နေမှုများ၊ စေတနာ့ဝန်ထမ်းလုပ်ငယ်များ၏ အကူအညီဖြင့် ရခိုင်ပြည်နယ်တွင် လူသားချင်း စာနာထောက်ထားမှုလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ နိုင်ငံတွင်း ပြန်လည်ဝင်ရောက်လိုသူများအား လက်ခံနိုင်ရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီချက်များနှင့် နိုင်ငံတော်အစိုးရမှ ပူးပေါင်းပြီး ရခိုင်ပြည်နယ်အတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများ၊ လူ့အဖွဲ့အစည်းအတွင်း တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ရပ်ရွာတွင်း စကားဝိုင်းများကျင်းပမည့် ကိစ္စရပ်များ၊ အစိုးရအနေဖြင့် ပွင့်လင်းမြင်သာမှု၊ ယုံကြည်စိတ်ချရမှု၊ တာဝန်ခံ တာဝန်ယူမှုများနှင့် ပြည်သူလူထု၏ ကြီးမားသောမျှော်လင့်ချက်များကို ဖြည့်ဆည်းရာတွင် Centre for Humanitarian Dialogue အဖွဲ့အနေဖြင့် ထောက်ပံ့ကူညီနိုင်မည့် နည်းလမ်းများအား ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




(၁၂)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်




နှစ်(၄၀)ပြည့် အထိမ်းအမှတ် အာဆီယံ-ကနေဒါ ထိပ်သီးအစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရစ်ချက် တေလာဆွန်အား ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် မနီလာမြို့ Philippines International Convention Centre (PICC) ညှိခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ စီးပွားရေး၊ နှစ်နိုင်ငံအကြားရင်းနှီးမြှုပ်နှံမှု အခြေအနေနှင့် ရခိုင်ပြည်နယ်၌ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မနီလာမြို့ Philippines International Convention Centre (PICC) ၌ ကျင်းပသည့် အကြိမ်(၂၀)မြောက် အာဆီယံ + ၃ ထိပ်သီးအစည်းအဝေး၊ နှစ် (၄၀)ပြည့် အထိမ်းအမှတ် အာဆီယံ- ကနေဒါ ထိပ်သီးအစည်းအဝေးနှင့် နှစ်(၄၀)ပြည့် အထိမ်းအမှတ် အာဆီယံ-အီးယူ ထိပ်သီး အစည်းအဝေးတို့သို့ တက်ရောက်သည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အာဆီယံနှင့် မိတ်ဖက်နိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊အစိုးရအဖွဲ့အကြီးအကဲများအား ဖိလစ်ပိုင် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ဒူတာတေးက တည်ခင်းဧည့်ခံသော နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် (၁၂)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးနှင့် (၁၅)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီး အစည်းအဝေးတို့သို့ တက်ရောက်သည်။

ညပိုင်းတွင် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးကာကွယ်ရေးနှင့် မြှင့်တင်ရေးဆိုင်ရာ ASEAN သဘောတူညီချက် လက်မှတ်ရေးထိုးပွဲအခမ်းအနား၊ (၃၁)ကြိမ်မြောက် အာဆီယံ

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရစ်ချက် တေလာဆွန်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်




နှစ် (၄၀) ပြည့် အထိမ်းအမှတ် အာဆီယံ-အီးယူ ထိပ်သီးအစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*
ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ပိတ်ပွဲအခမ်းအနားနှင့် စင်ကာပူနိုင်ငံသို့ အာဆီယံဥက္ကဋ္ဌရာထူးလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားများသို့ တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အာဆီယံခေါင်းဆောင်များသည် အလုပ်သမားများ၏ အခွင့်အရေးကာကွယ်ရေးနှင့် မြှင့်တင်ရေးဆိုင်ရာ ASEAN သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် (၃၁) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ပိတ်ပွဲအခမ်းအနားနှင့် အာဆီယံဥက္ကဋ္ဌ ရာထူးလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားများကို ဆက်လက်ကျင်းပရာ ဖိလစ်ပိုင်နိုင်ငံမှ အနုပညာရှင်များက တေးဂီတများဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် ၂၀၁၇ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာ ရိုဒရီဂို ဒူတာတေးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ၂၀၁၈ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူ ဆောင်ရွက်မည့် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းထံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်နှင့် အဆောင်အယောင်တူငယ်ကို လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

အစည်းအဝေးပွဲများ၊ ပိတ်ပွဲအခမ်းအနား၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်လွှဲပြောင်း ပေးအပ်ပွဲတို့သို့ အာဆီယံ အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်များ၊ အာဆီယံနှင့်မိတ်ဖက်နိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊အစိုးရအဖွဲ့အကြီးအကဲများ၊ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုဝင်ဘာ ၁၃ ရက် ညပိုင်းတွင် မနီလာမြို့ Philippines International Convention Centre (PICC) ၌ ကျင်းပသည့် အာဆီယံ + ၃ ခေါင်းဆောင်များနှင့် အရှေ့အာရှစီးပွားရေးကောင်စီ မျက်နှာစုံညီတွေ့ဆုံပွဲ၊ (၉) ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးနှင့် (၉)ကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်ခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် Mr. Antonio Guterres အား နိုဝင်ဘာ ၁၃ ရက် ညပိုင်းတွင် မနီလာမြို့ Philippines International Convention Centre (PICC) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်၏ နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုအခြေအနေ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်အပေါ် ကုလသမဂ္ဂအနေဖြင့် ပါဝင်အကူအညီပေးနိုင်မှု အခြေအနေတို့အပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



(၉)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်


(၁၅)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်



(၉)ကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်



အာဆီယံ+၃ ခေါင်းဆောင်များနှင့် အရှေ့အာရှ စီးပွားရေးကောင်စီ မျက်နှာစုံညီတွေ့ဆုံပွဲသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်စဉ်။ သတင်းစဉ်

# နိုင်ငံတစ်ဝန်းရှိ တည်ဆောက်ရေးလုပ်ငန်းအားလုံးကို အရည်အသွေးမီ ဖြစ်စေရန် Third Party စနစ် ကျင့်သုံးဆောင်ရွက်မည်

**နေပြည်တော် နိုဝင်ဘာ ၁၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ **(ယာပုံ)** မေးခွန်းငါးခု မေးမြန်း ဖြေကြားခြင်း၊ ဥပဒေကြမ်း တစ်ခု တင်သွင်းခြင်းနှင့် အဆိုတစ်ရပ် ဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြ သည်။

အစည်းအဝေးတွင် ဒေးဒရဲ မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို၏ **ဒေးဒရဲမြို့နှင့် တော်ကမယ်၊ ကြံ့ကြပ်၊ သာယာကုန်း၊ သံဒိဇီးဖြူကုန်း ဆက်သွယ်သော လမ်းအရှည် ၁၄ မိုင် ၆ ဖာလုံအား ပိုမိုမြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ဒေးဒရဲမြို့နှင့် တော်ကမယ်၊ ကြံ့ကြပ်၊ သာယာကုန်း၊ သံဒိဇီးဖြူကုန်း ဆက်သွယ်သောလမ်းကို ၂၀၂၀ - ၂၀၂၁ မတိုင်မီ ရာသီမရွေး သွားလာနိုင်သည့်လမ်းဖြစ်ရန် နှစ်အလိုက် ရန်ပုံငွေများတင်ပြတောင်းခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင်၏ **ပလက်ဝမြို့နယ် ပျဉ်ဝကျေးရွာမှ အီဝရွာနှင့် တပ်ချောင်းရွာတို့ကိုဖြတ်၍ သံထောင်ရွာအထိ ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက National Strategy for Rural Roads and Access ပါ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အရ လမ်းတံတားများနှင့် လုပ်ငန်းများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များက ဦးစားပေး ရေးဆွဲတင်ပြလာသည့် လုပ်ငန်းများ အပေါ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက စိစစ်ပြီး ရန်ပုံငွေ



> “Third Party စနစ်မှန်ကန်စွာ ကျင့်သုံးနိုင်ရန် ဝန်ကြီးဌာနများအနေဖြင့် စနစ်အနည်းငယ် ပြောင်းလဲကြရမည်ဖြစ်၊ ဘတ်ဂျက်ရေးဆွဲရာတွင် Consultant များ ငှားရမ်းဆောင်ရွက်ပြီးမှသာ မည်သည့် နည်းစနစ်ဖြင့် ဆောင်ရွက်မည်၊ ခန့်မှန်းခြေ မည်မျှကုန်ကျမည် စသည်တို့ကို ကန်ထရိုက်တာများထံ ချပြသင့်”

ရရှိပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်၏ **ဒိုက်ဦးမြို့နယ် ရန်ကုန် - မန္တလေး ကားလမ်းဟောင်း ဒရယ်မီးချောင်းတံတားအမှတ် ၁/၈၇ တံတားကြီးအား လေးလမ်းသွား တံတားအဖြစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ **မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာ ဦးလင်းလင်းကျော်၏ မြစ်သားမြို့နယ် အမှတ် (၄) ခရိုင်ပတ်လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ **သနပ်ပင်မြို့နယ် မင်းရွာ - ကျောင်းစုသစ်သားတံတားနှင့် တာ၀-ရေတံခါး သစ်သားတံတားအား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသည်။

ထို့နောက် ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်က စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးဌေးငွေက စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြား တင်သွင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်က စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲနှင့် အကြောင်းအရာများကို တိတိကျကျ ဖော်ပြ၍ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၏ **နိုင်ငံတစ်ဝန်းလုံးရှိ တည်ဆောက်ရေးလုပ်ငန်းများအား Third Party စနစ်ကို မှန်ကန်စွာ ကျင့်သုံး၍ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**နှင့် စပ်လျဉ်း၍ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်းက တည်ဆောက်ရေးလုပ်ငန်းများကို အရည်အသွေး စစ်ဆေးနိုင်ရန် အမှီအခိုကင်းသည့် Third Party အဖွဲ့အစည်းသည် အမှန်တကယ်လိုအပ်ပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများကို အရည်အသွေး စိစစ်ရာတွင် ဌာနအချင်းချင်း အပြန်အလှန် ဖွဲ့စည်းစိစစ်နေပါက Quality Control အမှန်ရရှိရန် ခက်ခဲပါကြောင်း၊ ဌာနများက တာဝန်ယူတည်ဆောက်သည့် လုပ်ငန်းများကို အရည်အသွေးစိစစ်ပြီး ကာလသတ်မှတ်ချက်မတိုင်မီ ပျက်စီးခဲ့မည်ဆိုပါက မည်သူက တာဝန်ယူ၊ တာဝန်ခံမည်နည်းဟု မေးခွန်းထုတ်လိုပါကြောင်း၊ အရည်အသွေး စိစစ်သည့်အဖွဲ့အစည်း များတွင်လည်း တာဝန် ရှိ၊ မရှိ ထပ်မံမေးမြန်းလိုပါကြောင်း Third Party ဆိုသည်မှာ

*စာမျက်နှာ ၇ သို့*

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သုံးဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၂၉/ ၂၀၁၇ )**
**၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်**
**(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)**

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သုံးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်း တင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သုံးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈.၁.၂၀၁၆ ရက်စွဲပါ ကြေညာချက် အမှတ် (၁/၂၀၁၆)တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သုံးဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ကြည်း ၁၇၉၄၃<br>ဗိုလ်ချုပ် တောက်ထွန်း | အစား | ကြည်း ၁၈၁၉၀<br>ဗိုလ်ချုပ် တင်ဆွေဝင်း |
| (၂) | ကြည်း ၁၈၅၆<br>ဗိုလ်မှူးချုပ် တင်စန်းနိုင် | အစား | ကြည်း ၁၉၅၁၁<br>ဗိုလ်မှူးချုပ် ရဲနိုင်မျိုး |
| (၃) | ကြည်း ၂၃၉၈၀<br>ဒုတိယဗိုလ်မှူးကြီး ကျော်လင်းဦး | အစား | ကြည်း ၁၉၉၉၁<br>ဗိုလ်မှူးကြီး တင်ထွန်းဦး |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် သုံးဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၃၀/ ၂၀၁၇ )**
**၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်**
**( ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် )**

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် သုံးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် သုံးဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈.၁.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂/၂၀၁၆)၊ ၁၆.၅.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၉/၂၀၁၇) နှင့် ၂၁.၈.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၀/၂၀၁၇)တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် သုံးဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ကြည်း ၁၉၅၂၅<br>ဗိုလ်မှူးချုပ် ခင်မောင်အေး | အစား | ကြည်း ၁၇၅၁၆<br>ဗိုလ်ချုပ် ဝင်းသိန်း |
| (၂) | ကြည်း ၂၀၆၈၂<br>ဗိုလ်မှူးကြီး တင်အောင်ထွန်း | အစား | ကြည်း ၂၇၃၇၀<br>ဒုတိယဗိုလ်မှူးကြီး မောင်မောင်စိုး |
| (၃) | ကြည်း ၂၈၄၈၈<br>ဗိုလ်ကြီး ထွန်းထွန်းဌေး | အစား | ကြည်း ၂၉၁၁၀<br>ဗိုလ်မှူး မျိုးမင်းအောင် |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၃၁ / ၂၀၁၇ )**
**၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်**
**( ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် )**

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် လေးဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈. ၁. ၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် ( ၃ / ၂၀၁၆ ) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် လေးဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

**(က) မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၄၈၈၂<br>ဗိုလ်မှူး တင်လှိုင် | အစား | ကြည်း ၂၇၉၉၇<br>ဗိုလ်မှူး နေလင်းရှိဏ် |
| (၂) | ကြည်း ၃၉၀၅၁<br>ဗိုလ်မှူး ကျော်ဇင်လတ် | အစား | ကြည်း ၂၇၃၈၅<br>ဗိုလ်မှူး ကျော်သူရွှေ |

**(ခ) ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၄၂၉၆၃<br>ဗိုလ်ကြီး/ဗိုလ်မှူး ခိုင်ဟိန်း | အစား | ကြည်း ၃၄၁၄၄<br>ဗိုလ်ကြီး ထွန်းလင်းထိုက် |

**(ဂ) ရှမ်းပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၄၃၂၁၀<br>ဗိုလ်ကြီး/ဗိုလ်မှူး ကျော်ခန့် | အစား | ကြည်း ၃၉၉၇၇<br>ဗိုလ်ကြီး ကျော်သူဝင်း |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ကော့သောင်းမြို့နယ် ပြည်သူများ ဓာတ်အားခ သက်သာစွာ သုံးစွဲနိုင်ရေး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ဒါ ခေါ်ယူ ဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၄




**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)

**ဓာတ်အားများဖြန့်ဖြူးပေးလျက်ရှိ**

အစည်းအဝေးတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်း၏ **လားရှိုးမြို့နယ် စဥ့်အင်ကျေးရွာအုပ်စု စဥ့်အင်ကျေးရွာတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး သွယ်တန်း အသုံးပြုခွင့်ကို နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဦးစား ပေးထည့်သွင်း ခွင့်ပြုဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က စဥ့်အင်ကျေးရွာ ပတ်ဝန်းကျင်တစ်ဝိုက်ရှိ ပန်ဆပ် နှင့် ဟန်နားကျေးရွာများအား နမ့်မျော် ရေအားလျှပ်စစ်စက်ရုံမှ ၃၃ ကေဗွီ နမ့်မျော်-လားရှိုး ဓာတ်အားလိုင်း၊ ၃၃/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၂၄ လုံး တို့ဖြင့် ချိတ်ဆက်၍ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ အဆိုပါ ရေအားလျှပ်စစ်စက်ရုံ၏ စက်များထိန်းသိမ်း ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ချိန်တွင် လားရှိုး အမှတ်(၄) ခွဲရုံမှ တစ်ဆင့် ဓာတ်အားပြန်လည် ချိတ်ဆက်ပြီး ဓာတ်အားများဖြန့်ဖြူးပေးလျက်ရှိ ပါကြောင်း။

စဥ့်အင်ကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေး အတွက် ၃၃ ကေဗွီ နမ့်မျော်-လားရှိုး လိုင်းမှ ဓာတ်အားရရှိသုံးစွဲနေသော ပန်ဆပ်ကျေးရွာမှ တစ်ဆင့် ၃၃ ကေဗွီ ဓာတ်အား လိုင်း ၃ မိုင်၊ ၃၃/၀ ဒသမ ၄ ကေဗွီ၊ ၁၆၀ ကေဗွီအေ ထရန်စဖော်မာ နှစ်လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၅ မိုင် တည်ဆောက်ဆောင်ရွက်ပေးရမည် ဖြစ်ပါ ကြောင်း၊ အဆိုပါ လုပ်ငန်းများကို ကမ္ဘာ့ဘဏ်၏ ချေးငွေများဖြင့် ဆောင်ရွက်လျက်ရှိသော အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း၏ ဒုတိယ အဆင့်တွင် ထည့်သွင်းလျာထားပါကြောင်း၊ လက်ရှိ ဓာတ်အားလိုင်းများမှ နှစ်မိုင်ပတ်လည် အကွာအဝေးတွင် ကျရောက်သည့် ကျေးရွာများ ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပထမအဆင့် တွင် လျာထားဆောင်ရွက်ပြီး နှစ်မိုင်မှ ငါးမိုင် အတွင်းရှိ ကျေးရွာများကို ဒုတိယအဆင့်တွင် ပါဝင်ပါကြောင်း၊ ပထမအဆင့် အကောင်အထည် ဖော် ဆောင်ရွက်ရမည့် ၁၁ ကေဗွီ ဓာတ်အားလိုင်း နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာများ ဝယ်ယူခြင်းကိစ္စရပ်များကို ကမ္ဘာ့ဘဏ်၏ စံနှုန်း သတ်မှတ်ချက်များနှင့်အညီ တင်ဒါခေါ်ယူ ဆောင်ရွက်ပြီး ယခုနှစ်အတွင်းတွင် ဝယ်ယူရေး စာချုပ်ချုပ်ဆိုမည်ဖြစ်ကာ တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်း၊ ပထမအဆင့်လုပ်ငန်းများ တည်ဆောက် ပြီးစီးသည့် အချိန်မှသာ ဒုတိယအဆင့် လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလရောက်ရှိချိန်တွင် စဥ့်အင် ကျေးရွာအတွက် လျှပ်စစ်ဓာတ်အား လိုင်းသွယ် တန်းခြင်း အစီအစဉ်ပါရှိလာမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**လျှပ်စစ်ဓာတ်အား ဝယ်ယူရန် အစီအစဉ်မရှိ**

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာခင်မောင်ဝင်း၏ **တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်အတွက် တစ်ဖက်အိမ်နီးချင်း ထိုင်းနိုင်ငံမှ လျှပ်စစ်စွမ်းအင်ဝယ်ယူ အသုံးပြုခွင့် ပေးနိုင်ခြင်း ရှိ၊ မရှိ** သိရှိလိုခြင်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်တွင် သန်းဖြိုးသူ ကုမ္ပဏီမှ ဒီဇယ်ဆီဓာတ်အားပေး စက်များဖြင့် လျှပ်စစ်မီးသုံးစွဲသူများကို ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပြီး အမြင့်ဆုံး သုံးစွဲဝန်အားမှာ ၄ ဒသမ ၅ မဂ္ဂါဝပ်ခန့်ရှိပါကြောင်း၊ ကော့သောင်းမြို့အနေဖြင့် ထိုင်းနိုင်ငံ ရနောင်းမြို့မှ လျှပ်စစ်ဓာတ်အား ဝယ်ယူသုံးစွဲမည်ဆိုပါက ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်မှုအတွက် ငွေကြေးအရင်းအနှီးနှင့် ခေတ်မီနည်းပညာများ သုံးစွဲရန်လိုအပ်မည်ဖြစ်ပြီး လက်ရှိ ကော့သောင်းမြို့နယ် ပြည်သူများအတွက် ဓာတ်အားခ ဈေးနှုန်းသက်သာစွာ သုံးစွဲနိုင်ရေး၊ ပုဂ္ဂလိကအသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံလုပ်ငန်းရှင်များမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်း တွင် ပါဝင် ဆောင်ရွက်နိုင်ရေးတို့အတွက် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကော့သောင်းမြို့ လျှပ်စစ်ဓာတ်အား ထုတ်လုပ် ဖြန့်ဖြူးရေး လုပ်ကိုင်ခွင့်ကို ဥပဒေ၊ လုပ်ထုံးလုပ် နည်းများနှင့်အညီ တင်ဒါခေါ်ယူ စီစဉ်ဆောင်ရွက် လျက်ရှိပါကြောင်းနှင့် တိုင်းဒေသကြီး အစိုးရ အနေဖြင့် လတ်တလော အခြေအနေတွင် ထိုင်းနိုင်ငံမှ လျှပ်စစ်ဓာတ်အားကို ဝယ်ယူရန် အစီအစဉ်မရှိသေးသည်ကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဖြေကြားချက်အား ကိုယ်စား ရှင်းလင်းဖြေကြားပါကြောင်း၊ ပြည်ထောင်စု ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသ၊ နယ်စပ် မြို့များအနေဖြင့် တစ်ဖက်နိုင်ငံထံမှ လျှပ်စစ် ဓာတ်အားဝယ်ယူ တင်သွင်းပြီး ဖြန့်ဖြူး သုံးစွဲခြင်းကို ခွင့်ပြုပေးနိုင်ပါကြောင်း ရှင်းလင်း ဖြေကြားသည်။

ဆက်လက်၍ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဖေတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀) မှ ဦးကျော်သန်းနှင့် ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၁)မှ ဦးအေးဗိုလ် တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်နှင့် နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းတို့က ရှင်းလင်းဖြေကြား ကြသည်။

**အရေးပေါ် အသက်ကယ်ဆယ်**

ထို့နောက် **မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း ၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာ မြသောင်းက အထက်တန်းကျောင်းများ တွင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့များ ဖွဲ့စည်း ခြင်းအားဖြင့် ကျောင်းသားများ စိတ်ပါဝင်စားပြီး ရှေးဦးသူနာပြုနည်း သင်တန်းများ တက်ရောက် ကာ ပြည်သူများ၏ အကျိုးနှင့် အရေးပေါ်အသက် ကယ်ဆယ်သည့် လုပ်ငန်းများကို ဆောင်ရွက်နိုင် မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အထက်တန်း ကျောင်း အဆင့်တွင် ကြက်ခြေနီသူနာပြုအဖွဲ့များ ဖွဲ့စည်းရန် အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေက **မြန်မာနိုင်ငံတွင် သူငယ်တန်းမှစ၍ တက္ကသိုလ်ဝင်တန်း(အထက်တန်း) အောင်မြင်ပြီး ချိန်အထိ အင်္ဂလိပ် ဘာသာကို မသင်မနေရ ဘာသာရပ်တစ်ခု အဖြစ် ပြဋ္ဌာန်း သင်ကြား ပေးနေသော်လည်း အထက်တန်းအဆင့် ပညာရေး ပြီးဆုံးချိန်တွင် ကျောင်းသား၊ ကျောင်းသူ အများစု ၏ အင်္ဂလိပ်သာဘာဖြင့် ရေးသား၊ ပြောဆို ဆက်သွယ်နိုင်စွမ်းမှာ နိမ့်ကျနေဆဲ ဖြစ်ပါသည်။ ထို့ကြောင့် အထက်တန်းပညာရေး ပြီးဆုံးချိန်မှာ အင်္ဂလိပ်ဘာသာဖြင့် အတိုင်းအတာ တစ်ခုအထိ ထိရောက်စွာ ရေးသားပြောဆို ဆက်သွယ်နိုင်ရန် အတွက် (Grade 9) အဋ္ဌမတန်းမှ စတင်၍ အင်္ဂလိပ်စာဘာသာ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားပုံနည်းစနစ်များ၊ အကဲဖြတ် စနစ်(စာမေးပွဲ)ကို ခေတ်နှင့်လျော်ညီစွာ စွမ်းရည် လေးမျိုး(4 skills- reading, writing, speaking, listening) ပါဝင်သော စနစ်သို့ ပြုပြင်ပြောင်းလဲသင်ကြားရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးနိုင်သီဟ က ထောက်ခံ ဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းအဆိုကို လက်ခံ ဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က လက်ခံ ဆွေးနွေးရန် သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည် စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၅ ရက်တွင် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်**

> **“အထက်တန်းပညာရေး ပြီးဆုံးချိန်မှာ အင်္ဂလိပ်ဘာသာဖြင့် အတိုင်းအတာတစ်ခုအထိ ထိရောက်စွာ ရေးသားပြောဆို ဆက်သွယ်နိုင်ရန် အတွက် (Grade 9) အဋ္ဌမတန်းမှ စတင်၍ အင်္ဂလိပ်စာဘာသာ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားပုံနည်းစနစ်များ၊ အကဲဖြတ် စနစ်(စာမေးပွဲ)ကို ခေတ်နှင့် လျော်ညီစွာ စွမ်းရည်လေးမျိုး (4 skills- reading, writing, speaking, listening) ပါဝင်သောစနစ်သို့ ပြုပြင်ပြောင်းလဲသင်ကြားရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်း”**

---

*စာမျက်နှာ ၆ မှ*

လွတ်လပ်ပြီး သီးခြားရပ်တည်နိုင်သည့် အဖွဲ့ အစည်းဖြစ်ရမည်ဖြစ်ပြီး တာဝန်ယူမှု၊ တာဝန် ခံမှု အပြည့်အဝရှိရမည် ဖြစ်ပါကြောင်း၊ Third Party အဖွဲ့အစည်းများ မှန်ကန်စွာ မဆောင် ရွက်ခဲ့လျှင် ထိန်းကျောင်းတည့်မတ် အရေးယူ ခွင့်ရှိသည့် Building Control Authority အဖွဲ့အစည်းသည် အမှီအခိုနှင့် ပတ်သက်မှု ကင်း ရှင်းပြီး လုပ်ပိုင်ခွင့် အပြည့်အဝရှိသည့် အဖွဲ့အစည်း ဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ထို့နောက် ဖားဆောင်း မဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ၊ ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုး အောင်၊ ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်၊ သီပေါ မဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်၊ လေးမျက်နှာ မဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း၊ ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်၊ ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအုန်းလွင်၊ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၊ သနပ်ပင် မဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ၊ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး၊ တံတားဦး မဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး၊ ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်းနှင့် ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုး ဇေယျာသော်တို့ ပါဝင်ဆွေးနွေးကြသည်။

**ကန်ထရိုက်တာများထံ ချပြသင့်**

အဆိုနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက Third Party စနစ်မှန်ကန် စွာ ကျင့်သုံးနိုင်ရန် ဝန်ကြီးဌာနများ အနေဖြင့် စနစ်အနည်းငယ် ပြောင်းလဲကြရမည် ဖြစ်ပါ ကြောင်း၊ ဘတ်ဂျက်ရေးဆွဲရာတွင် Consultant များ ငှားရမ်း ဆောင်ရွက်ပြီးမှသာ မည်သည့် နည်းစနစ်ဖြင့် ဆောင်ရွက်မည်၊ ခန့်မှန်း ခြေမည်မျှ ကုန်ကျမည် စသည်တို့ကို ကန်ထရိုက် တာများထံ ချပြသင့်ပါကြောင်း၊ Third Party စနစ်ဖြင့် စစ်ဆေးရာတွင် ဒီဇိုင်း၊ လျှပ်စစ်နှင့် ရေ၊ ဘူမိနည်းပညာ၊ စက်မှုဆိုင်ရာများနှင့် မီးဘေး ကာကွယ်ရေးဆိုင်ရာ ကျွမ်းကျင်သူများ ပါဝင် ကြရန် လိုအပ်ပါကြောင်း၊ စစ်ဆေးသူပညာ ရှင်များသည် စစ်ဆေးမည့် စီမံကိန်းကို ဒီဇိုင်း ပြုလုပ်ထားသည့် ဗိသုကာ အင်ဂျင်နီယာအဖွဲ့ အစည်းများ၊ ကန်ထရိုက်တာ အဖွဲ့အစည်းများ တွင် ပါဝင်၍မရပါကြောင်း၊ သက်ဆိုင်ရာ အင်ဂျင်နီ ယာဝန်ထမ်းများနှင့်လည်း ဆက်သွယ်၍ မရပါ ကြောင်း၊ စစ်ဆေးသူပညာရှင်များသည် သက်ဆိုင် ရာကဏ္ဍများတွင် Professional ဖြစ်ရန် လိုအပ်ပါကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၏ အရည်အသွေးများကို စမ်းသပ် နိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီး ဌာနရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးများ တွင် Mini - Lab များ တည်ထောင်ထားပါ ကြောင်း၊ Third Party များအနေဖြင့် အဆိုပါ ဓာတ်ခွဲခန်းများကို အသုံးပြုနိုင်ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများကို မြန်မာ့စံချိန်စံညွှန်းများ သတ်မှတ်နိုင်ရေး ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း၊ Third Party Inspection Programme တွင် ပါဝင်သည့် အဖွဲ့အစည်းများ၏ တာဝန်များကို သတ်မှတ်ပေး ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သီးခြားပြဋ္ဌာန်း ပေးရန်လည်း လိုအပ်ပါကြောင်း၊ Third Party Inspection Programme ကို အကောင် အထည်ဖော်မည့် အဖွဲ့အစည်း၊ လိုက်နာကျင့် သုံးရမည့် စည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန် လက်စွဲစာအုပ်များနှင့် Third Party Inspection Programme ဖြင့် စစ်ဆေးရာတွင် ကုန်ကျမည့် အခကြေးငွေများကို ပြုစုရေးဆွဲ သတ်မှတ်ရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ Third Party စနစ်ကို မှန်ကန်စွာ ကျင့်သုံး အကောင် အထည်ဖော်နိုင်မည်ဆိုပါက တည်ဆောက်ရေး လုပ်ငန်းများ ကုန်ကျစရိတ်မှန်ကန်စွာဖြင့် အရည် အသွေးစံချိန်စံညွှန်းမီသည့် Public Safety ရှိသည့် အဆောက်အအုံများ ပေါ်ပေါက်လာမည် ဖြစ်ပါကြောင်း။

**စံချိန်စံညွှန်းမီ ဖြစ်စေရန်**

Third Party စနစ်ဖြင့် ဆောင်ရွက်နိုင်ရန် လိုအပ်သည်များကို ဆောက်လုပ်ရေး ဝန်ကြီးဌာန အနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် ဌာနကို သုံးနှစ်အတွင်း Regulatory Body ဖြစ်ရန် ပြောင်းလဲဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပြောင်းလဲစဉ်ကာလ တည်ဆောက် ရေးလုပ်ငန်းများကိုလည်း Third Party စနစ် ဖြင့် အစစ်ဆေးခံသွားမည် ဖြစ်ပါကြောင်း၊ ဌာန သည် Regulatory Body အနေဖြင့် ဆောင် ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကန်ထရိုက်လုပ်ငန်း များကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ကန်ထရိုက်တာများ ဆောင်ရွက်နိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ တည်ဆောက်ရေး လုပ်ငန်းအားလုံး ကို အရည်အသွေးမီ စံချိန်စံညွှန်းမီ ဖြစ်စေရန် Third Party စနစ် ကျင့်သုံး၍ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက် သွားမည် ဖြစ်ပါကြောင်းနှင့် အဆိုကို ထောက်ခံပါကြောင်း ပြန်လည်ရှင်းလင်းသည်။

**အဆိုကို အတည်ပြု**

ယင်းနောက် အဆိုရှင် ဒေါ်ယဉ်မင်းလှိုင်က အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်က အတည်ပြု ပေးနိုင်ရန် တင်ပြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လွှတ်တော်၏ သဘောထားဆန္ဒ ရယူပြီး အဆိုကို အတည်ပြုကြောင်းကြေညာ သည်။

**သတင်းစဉ်**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကလောတပ်နယ် စစ်ဦးစီးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများအား တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကလောတပ်နယ်ရှိ စစ်ဦးစီးတက္ကသိုလ်မှ သင်တန်းသား အရာရှိကြီးများကို တွေ့ဆုံအမှာစကားပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်၏ တာဝန်၊ ကာကွယ်ရေးတာဝန်ထမ်းဆောင်မှု၊ တပ်မတော်ကို အင်အားခိုင်မာအောင်တည်ဆောက်ရာတွင် စည်းလုံးညီညွတ်ရေးသည် အရေးပါမှု၊ ရခိုင်ပြည်နယ်အရေးကိစ္စ၊ ပြည်တွင်းငြိမ်းချမ်းရေးတို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် သင်တန်းသားစားရိပ်သာ၌ သင်တန်းသားများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အောင်ပန်းတပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကလောတပ်နယ်ရှိ စစ်ဦးစီးတက္ကသိုလ်မှ သင်တန်းသား အရာရှိကြီးများကို တွေ့ဆုံမှာကြားစဉ်။** သတင်းစဉ်

# စတုတ္ထအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဗဟိုအဆင့်အစည်းအဝေး




**နေပြည်တော် နိုဝင်ဘာ ၁၄**

စတုတ္ထအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဗဟိုအဆင့် အစည်းအဝေးကို နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် သင်္ဂဟဟိုတယ် Grand Ballroom II ၌ကျင်းပရာ(**အပေါ်ပုံ**) မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲဦးစီးအရာရှိချုပ်၊ ရဲမှူးချုပ် မျိုးဆွေဝင်း နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အဆင့်မြင့် အရာရှိကြီးများ၊ နိုင်ငံခြားရေးဝန်ကြီး ဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ် ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ နယ်ခြား စောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် Mr. Abul Hossain, ndc, psc, P Eng၊ ဝန်ကြီးချုပ်ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီး ဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်သည်။

အစည်းအဝေးတွင် တတိယအကြိမ် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့တို့၏ နယ်စပ်ဆိုင်ရာ အစည်းအဝေး သဘောတူညီချက်များ မှ ဆောင်ရွက်ရန်အချက်များ၊ နယ်စပ် ဒေသ၌ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံမှုရှိစေရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့် အကောင် အထည်ဖော်ရန်များ၊ နယ်စပ်ဒေသတွင် တာဝန်ထမ်းဆောင်သော တပ်ရင်းမှူး အဆင့်၊ ကွပ်ကဲရေးမှူးအဆင့် ပုံမှန် အလံတင် အစည်းအဝေးများ ကျင်းပ ပြုလုပ်၍ ဆွေးနွေးညှိနှိုင်းရေး၊ အချိန် နှင့်တစ်ပြေးညီ သတင်းဖလှယ်ခြင်းနှင့် အပြန်အလှန်ဆက်သွယ်မှုများ အလေး ထား ဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်စပ် တစ်လျှောက် ဟန်ချက်ညီပူးပေါင်း ကင်းလှည့်ခြင်းကို စဉ်ဆက်မပြတ် ပြုလုပ်ရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ အကြမ်း ဖက်မှု၊ မူးယစ်ဆေးဝါးမှု၊ လူကုန်ကူးမှု များ တားဆီးနှိမ်နင်းရေးတွင် ထိရောက် မှုရှိသည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဖော်ဆောင်နိုင်ရေး၊ တရားမဝင် ငါးခိုးဖမ်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ARSA အကြမ်းဖက်အဖွဲ့မှ အကြမ်း ဖက်သမားများ ဖမ်းဆီးခြင်းနှင့် လွှဲပြောင်း၊ လက်ခံခြင်းဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေး၊ တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်မှုများကို ထိရောက်စွာထိန်းချုပ်နိုင်ရေး၊ နယ်စပ် ဆက်ဆံရေးရုံး (BLO) အပြန်အလှန် ဖွင့်လှစ်ထူထောင်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

ထို့ပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် အောင်ဝင်းဦးအား ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့် တပ်ဖွဲ့ ညွှန်ကြားရေးမှူး ချုပ် Mr. Abul Hossain, ndc, psc, P Eng ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့က သီးခြားတွေ့ဆုံနှုတ်ဆက်ခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်က သင်္ဂဟ ဟိုတယ်၊ Grand Ballroom II တွင် ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




**မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံတာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

◆ *ကျော်ဖုံးမှ*

ယခုထက် ပိုမို မြှင့်တင်ဆောင်ရွက်ရေး ကိစ္စရပ်များကို ဖြည့်စွက်တင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်ပြီး ဒုတိယသမ္မတက အမျိုးသား အထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) အတွင်း အလားတူ ရေနစ်မြုပ်မှုကို ကာကွယ်နိုင်ရန်နှင့် ပျက်စီးဆုံးရှုံးမှု လျော့နည်းအောင် နည်းလမ်းများရှာဖွေ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ရေဆင်းဆည်နန်းပို့ချမှု အခြေအနေ အား ကွင်းဆင်းတိုင်းတာစစ်ဆေးရန် လိုအပ်ပါကြောင်း၊ ရေရှည်တည်တံ့ရန်နှင့် လုံခြုံစိတ်ချရန်အတွက် မျှော်မှန်းပြီး ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန် လိုကြောင်း၊ ပြောင်းလဲနေသည့် သဘာဝ ရာသီဥတုအခြေအနေနှင့် အနီးပတ်ဝန်း ကျင်ကျေးရွာများ၏ အကျိုးသက်ရောက် မှုကို လေ့လာဆန်းစစ်ပြီး ပြန်လည် စဉ်းစားရန်လိုကြောင်း၊ အမျိုးသား အထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) တည်ဆောက်ပြသခြင်း၏ မူလရည်ရွယ် ချက်အပြင် လူများကို ဆွဲဆောင်နိုင်သည့် အပန်းဖြေလေ့လာစရာ နေရာတစ်ခုဖြစ် အောင် ဆောင်ရွက်ကြရန် လိုကြောင်း၊ ပြည်တွင်း ပြည်ပ ခရီးသွားများအတွက် ဆွဲဆောင်မှုရှိသည့် နေရာတစ်ခုဖြစ်ပါက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုကို အထောက် အပံ့ပြုမည်ဖြစ်ပါကြောင်း၊ အမျိုးသား အထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) ၌ ရှားပါးလာပြီဖြစ်သည့် ဆလုံလူမျိုး၊ ထရုံလူမျိုးတို့၏ ပြခန်းများကိုလည်း စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြသသင့် ကြောင်း၊ ၎င်းတို့၏ ရိုးရာ၊ ဓလေ့၊ နေထိုင် မှုပုံစံများကို မှတ်တမ်းရုပ်ရှင်များ ရိုက်ကူး၍ ပြသသင့်ကြောင်းနှင့် အမျိုးသားအထိမ်းအမှတ် ဥယျာဉ် (နေပြည်တော်)အတွင်း သဘာဝဘေး ကြောင့် ပျက်စီးမှုများကို ပြန်လည်ပြုပြင် ဆောင်ရွက်ရမည့်လုပ်ငန်း၊ မူလရည်ရွယ် ထားသည့်အတိုင်း ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်း များနှင့် ထပ်မံတိုးချဲ့ဆောင်ရွက်သင့် သည့်လုပ်ငန်းများကို ပြုစုတင်ပြရန် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ သည် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)အတွင်း ပြသထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြသထားသောပြကွက်များ၊ အမျိုးသား အထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)ရှိ တနင်္သာရီတိုင်းဒေသကြီး ပြကွက်ရေနစ် မြုပ်မှုအခြေအနေနှင့် နေပြည်တော်ပုံစံ ငယ်ပြခန်းတို့အား လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

အမျိုးသားအထိမ်းအမှတ် ဥယျာဉ် (နေပြည်တော်)ကို ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၀ပြည့်နှစ် ဖေဖော်ဝါရီ ၁၁ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ တည်နေရာမှာ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာ သီရိမြို့နယ် ရန်ကုန်-မန္တလေး လမ်းဟောင်း မိုင်တိုင်အမှတ်(၂၅၇/၂) အရှေ့ဘက် ၁ မိုင်ခန့်အကွာတွင် တည်ရှိ ပြီး စုစုပေါင်း ဧက ၄၀၀ ကျယ်ဝန်းသည်။ တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖြစ်တည်လာပုံ သမိုင်းအဆင့်ဆင့်ကို အကျဉ်းချုပ်သိရှိနိုင်ရန်၊ တိုင်းရင်းသား လူမျိုးများ၏ နေထိုင်ပုံ၊ အစားအစာ၊ အလုပ်အကိုင်၊ ယဉ်ကျေးမှုဓလေ့ထုံးစံ များကို အနီးကပ်လေ့လာကြည့်ရှုနိုင်ပြီး မျိုးချစ်စိတ် ရှင်သန်ထက်မြက်စေရန်၊ မြန်မာနိုင်ငံတစ်ဝန်းရှိ ယဉ်ကျေးမှုအမွေ အနှစ်များ၊ အဆောက်အအုံများ၊ ဖွံ့ဖြိုး တိုးတက်မှုနှင့် သယံဇာတအရင်းအမြစ် များ၊ သဘာဝအလှရှုခင်းများကို တစ်နေရာတည်းတွင် တစည်းတဝေး တည်း လေ့လာကြည့်ရှုနိုင်သဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက် ပျက်အောင် ထိန်းသိမ်းစောင့်ရှောက် နိုင်ရန်နှင့် လာရောက်လေ့လာသော ဧည့်သည်အမျိုးမျိုးအတွက် ပညာ လည်းရ၊ အပန်းလည်းပြေနိုင်ပြီး အေးချမ်းစွာကစား အပန်းဖြေခြင်း၊ Passive Recreation နှင့် Active Recretion များ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အာရှဖလားခြေစစ်ပွဲတွင် မြန်မာအသင်း အဝေးကွင်း၌ အိန္ဒိယနှင့် နှစ်ဂိုးစီသရေကျ

**ဂိုအာ(အိန္ဒိယ) နိုဝင်ဘာ ၁၄**

၂၀၁၉ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စု (က) ပွဲစဉ် (၅) အဖြစ် အိန္ဒိယအသင်းနှင့် မြန်မာအသင်းတို့ ယနေ့ မြန်မာ စံတော်ချိန် ည ၉ နာရီက အိန္ဒိယနိုင်ငံ ဂိုအာမြို့၌ယှဉ်ပြိုင် ကစားရာ နှစ်ဂိုးစီသရေကျခဲ့သည်။

အုပ်စု (က) တွင် ခြေစစ်ပွဲအောင်မြင်ရန် အပြိုင်ဖြစ်နေသည့် နှစ်သင်းအနက် ကာဂျစ္စတန်အသင်းက အနိုင်ရခဲ့သောကြောင့် သရေရလဒ်သာရယူနိုင်ခဲ့သည့် မြန်မာအသင်းသည် လက်ကျန် နှစ်ပွဲစလုံး အနိုင်ကစားရတော့မည်ဖြစ်ပြီး ကာဂျစ္စတန်အသင်း နှင့် ဒုတိယအကျော့ပွဲတွင် မဖြစ်မနေ အနိုင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် ပွဲအစ ၁၃ စက္ကန့်မှာပင် တောင်ပံ ကစားသမား ရန်နိုင်ဦးက သိန်းသန်းဝင်း ဖြတ်တင်ပေးသော ဘောလုံးကို ခေါင်းတိုက်သွင်းကာ အဖွင့်ဂိုးရယူပေးခဲ့သည်။ အိန္ဒိယအသင်းမှာလည်း အိမ်ကွင်းတွင် ချေပဂိုးပြန်လည်ရရန် ကြိုးပမ်းခဲ့ပြီး ၁၂ မိနစ်တွင် မြန်မာကွင်းလယ်လူ လှိုင်းဘိုဘို ဖျက်ထုတ်ပုံကြမ်းခဲ့သောကြောင့် ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး အသင်းခေါင်းဆောင် ချီသရီက ကန်သွင်းယူခဲ့သည်။ ဂိုးပြန် ပေးလိုက်ရသော်လည်းမြန်မာအသင်း ကစားကွက်ပျက်မသွားဘဲ ၁၈ မိနစ်တွင် ကျော်ကိုကိုက အဝေးကန်ချက်ဖြင့် ဒုတိယဂိုးရယူ ပေးခဲ့သည်။

ဒုတိယပိုင်းတွင် မြန်မာနောက်ခံလူများ၏ လူကပ်ကစားပုံ အားနည်းမှုမှတစ်ဆင့် ၆၉ မိနစ်တွင် အိန္ဒိယကဒုတိယ ချေပဂိုး ပြန်ရခဲ့ပြီး ဂျီဂျီက သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်း နှစ်သင်းစလုံး ဂိုးထပ်ရရန် ကြိုးပမ်းသော်လည်း သရေဖြင့်သာ ကျေနပ်ခဲ့သည်။

အုပ်စု (က) အခြားပွဲတွင် ကာဂျစ္စတန်အသင်းက မကာအို အသင်းကို အဝေးကွင်း၌ လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် အုပ်စု (က) ၌ အိန္ဒိယအသင်းက ငါးပွဲကစား ၁၃ မှတ်၊ ကာဂျစ္စတန်အသင်းက လေးပွဲကစား ခုနစ်မှတ်၊ မြန်မာ အသင်းက လေးပွဲကစား ငါးမှတ်ရထားပြီး မကာအိုအသင်းက ငါးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ **သတင်း-ရဲရင့်ရှိုင်း**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မေယုတောင်ကျော်လမ်း ဖောက်လုပ်နေမှု ကြည့်ရှု



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မေယုတောင်ကျော်လမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစဉ်။ သတင်းစဉ်



**နေပြည်တော် နိုဝင်ဘာ ၁၄**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်ထူထောင်ရေး ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)၏ လုပ်ငန်းစဉ်များနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သော မီဒီယာအဖွဲ့သည် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မောင်တော - အင်ူမော် လမ်းတစ်လျှောက်ရှိ ခြွေလှေ့ ရိတ်သိမ်းစက်ကြီးများဖြင့် စပါးရိတ်သိမ်းနေမှု၊ ကျောက်ပန္နူကျေးရွာ နေအိမ်များ တည်ဆောက်နေမှုနှင့် မေယုတောင်ကျော်လမ်း ဖောက်လုပ်မှုတို့အား ကြည့်ရှုသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် မြင်းလွတ်မြို့နယ်ခွဲ မောင်တော-အင်ူမော် လမ်းနံဘေး၌ ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် စက်မှုလယ်ယာဦးစီးဌာနမှ ခြွေလှေ့ရိတ်သိမ်းစက်ကြီးများဖြင့် ရင့်မှည့်စပါးခင်းများကို စနစ်တကျ ရိတ်သိမ်းပေးနေမှုအား ကြည့်ရှုသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ကျောက်ပန္နူကျေးရွာသို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက ကျေးရွာအား နယ်စပ်ရေးရာဝန်ကြီးဌာနမှ ၁၉၉၃ ခုနှစ်တွင် ဒေသခံတိုင်းရင်းသားများအတွက် တန်းဖိုးနည်းအိမ်ရာအဖြစ် နေအိမ်အလုံး ၇၀ တည်ဆောက်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ခွင့်ပြုရန်ပုံငွေကျပ် သန်း ၆၅၀ ဖြင့် နေအိမ်အလုံး ၁၀၀ ကို ထပ်မံတည်ဆောက်လျက်ရှိပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းအနေဖြင့် ပန္နက်ရိုက်ခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်း ပြီးစီး၍ အမိုးအကာ တပ်ဆင်ပြီးသည့် နေအိမ် ၂၃ လုံးရှိကာ ကျန်ရှိသည့် နေအိမ်များ ဆက်လက်တည်ဆောက်ရန် လိုအပ်သည့် ပစ္စည်းများကို စုဆောင်းထားပါကြောင်း၊ ကျေးရွာ၌ ရေဂါလန် ၁၂၀၀ ဆံ့ ကန် ငါးကန်၊ ကျေးလက်ကျန်းမာရေးဌာန၊ အားကစားကွင်း၊ ဈေး၊ ရဲကင်းစခန်းနှင့် Mini Grid Solar System စက်ရုံတို့ ပါဝင်ကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

**လမ်းဖောက်နေမှု ကြည့်ရှု**

ထို့နောက် လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့ ၁၇ မှ တာဝန်ယူစတင် ဖောက်လုပ်လျက်ရှိသည့် ကျောက်ပန္နူ-အင်းဒင်-စေတီပြင်တောင်ကျော်လမ်း (မေယုတောင်ကျော်လမ်း) စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး စက်ယန္တရားကြီးများဖြင့် လမ်းဖောက်နေမှုကို ကြည့်ရှုသည်။

လမ်းဦးစီးဌာနအနေဖြင့် မေယုတောင်ကျော်လမ်းကြောင်း လေးခု ဖောက်လုပ်လျက်ရှိရာ ကြိမ်ချောင်း-ဂုပ္ပိတောင်ကျော်လမ်း ရှစ်မိုင်နှင့် ကျောက်ပန္နူ-အင်းဒင်-စေတီပြင်တောင်ကျော်လမ်း ၁၄ မိုင်တို့အား အရေးပေါ် ရန်ပုံငွေဖြင့် ၂၀၁၈ ခုနှစ် မတ်လတွင် အမာခံကျောက်ချောလမ်းအဖြစ် ဖောက်လုပ်သွားမည်ဖြစ်ပြီး သက်ပိုင်ညာ-ပဒကားလမ်း၊ ဥဒေါင်း - ညောင်ချောင်းလမ်းတို့အား လာမည့် ဘဏ္ဍာနှစ်တွင် ဆက်လက်ဖောက်လုပ်သွားရန် လျာထားသည်။

ယင်းနောက် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်က ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်ခြင်းခံခဲ့ရသည့် ရသေ့တောင်မြို့နယ် ကိုးတန်ကောက် နယ်ခြားစောင့် ရဲတပ်ဖွဲ့စခန်းအား သွားရောက်ကြည့်ရှုပြီး အင်ူမော်မှတစ်ဆင့် အမြန်ရေယာဉ်ဖြင့် စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိသည်။

**ကြည့်ရှုစစ်ဆေး**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် စစ်တွေမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့် စက်ရုံ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ရုံးတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် မီဒီယာအဖွဲ့သည် စစ်တွေမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)၌ ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

---

# မြေသားများ ဖုံးအုပ်ထားသည့် လှူလုပ်လိုဏ်ဂူတစ်ခု တွေ့ရှိ

မြေသားများ ဖုံးအုပ်ထားသည့် လှူလုပ်လိုဏ်ဂူပုံ





**နေပြည်တော် နိုဝင်ဘာ ၁၄**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျောက်ပန္နူနှင့် စေတီကျေးရွာများအနီး၌ အစွန်းရောက် အကြမ်းဖက်သမားများ ပြုလုပ်ထားသည်ဟု ယူဆရသည့် လှူလုပ်လိုဏ်ဂူတစ်ခုကို နိုဝင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိခဲ့သည်။

**ရှာဖွေတွေ့ရှိ**

မောင်တောမြို့နယ် ကျောက်ပန္နူကျေးရွာအနီး လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်စဉ် ကျောက်ပန္နူကျေးရွာအနီး သက်တမ်း တစ်နှစ်ခန့်ရှိ အလျား သုံးပေခွဲ၊ အနံ နှစ်ပေရှိ သစ်သားပေါင်များဖြင့် ပြုလုပ်ထားသော မြေအောက်ကျင်း တံခါးအား တွေ့ရှိသဖြင့် ဝင်ရောက်ရှင်းလင်းရာ အလျား ၁၅ ပေ၊ အနံ ငါးပေ၊ အမြင့် ငါးပေခွဲရှိ လိုဏ်ဂူအား အမိုးပေါ်တွင် ခြောက်လက်မပတ်လည် သစ်သားမျောတုံးများဖြင့် ကာရံထားသည့် မြေအောက် လှူလုပ်လိုဏ်ဂူတစ်ခုကို ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါ လိုဏ်ဂူတွေ့ရှိခဲ့သည့် ကျေးရွာအနီးတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ထပ်မံ အသေးစိတ် စစ်ဆေးရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




မြေသားများ ဖုံးအုပ်ထားသည့် လှူလုပ်လိုဏ်ဂူတစ်ခု တွေ့ရှိသည့် နေရာပြမြေပုံ

❒ ကျောဖုံးမှ

ထောက်ပံ့ပေးရေးလုပ်ငန်းစဉ်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင် ကြီးကြပ်ခြင်းဖြစ်ပြီး ပထမဆုံးအသုတ်အနေဖြင့် နိုင်ငံတစ်ဝန်းမှ စေတနာ့ဝန်ထမ်း လူငယ် ၄၀ နှင့် ဒေသခံ စေတနာ့ဝန်ထမ်း ၃၅ ဦး စုစုပေါင်း ၇၅ ဦးဖြင့် ဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၁၃ ရက်တွင် မောင်တောဒေသအတွင်းရှိ ဝေသာလီကျေးရွာ၊ ခြံပြင်ကျေးရွာနှင့် ကံပြင်သာစည်ကျေးရွာတို့၌ စေတနာ့ဝန်ထမ်းလူငယ် ၃၇ ဦးအား လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုး ဦးဆောင်ကာ အုပ်စုခွဲ ဆောင်ရွက်ခဲ့သည်။

**စာရင်းဇယားကောက်ယူ**

အလားတူ မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်တွင်လည်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းထွဋ်ဆွေ ဦးဆောင်ကာ စေတနာ့လူငယ်ဝန်ထမ်း ၃၈ ဦးဖြင့် အင်ကြင်းမြိုင်၊ ဝါးခုတ်ချောင်၊ စံညွှင်းဝေ(တိုင်းရင်းသား)ကျေးရွာ၊ စံညွှင်းဝေ(ခမီ)ကျေးရွာ၊ ကမ်းပိုင်ချောင်းကျေးရွာနှင့် ခမွေချောင်းကျေးရွာများရှိ ပြည်သူများအား အဖွဲ့ခွဲကာ အခြေခံစားသောက်ကုန်စည်များ ကူညီထောက်ပံ့ပေးမှုများနှင့်အတူ စာရင်းဇယားကောက်ယူမှုလုပ်ငန်းများပါ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဒီလုပ်ငန်းကို ဆောင်ရွက်ဖို့အတွက် တစ်နိုင်ငံလုံးမှာရှိတဲ့ စေတနာ့ဝန်ထမ်းလူငယ်တွေက သူတို့ရဲ့ ပထမဆုံး ပင်ကိုစိတ်ရင်းခံနဲ့ ဆောင်ရွက်လိုတယ်ဆိုပြီးတော့ ဆန္ဒပြုလာကြတယ်၊ အဲဒါကြောင့် ပြည်ထောင်စုဝန်ကြီးကနေ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံ တင်ပြပြီး ဒီလုပ်ငန်းကို စတင်ဖို့ဖြစ်ခဲ့တာပါ၊ ဒီဒေသမှာ အကြမ်းဖက်မှုကြောင့် ဘေးဒုက္ခရောက်နေတဲ့ ပြည်သူတွေကို စေတနာ့ဝန်ထမ်း လူငယ်တွေက လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေ လာရောက်ပေးအပ်တာဖြစ်ပါတယ်။



စေတနာ့ဝန်ထမ်း လူငယ်များအဖွဲ့ မောင်တောဒေသခံကျေးရွာမိသားစုဝင်များအား စာရင်းဇယားများ ကောက်ခံနေစဉ်။

"ကူညီထောက်ပံ့တဲ့ အပိုင်းကတော့ ကျေးရွာတွေမှာ လိုအပ်တဲ့ အခြေခံစားသောက်ကုန်တွေနဲ့ စာရင်းဇယားကောက်ယူမှု အပိုင်းပါတွဲပြီး ဆောင်ရွက်တာဖြစ်ပါတယ်၊ စာရင်းကောက်ယူတယ် ဆိုတာကလည်း ကျေးရွာတွေမှာ လတ်တလော လိုအပ်ချက်တွေကို သိရှိရုံလောက်ပါပဲ"ဟု လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးက ပြောသည်။

**ကူညီထောက်ပံ့ပေးလျက်ရှိ**

စေတနာ့ဝန်ထမ်းလူငယ်များအဖွဲ့မှ ပြည်သူများသို့ ကူညီထောက်ပံ့ပေးသော အခြေခံ စားသောက်ကုန်များမှာ ခုနစ်ဦး မိသားစုဝင်ရှိ အိမ်ထောင်စုတစ်စုလျှင် ဆန် ၃၂ ပြည်၊ ဆီ နှစ်ပိဿာ၊ အာလူး ခြောက်ပိဿာ၊ ကြက်သွန် တစ်ပိဿာ၊ ပဲနှစ်ပြည်၊ ငါးသေတ္တာ ၂၅ ဘူး၊ အိုင်အိုဒင်းဆားတစ်ထုပ်နှင့် ခြောက်လမှ နှစ်နှစ်အတွင်းရှိ ကလေးရှိသော မိသားစုဝင်များတွင် နို့မှုန့် တစ်ထုပ်စီနှုန်း သတ်မှတ်ပေးထားကြောင်းနှင့် မိသားစုဝင် ခုနစ်ဦးထက်ကျော်သည့် မိသားစုဝင်များအား ယင်းပစ္စည်းအရေအတွက် နှစ်ဆနှုန်း သတ်မှတ်ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

စေတနာ့ဝန်ထမ်းလူငယ်များအဖွဲ့သည် မောင်တောဒေသ၌ နိုဝင်ဘာ ၁၃ ရက်မှ ၂၀ ရက်အထိ ယင်းလုပ်ငန်းစဉ်များကို ရှစ်ရက် လုပ်ဆောင်သွားမည်ဖြစ်ပြီး တစ်ရက်လျှင် ကျေးရွာ ငါးရွာနှုန်းဖြင့် ကျေးရွာပေါင်း ၄၀ ဝန်းကျင်ကို ကူညီထောက်ပံ့ပေးမည့် လုပ်ငန်းစဉ်များနှင့်အတူ စာရင်းဇယားများပါ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့၊ ဓာတ်ပုံ- မင်းထက်**

# စက်မှုလယ်ယာဦးစီးဌာနမှ ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၄**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှု ဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူ၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွှတ်၊ ကျီးကန်းပြင်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့ စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၁၃ ရက်အထိ စုစုပေါင်း ၁၇၂၉ ဧက ကို ရိတ်သိမ်းပြီးဖြစ်သည်။ **(ယာပုံ)**

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဂနက်၊ ကြို့တေး၊ ကံ့ကော်ကျွန်း၊ မင်းဂံကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၁၃ ရက်အထိ စုစုပေါင်း ၁၂၁ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလှ၊ ဆင်ရိုးရှည်၊ မြက်ရိတ်ကျွန်းကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ၁၃ ရက်အထိ စုစုပေါင်း ၇၃ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

မင်းပြားမြို့နယ်အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်သိုက်ကျေးရွာများနှင့် ဦးစိုးတင့်ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ၁၃ ရက်အထိ စုစုပေါင်း ၃၃ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်တော်မြို့နယ်အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၁၃ ရက်အထိ စုစုပေါင်း ၂၇ ဧက ရိတ်သိမ်းပြီး ဖြစ်သည်။

ရသေ့တောင်မြို့နယ်အတွင်းရှိ ချိန်ခါလိန်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၁၃ ရက်အထိ စုစုပေါင်း ၄၆ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ဘူးသီးတောင်မြို့နယ်အတွင်းရှိ သပြုချောင်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ စုစုပေါင်းဧက ၇၀ ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





မောင်တောဒေသ၌ မိုးစပါးများ ရိတ်သိမ်းနေသည်ကို တွေ့ရစဉ်

❋ ရှေ့ဖုံးမှ

မြင်းလွှတ်ကျေးရွာမှ ၄၅ ဧကတို့အား ရိတ်သိမ်းနိုင်ခဲ့ပြီး စပါးတင်းပေါင်း ၆၅၆၂၈ တင်း ထွက်ရှိခဲ့သည်။

၃။ ရိတ်သိမ်းခြွေလှေ့ပြီး ထွက်ရှိလာသော မိုးစပါးများကို ရောင်းချ၍ ရရှိလာသည့်ငွေများကိုဘဏ်တွင် အကောင့်တစ်ခုဖွင့်လှစ်၍ နိုင်ငံတော်မှထိန်းသိမ်းထားရှိမည်ဖြစ်ပြီး ရရှိလာသည့် ငွေကြေးများကို မောင်တောဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ပြန်လည်အသုံးချသွားမည် မဟုတ်ဘဲ နေရပ်စွန့်ခွာသူ လယ်ပိုင်ရှင်များ ပြန်လည်ရောက်ရှိလာချိန်တွင် ပြန်လည်ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်သည်။ ကျန်ရှိနေသည့် မိုးစပါးစိုက်ဧက ၂၈၇၅ ဒသမ ၆၉ ဧကကို အမြန်ဆုံးရိတ်သိမ်းခြွေလှေ့နိုင်ရန် ရိတ်သိမ်းခြွေလှေ့စက် ၂၅ စီး ထပ်မံဖြည့်တင်း၍ စုစုပေါင်း ရိတ်သိမ်းခြွေလှေ့စက် ၆၉ စီးဖြင့် အချိန်မီဆက်လက်ရိတ်သိမ်းရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ရိတ်သိမ်းပြီး စပါးများကို သိုလှောင်ထိန်းသိမ်းရာတွင် အခက်အခဲများရှိနေသဖြင့် ဒေသန္တရဈေးကွက် ပေါက်ဈေးဖြင့် ရောင်းချပြီး စပါးရောင်းရငွေများကို ထိန်းသိမ်းထားရှိရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်းလည်း သိရှိရသည်။

၄။ သို့ပါ၍ မောင်တောဒေသအတွင်း ပိုင်ရှင်မဲ့စပါးများ ရိတ်သိမ်း၊ ရောင်းချပြီး နိုင်ငံတော်ဘတ်ဂျက်သို့ ထည့်သွင်းမည်ဆိုသည့် သတင်းဖော်ပြချက်မှာ မှန်ကန်မှုမရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

# မောင်တောမြို့နယ်၌ တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၄**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ကျေးရွာရှိ နွားသုံးကောင်၊ ဆိတ်သုံးကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ကျေးရွာရှိ နွားနှစ်ကောင်၊ ဆိတ်သုံးကောင်၊ ငါးခူရပတ်ဝန်းကျင် ကျေးရွာတို့ရှိ နွားသုံးကောင်၊ ဆိတ်သုံးကောင်တို့အား ကာကွယ် ကုသဆေးများ ထိုးနှံပေးပြီး စုစုပေါင်းစခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားရှစ်ကောင်အား ကာကွယ် ကုသပေးခြင်း၊ ဆိတ်ကိုးကောင်အား ဆေးကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်းနွား ၂၇၈ ကောင်တို့အား ကာကွယ်ကုသဆေး ထိုးနှံပေးခြင်း၊ ဆိတ် ၆၃၂ ကောင်တို့အား ဆေးကုသပေးခဲ့ပြီး ဖြစ်သည်။

မောင်တောမြို့နယ်ရှိ တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့မှ စခန်းပတ်ဝန်းကျင်ကျေးရွာများဖြစ်သော ကင်းချောင်း(တိုင်းရင်းသား)ကျေးရွာ၊ ကန်ပြင်သာစည် (တိုင်းရင်းသား) ကျေးရွာ၊ အောင်မင်္ဂလာ(တိုင်းရင်းသား) ကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ရာတွင် ပိုင်ရှင်မဲ့ ကျွဲ၊ နွားများ မတွေ့ရှိပါကြောင်းနှင့် စခန်းအနီးပတ်ဝန်းကျင် ကျေးရွာများတွင် တွေ့ရှိသောပိုင်ရှင်ရှိ နွား၊ ဆိတ်များအား ဆေးကုသဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# လျှပ်စစ်မီး မရရှိသေးသည့် ဘူးသီးတောင်မြို့နယ် ကျေးရွာများအား လာမည့်ဘဏ္ဍာနှစ်တွင် ဆိုလာမီးများ တပ်ဆင်ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**ဘူးသီးတောင် နိုဝင်ဘာ ၁၄**

လျှပ်စစ်မီးမရရှိသေးသည့် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ကျေးရွာများအား လာမည့် ဘဏ္ဍာနှစ်တွင် ဆိုလာမီးများ တပ်ဆင်ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

"လာမယ့်နှစ်မှာ ပြည်နယ်ဘတ်ဂျက်ကနေ လျှပ်စစ်မီးမရရှိသေးတဲ့ နောက်ထပ် ရွာ ၂၀ ကို ဆိုလာမီး ထပ်ပြီး တပ်ဆင်ပေးသွားဖို့ တင်ပြထားပါတယ်၊ ယူနစ်ကတော့ ၁၀၀၂ ခုဖြစ်ပါတယ်၊ လျှပ်စစ်မီးမရရှိသေးတဲ့ ကျေးရွာတွေမှာ ဆိုလာမီးတပ်ဆင်ပေးတဲ့နေရာမှာ ပထမတန်းစား၊ ဒုတိယတန်းစား၊ တတိယတန်းစားဆိုပြီး သုံးမျိုးရှိပါတယ်၊ ရွာသားတွေဘက်က ကျခံပေးရတာက ကျသင့်ငွေရဲ့ဆယ်ရာခိုင်နှုန်းပဲ ကျခံပေးရတာပါ၊ လမ်းမီးတိုင်ကတော့ ရွာတစ်ရွာကို ငါးတိုင် အခမဲ့တပ်ဆင်ပေးတယ်၊ ကျေးရွာတွေမှာရှိတဲ့ ဘုန်းကြီးကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းတွေကိုလည်း ဌာနကအခမဲ့ တပ်ဆင်ပေးပါတယ်"ဟု ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းနိုင်က ပြောသည်။

ဆိုလာမီးတပ်ဆင်ထားသည့် ဘူးသီးတောင်မြို့နယ် အင်ကြင်းမြိုင် စံပြကျေးရွာမှ အုပ်ချုပ်ရေးမှူး ဦးတင်ထွန်းက "အရင်တုန်းကတော့ လျှပ်စစ်မီးမရှိတော့ ကျောင်းသား ကျောင်းသူတွေ ဖယောင်းတိုင်နဲ့ စာကျက်ရပါတယ်၊ ဆိုလာမီးတွေ တပ်ထားပေးတော့ မီးက ၂၄ နာရီရနေပါပြီ၊ ကျောင်းသားလေးတွေလည်း စာကျက်ရတာ အဆင်ပြေသွားပြီ၊ လမ်းမီးတိုင်ကတော့ ငါးတိုင်လုပ်ပေးထားပါတယ်"ဟု ပြောသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လျှပ်စစ်မီးမရရှိသေးသည့် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၄၁ ရွာကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆိုလာမီး ယူနစ် ၁၇၆၈ ယူနစ်ကို တပ်ဆင်ပေးခဲ့ကြောင်း ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သတင်းအဖွဲ့**

**ဓာတ်ပုံ-ဟန်လင်းနိုင်(စစ်တွေကိုယ်ပွား)**



# မောင်တောမြို့နယ်အတွင်း ပိုင်ရှင်မဲ့ ကျွဲ၊ နွား၊ ဆိတ်များ ထိန်းသိမ်းစောင့်ရှောက်

**နေပြည်တော် နိုဝင်ဘာ ၁၄**

ဩဂုတ်လ ၂၅ ရက်နေ့ အကြမ်းဖက် တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် မောင်တောမြို့နယ် နေရပ်စွန့်ခွာရသူများ၏ ကျွဲ၊ နွား၊ ဆိတ်များအား ဖမ်းဆီးထိန်းသိမ်းနိုင်ရန် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနက ပန်းတောပြင်၊ ခုံတိုင်နှင့် ငါးခူရတို့တွင် စခန်းသုံးခု တည်ဆောက်ဖွင့်လှစ်ကာ အဖွဲ့များဖွဲ့စည်း၍ ကွင်းဆင်း ဆောင်ရွက်လျက်ရှိသည်။

ပိုင်ရှင်မဲ့ ကျွဲနွားများကို စနစ်တကျ ထိန်းသိမ်းရန်၊ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရန် တို့အတွက် လုပ်ငန်းကော်မတီနှင့် မြို့နယ်တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိပြီး စခန်းတည်ရှိသည့် ပတ်ဝန်းကျင်ကျေးရွာများဖြစ်သော ပန်းတောပြင်ကျေးရွာ (မွတ်စလင်)၊ ကြိမ်ချောင်းကျေးရွာ (ရောနှော)၊ ငါးခူရကျေးရွာ (ရောနှော)၊ မောရဝတီကျေးရွာ (တိုင်းရင်းသား)၊ ရွှေဇားကျေးရွာ (ရောနှော)၊ သုံးမိုင်ကျေးရွာ(တိုင်းရင်းသား)၊ မြို့သစ်ကျေးရွာ (တိုင်းရင်းသား)၊ ကပ္ပကောင်းကျေးရွာ (တိုင်းရင်းသား)၊ ကန်သာယာကျေးရွာ (တိုင်းရင်းသား)၊ ရွာသာယာကျေးရွာ (တိုင်းရင်းသား)၊ ခြံပြင်ကျေးရွာ (တိုင်းရင်းသား)၊ မကျည်းကုန်းကျေးရွာ (တိုင်းရင်းသား)၊ သာယာကုန်းကျေးရွာ (တိုင်းရင်းသား)၊ အင်းဒင်ကျေးရွာ (တိုင်းရင်းသား)၊ ကျောက်တန်းကျေးရွာ (တိုင်းရင်းသား)၊ ဥခေါင်းကျေးရွာ၊ သရေကုန်ဘောင်ကျေးရွာ (တိုင်းရင်းသား)၊ ဗောဓိကုန်းကျေးရွာ (တိုင်းရင်းသား)များသို့ ကွင်းဆင်း ဆောင်ရွက်ရာတွင် တွေ့ရှိရသော နွားနှင့်ဆိတ်များမှာ ပိုင်ရှင်မဲ့များ မဟုတ်ဘဲ ပိုင်ရှင်ရှိ နွားများနှင့် ဆိတ်များ ဖြစ်သည်။ အဆိုပါ နွား၊ ဆိတ်များအား ကာကွယ်ကုသခြင်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့အထိ စုစုပေါင်း နွား ၂၇၈ ကောင်နှင့် ဆိတ် ၆၃၂ ကောင်တို့အား ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။

### မောင်တောမြို့နယ်ရှိ ပိုင်ရှင်မဲ့ ကျွဲ၊ နွားများ၏ ထိန်းသိမ်းစောင့်ရှောက်မှုနှင့်ပတ်သက်၍ ၁၄-၁၁-၂၀၁၇ အထိ ဆောင်ရွက်ထားရှိမှု အခြေအနေ

| စဉ် | ရက်စွဲ | မြို့နယ် | ကျေးရွာ | ကောင်ရေ နွား | ကောင်ရေ ဆိတ် | စုစုပေါင်း ကောင်ရေ နွား | စုစုပေါင်း ကောင်ရေ ဆိတ် |
|---|---|---|---|---|---|---|---|
| ၁။ | ၁၀-၁၁-၂၀၁၇ | မောင်တောမြို့နယ် | ငွေတောင်(တိုင်းရင်းသား) | - | ၁ | ၁ | ၄ |
| | | | ကြိမ်ချောင်း(ရောနှော) | - | ၁ | | |
| | | | မြို့သစ်(တိုင်းရင်းသား) | ၁ | ၂ | | |
| ၂။ | ၁၁-၁၁-၂၀၁၇ | | ကိုင်းကြီး(တိုင်းရင်းသား) | ၁ | ၂ | ၃ | ၃ |
| | | | မင်္ဂလာညွှန့်(တိုင်းရင်းသား) | - | ၁ | | |
| | | | ရေမျက်တောင်(တိုင်းရင်းသား) | ၂ | - | | |
| ၃။ | ၁၂-၁၁-၂၀၁၇ | | ကင်းချောင်း(တိုင်းရင်းသား) | - | ၁ | ၂ | ၄ |
| | | | သက်ကိုင်ညာ(တိုင်းရင်းသား) | ၁ | ၂ | | |
| | | | ရွက်ညိုတောင်(တိုင်းရင်းသား) | ၁ | ၁ | | |
| ၄။ | ၁၃-၁၁-၂၀၁၇ | | ကန်ပြင်သာစည်(တိုင်းရင်းသား) | ၂ | - | ၄ | ၂ |
| | | | မင်းခမောင်း(တိုင်းရင်းသား) | - | ၁ | | |
| | | | ကပ္ပကောင်း(တိုင်းရင်းသား) | ၂ | ၁ | | |
| ၅။ | ၁၄-၁၁-၂-၁၇ | | သာစည်(တိုင်းရင်းသား) | ၁ | ၂ | ၂ | ၃ |
| | | | အောင်သပြေ(တိုင်းရင်းသား) | ၁ | - | | |
| | | | အောင်မင်္ဂလာ(တိုင်းရင်းသား) | - | ၁ | | |
| | စုစုပေါင်း | | | ၁၂ | ၁၆ | ၁၂ | ၁၆ |
| | (၂၃-၁၀-၂၀၁၇) မှ (၉-၁၁-၂၀၁၇)အထိစုစုပေါင်း | | | | | ၂၆၆ | ၆၁၆ |
| | (၂၃-၁၀-၂၀၁၇)မှ (၁၄-၁၁-၂၀၁၇)အထိစုစုပေါင်း | | | | | ၂၇၈ | ၆၃၂ |

Source: ရခိုင်ပြည်နယ်အစိုးရအဖွဲ့

မွေးမြူရေး ပညာပေးခြင်းနှင့် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၄ ရက်က ပန်းတောပြင်ကျေးရွာရှိ ပိုင်ရှင်မဲ့ တိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေး စခန်း၌ ပြုလုပ်ခဲ့ရာ စုစုပေါင်း ၃၀ တက်ရောက်ခဲ့ပြီး ပညာပေးစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော အဖွဲ့သည် အောက်တိုဘာ ၂ ရက်က ပန်းတောပြင်ကျေးရွာနှင့် ခုံတိုင် ကျေးရွာတို့ရှိ ပိုင်ရှင်မဲ့ တိရစ္ဆာန်ထိန်းသိမ်း စောင့်ရှောက်ရေးစခန်းများသို့ ရောက်ရှိပြီး မွေးမြူသူတောင်သူများနှင့် တွေ့ဆုံ၍ ဌာနမှဆောင်ရွက်ပေးမည့် လုပ်ငန်းများ၊ နွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်များ၊ မျိုးမြှင့်သားစပ်ခြင်းဆိုင်ရာများ၊ တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာများနှင့် လိုအပ်ချက်များအား ညှိနှိုင်းဆွေးနွေးခဲ့သည်။

ပိုင်ရှင်မဲ့ ကျွဲ၊ နွား၊ တိရစ္ဆာန်များ ဖမ်းဆီးထိန်းသိမ်း စောင့်ရှောက်ရေးလုပ်ငန်းစဉ်အား အဖွဲ့များခွဲ၍ ဆက်လက်ကွင်းဆင်း ဆောင်ရွက်လျက်ရှိပြီး ပိုင်ရှင်မဲ့ ကျွဲ၊ နွားများကို ထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းထားမည်ဖြစ်ကာ ကျွဲ၊ နွားများကို ပိုင်ရှင်များထံ ပြန်လည်လွှဲပြောင်းပေးရန် စီစဉ်ဆောင်ရွက်ခြင်း ဖြစ်သည်။

**သတင်းစဉ်**

# မောင်တောမြို့နယ်၌ မသင်္ကာသူ ၂၀ ဦး ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၄**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မောင်တောမြို့နယ် ဂေါ်ဒူသာရအနောက်ရွာနှင့် ဂေါ်ဒူသာရ ချောင်းဝကြားအနီးရှိ ပုစွန်ကန်များတွင် အကြမ်းဖက်သမားများ၊ တရားခံပြေးများ ခိုအောင်းနေကြောင်း သတင်းအရ နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းမှ ညနေပိုင်းအထိ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အကြမ်းဖက်မှုများနှင့်ပတ်သက်၍ မသင်္ကာသူ ဒုညောင်ပင်ကြီးကျေးရွာနေ မာမတ်ဟာရုံ၊ ပန်းတောပြင်အရှေ့ရွာနေ အိမန်ဘူဆိမ်း၊ မြို့သူကြီးရွာနေ မာမတ်ကော်ဘီ၊ ပန်းတောပြင် အရှေ့ရွာနေ မော်ဇူအာလောင်၊ ဇင်ပိုင်ညာကျေးရွာနေ မာမောက်အီနု ၊ ဒုညောင်ပင်ကြီးကျေးရွာနေ အီစွမိုင်၊ ဒုညောင်ပင်ကြီးကျေးရွာနေ မာမောက်ယာဆိမ်း၊ ဒုညောင်ပင်ကြီးအလယ်ရွာနေ နူရ်ဟာရှိန်း၊ ခေါင်းတကာကျေးရွာနေ အာနီဆူဟက်ရ်၊ ဒုညောင်ပင်ကြီးအရှေ့ရွာနေ မာမက်နူရ်၊ ရေဖုံးပြင် ကျေးရွာနေ မာမတ်ဇူဘိုင် ၊ နိုရူလ္လာကျေးရွာနေ မာမတ်နူရ်မာ ၊ ပန်းတောပြင်ရွာသစ်နေ နူရ်ကာမာ ၊ သရေကုန်တန်းအလယ်ရွာနေ ရော်ရှီးဒူလ္လာ ၊ ရာသစ်ကေရွာနေ အဒူရာမာန်၊ ဘူးသီးတောင်မြို့နယ်နေ အဒူမာနာမ်၊ ရာသစ်ကေရွာနေ အေကရာန်၊ ဂေါ်ဒူသာရအနောက်ရွာနေ မာမတ်တော်ယု ၊ ဒုချီရားတန်းအရှေ့ရွာနေ မာမတ်အဏ္ဏဝါ စုစုပေါင်း ၂၀ အား ဖမ်းဆီးရမိခဲ့ပြီး ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

### မသင်္ကာသူ ၂၀ ဦး ဖမ်းဆီးရမိသည့် နေရာပြမြေပုံ




# မောင်တောဒေသ ကျေးရွာများ လုံခြုံရေး ဆိုလာ ဆလိုက်မီး ၂၇ စုံ လွှဲပြောင်းပေးအပ်

**စစ်တွေ နိုဝင်ဘာ ၁၄**

ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မောင်တောဒေသ ကျေးရွာများလုံခြုံရေးအတွက် 260 WP ဆိုလာဆလိုက်မီး ၂၇ စုံကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဆိုလာဆလိုက်မီး ၂၇ စုံအား ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးနေထက်ရှိန်နှင့် ဌာနတာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ရာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်နှင့် ပြည်နယ်စည်ပင်သာယာရေး ဝန်ကြီး ဦးမင်းအောင်တို့က လက်ခံ ရယူကြသည်။

"မောင်တောဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်အိမ်ရာစီမံကိန်း အိမ်ရာ ၇၄ လုံး တည်ဆောက်ပေးသွားမှာဖြစ်ပြီး ရေပေးရေးလုပ်ငန်းနဲ့ ရေကန်များအဆင့်မြှင့်တင် တူးဖော်ခြင်းတွေ၊ ကျေးရွာတွေ၊ နေအိမ်တွေ မီးလင်းရေးအတွက် ဆိုလာမီးတပ်ဆင်ခြင်းလုပ်ငန်းတွေကို လုပ်ကိုင်ဆောင်ရွက်နေပါတယ်"ဟု ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးနေထက်ရှိန်က ပြောသည်။

ယနေ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လှူဒါန်းသောဆိုလာဆလိုက်မီး ၂၇ စုံသည် တန်ဖိုးအားဖြင့် ငွေကျပ် ၃၇ ဒသမ ၂ သန်းရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# သက်မဲ့ လက်လုပ်မိုင်းတစ်လုံး တွေ့ရှိ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၄**

မောင်တောမြို့နယ် မောရဝတီကျေးရွာနေ ဒေါ်ဦးဝင်း (၄၆)နှစ်သည် နိုဝင်ဘာ ၁၀ ရက် ညနေ ၃ နာရီခွဲတွင် ချိန်ခါလီအနောက်ရွာ လယ်ကွင်းအတွင်း စပါးရိတ်သိမ်းစဉ် လက်လုပ်မိုင်းဟု ယူဆရသည့် ပလတ်စတစ်အိတ်ဖြင့် ထုတ်ထားသော အထုပ် တစ်ထုပ် တွေ့ရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ထံ သတင်းပို့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အချင်းငါးလက်မ၊ အရှည် ၁၀ လက်မရှိ ကားပစ်စတင်ဖြင့် ပြုလုပ်ထားသော သက်မဲ့ လက်လုပ်မိုင်းတစ်လုံးဖြစ်ပြီး အကြမ်းဖက်သမားများ ထွက်ပြေးတိမ်းရှောင်စဉ် စွန့်ပစ်ခဲ့သော မိုင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့အသံချစ်သူများအဖွဲ့ Radio Fan Club အဖွဲ့ဝင်များ တွေ့ဆုံပွဲ မိုးညှင်းမြို့၌ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပြည်သူကို မျက်နှာမူသည့် အစီအစဉ်ကောင်းများ ထုတ်လုပ်ရာတွင် ဒေသအလိုက် ပြည်သူများ၏ အသံများရရှိရေး၊ သောတရှင်ပြည်သူများထံမှ ရင်းနှီးပွင့်လင်းသော ဝေဖန်အကြံပြုချက်များ ရရှိပြီး လိုအပ်သလို ပြုပြင်ပြောင်းလဲ ဆောင်ရွက်နိုင်ရေး၊ လေလှိုင်းပေါ်တွင် အသံဖြင့် ကျွမ်းဝင်ပြီးဖြစ်သော အစီအစဉ် တင်ဆက်သူများနှင့် သောတရှင်များ တိုက်ရိုက်တွေ့ဆုံရင်းနှီးခွင့် ရရှိခြင်းဖြင့် မြန်မာ့အသံအပေါ် ချစ်ခင်နွေးထွေးမှုနှင့် ယုံကြည်မှု ပိုမိုရှင်သန်ခိုင်မာစေရေး၊ လူမှုကွန်ရက်နှင့် အခြားသတင်းရင်းမြစ်များမှရရှိလာသည့် သတင်းအချက်အလက်များ ဟုတ်/မဟုတ်၊ မှန်/မမှန် အတည်ပြုပေးနိုင်မည့် အမာခံဒေသခံများရရှိရေးနှင့် မြန်မာ့အသံချစ်သူအဖွဲ့ဝင်များအား မြန်မာ့အသံ၏ အမာခံသောတရှင်များအဖြစ်မှ အမာခံသတင်းထောက်များအဖြစ်သို့ စည်းရုံးဖော်ဆောင်ရေးဟူသော ရည်ရွယ်ချက်များဖြင့် မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club) အဖွဲ့ဝင်များ တွေ့ဆုံပွဲ အခမ်းအနားကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီတွင် ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့၌ ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါ အခမ်းအနားများတွင် မြန်မာ့အသံ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းတင် ဗီဒီယိုပြသခြင်း၊ မြန်မာ့အသံ အစီအစဉ်တင်ဆက်သူများက မိတ်ဆက်ခြင်းနှင့် တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ အမှတ်တရ လက်ဆောင်များ ပေးအပ်ခြင်းတို့ ပါဝင်မည်ဖြစ်ရာ မိုးညှင်းခရိုင်အတွင်းရှိ မြန်မာ့အသံချစ်သူအဖွဲ့ဝင်များ အပါအဝင် အခြားနီးစပ်ရာ ဒေသများမှ မြန်မာ့အသံချစ်သူအဖွဲ့ဝင်များလည်း အခမ်းအနားသို့ အခမဲ့ တက်ရောက်နိုင်ပြီး တက်ရောက်လိုသူများအနေဖြင့် ဖုန်းနံပါတ် ၀၆၇-၇၉၂၁၅၊ ဖုန်းနံပါတ် ၀၉-၄၂၆၉၇၉၆၄၇ နှင့် ၀၉-၄၂၆၉၇၉၆၄၈ တို့သို့ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့ နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရမည် ဖြစ်သည်။ မြန်မာ့အသံချစ်သူအဖွဲ့သို့ ဝင်ရောက်လိုသည့် သောတရှင်များလည်း အဆိုပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်၍ အဖွဲ့ဝင်သစ်အဖြစ် ဝင်ရောက်နိုင်ပြီး အခမ်းအနားတက်ရောက်ရန် စာရင်းပေးသွင်းနိုင်ကြသည်။

အခမ်းအနားတွင် Co-Sponsor အဖြစ် ပါဝင်ကူညီပံ့ပိုးလိုသည့် လုပ်ငန်းရှင်များအနေဖြင့် ဖုန်းနံပါတ် ၀၆၇-၇၉၃၇၄ သို့ ဆက်သွယ်စုံစမ်းနိုင်ကြသည်။

အလားတူ မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club) အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင်လည်းကောင်း၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့တွင်လည်းကောင်း အသီးသီး ကျင်းပသွားရန် စီစဉ်လျက်ရှိသည်။

**မြန်မာ့အလင်း**

## ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး ထိုးနှံခြင်း အသိပညာပေး

**စစ်တွေ နိုဝင်ဘာ ၁၄**

နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း (၂၀၁၇) ၏ ကျောင်းအခြေပြု ကာကွယ်ဆေးထိုးလုပ်ငန်းကို နိုင်ငံတစ်ဝန်း၌ နိုဝင်ဘာ ၁၅ ရက်တွင် တစ်ပြိုင်နက်တည်း ထိုးနှံသွားမည်ဖြစ်ကြောင်း သိရသည်။ ရခိုင်ပြည်နယ်တွင် ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး အစုလိုက် ထိုးနှံခြင်းလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ စစ်တွေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ပူးပေါင်းပြီး ပြည်သူ လူထုများထံသို့ အသိပညာပေးခြင်း ဆောင်ရွက်ကြကြောင်း သိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

# ငွေကျပ် သိန်း ၆၀၀ တန်ဖိုးရှိ စားသောက်ကုန်များ မေရီချက်(ပ်)မင်းကျောင်းသို့ တရုတ်သံရုံးက လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၄**




မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ ဒဂုံမြို့နယ် သံတမန်လမ်းရှိ မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်းသို့ ငွေကျပ် သိန်း ၆၀၀ တန်ဖိုးရှိ စားသောက်ကုန်များ လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပသည်။

" ဒီကျောင်းဟာ နှစ် ၁၀၀ ကျော် သက်တမ်းရှိလာတဲ့ ကျောင်းဖြစ်ပါတယ်၊ မြန်မာနိုင်ငံအစိုးရနဲ့ ပြည်တွင်းပြည်ပ စေတနာရှင် ပြည်သူတွေက ထောက်ပံ့ကူညီပေးနေတယ်လို့ သိရပါတယ်၊ ကျွန်တော်တို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးအနေနဲ့ စီးတီးမတ်နဲ့ ပူးပေါင်းကာ ဒီကျောင်းက ကလေးတွေအတွက်လိုအပ်နေတဲ့ စားသောက်ကုန်တွေနဲ့ လူအသုံးအဆောင် ပစ္စည်းတွေကို အသုတ်ခွဲပြီး လှူဒါန်းပေးသွားမှာ ဖြစ်ပါတယ်၊ တန်ဖိုးအားဖြင့် ငွေကျပ် သိန်း ၆၀၀ တန်ဖိုးရှိပါတယ် "ဟု မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်က အခမ်းအနားတွင် ပြောသည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး၊ မေရီချက်(ပ်) မင်းကျောင်းအုပ်ကြီးနှင့် စီးတီးမတ် ကိုယ်စားလှယ်တစ်ဦးတို့က လှူဒါန်းမှုနှင့် သက်ဆိုင်သော သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသည်။ ယင်းနောက် လှူဒါန်းပစ္စည်း ပေးအပ်ခြင်း၊ ကလေးများ ဖျော်ဖြေတင်ဆက်ခြင်းနှင့် အမှတ်တရ ဓာတ်ပုံရိုက်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။

အဆိုပါ ကျောင်းကို ၁၉၂၀ ပြည့်နှစ်တွင် ယူကေနိုင်ငံမှ မစ္စ မေရီချက်(ပ်) မင်းက နားမကြားသော ကလေးများ ပြုစုပျိုးထောင်ပြီး ပညာသင်ကြားပေးရန်အတွက် ဆရာဖြစ်သင်တန်းနှင့် စာသင်ကျောင်းကို စတင်တည်ထောင်ခဲ့ကြောင်း၊ နှစ်စဉ် မေလနောက်ဆုံးပတ်တွင် အသက်ခြောက်နှစ်မှ စတင်၍ ကျောင်းသားသစ် လက်ခံကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ သင်ရိုးညွှန်းတမ်းအတိုင်း ခုနစ်တန်းအထိ ပညာသင်ကြားပေးလျက်ရှိကြောင်း၊ ထို့အပြင် အသက်မွေးမှု သင်တန်းများလည်း သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**မြင့်မောင်စိုး**

# ရန်ကုန်သို့သွားမည့်ယာဉ်အား မရမ်းချောင်ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးရာ ယာဉ်ပစ္စည်းအစိတ်အပိုင်းများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၄**



တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၁၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၉၆၈ စီး၊ သွင်းကုန် ၈၅၄ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၅ စီး၊ သွင်းကုန် အစီး ၁၇၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၃ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ ဒသမ ၇၃၆ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၀ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄ ဒသမ ၇၅၈ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၃ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၄ ဒသမ ၄၉၄ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ ထူးခြားဖမ်းဆီးမှု အနေဖြင့် နိုဝင်ဘာ ၁၃ ရက်က ရန်ကုန်သို့ သွားရောက်မည့် NISSAN (၂၂) ဘီးယာဉ်တစ်စီးအား မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ယာဉ်ပစ္စည်းများ ဖြစ်သော(12W) UD Head Without Engine Without Frame (2)U, (12W) Hino Head Without Engine Without Frame (1)U, Car Axle with Crown (3)U, Car Front Axle (3)U နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ်သန်း ၃၈ ဒသမ ၂၅၀ ခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော် -မော်လမြိုင် အမြန်ရထား စက်ခေါင်းပျက်

**မော်လမြိုင် နိုဝင်ဘာ ၁၄**

နေပြည်တော်ဘူတာမှ မော်လမြိုင်ဘူတာသို့ စက်ခေါင်းမောင်း ဦးဇော်မြင့်ဦး၊ ရထားထိန်း ဦးတင်ထွဋ်နှင့် ဦးဖြိုးဝေသိန်းတို့ လိုက်ပါတာဝန်ထမ်းဆောင်လာသော အမှတ် (၁၆) အစုန် နေပြည်တော်-မော်လမြိုင် အမြန်လူစီးရထားသည် နိုဝင်ဘာ ၁၄ ရက် နံနက် ၉ နာရီခွဲခန့်တွင် သောင်းတိုင်ကုန်းဘူတာနှင့် အုတ်တွင်းဘူတာအကြား ရထားလမ်းမိုင်တိုင်အမှတ် ၁၅၉/၁၇ မှ ၁၆ အကြားတွင် မောင်းလာသော စက်ခေါင်းအမှတ် DF /1616 မှာ အင်ဂျင်ရေပြန်ပိုက်ရေပိုက်ပေါက်ပြုပြင်ပြီး ဆက်ထွက်လာသည်။ ယင်းနောက် အုတ်တွင်းဘူတာအရောက်၌ စက်ခေါင်းမောင်းက ဆက်လက်မောင်းနှင်ရန် မဖြစ်တော့သဖြင့် စက်ခေါင်းအစားတောင်းခံခဲ့သော်လည်း အုတ်တွင်းဘူတာ၌ တွဲခိုလမ်းမရှိ၍ စက်ခေါင်းမောင်းက ကျွဲပွဲဘူတာအထိ ဆက်လက်ထိန်းမောင်းလာပြီး ကျွဲပွဲဘူတာသို့ စက်ခေါင်းအစား ရောက်ရှိလာသော DF/1610 စက်ခေါင်းဖြင့် ကျွဲပွဲဘူတာမှ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် မော်လမြိုင်ဘူတာဘက်သို့ ဆက်လက်ထွက်ခွာပြီး စက်ခေါင်းစက်ချို့ယွင်းမှုကြောင့် ခရီးသည်များ ရထားပေါ်၌ ၃ နာရီ နီးပါးခန့် စောင့်ဆိုင်းခဲ့ရကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**




# စမ်းချောင်းမြို့နယ်၌ အမျိုးသမီးတစ်ဦးအား ရိုက်နှက်ကာ လက်ကိုင်ဖုန်းလုယူထွက်ပြေးသွားသူအား ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် နိုဝင်ဘာ ၁၄**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်နေ မ---သည် နိုဝင်ဘာ ၈ ရက် ည ၁၀ နာရီခန့်က အဆောင်သို့ပြန်ရန် ဖုန်းပြောဆိုလျက် လမ်းလျှောက်လာစဉ် အမျိုးသားတစ်ဦး (လူမြင်မှတ်မိ)က နောက်မှ လိုက်လာကာ အရာဝတ္ထုတစ်ခုဖြင့် နောက်ဘက်မှနေ၍ ရိုက်နှက်ပြီး ၎င်းကိုင်ဆောင်လာသော Samsung J 2 Prime အမျိုးအစား လက်ကိုင်ဖုန်းအား လုယူထွက်ပြေးသွားသဖြင့် ပတ်ဝန်းကျင်သို့ အော်ဟစ်အကူအညီ တောင်းခံခဲ့ကြောင်း၊ ၎င်းတွင် ဦးခေါင်း၌ ဒဏ်ရာရရှိခဲ့သဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ပြင်ပလူနာအဖြစ် ဆေးကုသမှုခံယူခဲ့ရကြောင်း တိုင်တန်းချက်အရ စမ်းချောင်းမြို့မရဲစခန်းက အမှုဖွင့်ကာ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

အမှုမှပြစ်မှုကျူးလွန်သူအား ဖမ်းဆီးနိုင်ရေးအတွက် အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် စမ်းချောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်စဉ်အား အသေးစိတ် စစ်ဆေးဆောင်ရွက်ခဲ့ပြီး ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်နေစဉ် နိုဝင်ဘာ ၁၁ ရက် ညနေ ၆ နာရီခန့်က ကမာရွတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ကမာရွတ်မြို့နယ် အမှတ်(၃) ရပ်ကွက်လမ်းပေါ်၌ စက်ဘီးတစ်စီးနှင့်အတူ တွေ့ရှိသူ လှိုင်မြို့နယ်နေ မျိုးကြီး(ခ)ကြာဝိုင်းအား တွေ့ရှိသဖြင့် ထိန်းသိမ်းစစ်မေးခဲ့ရာ ခိုးယူလာသော စက်ဘီးဖြစ်ကြောင်း သိရှိရသဖြင့် ကမာရွတ်မြို့မရဲစခန်းတွင် အမှုဖွင့်ကာ အရေးယူဆောင်ရွက်ခဲ့သည်။

အမှုဖြင့် ဖမ်းဆီးထားသူ မျိုးကြီး(ခ)ကြာဝိုင်းအား အခြားခိုးမှု၊ လုယက်မှုများ ကျူးလွန်ထားခြင်း ရှိ/မရှိ စစ်ဆေးခဲ့ရာ စမ်းချောင်းမြို့နယ်၌ ဖြစ်ပွားခဲ့သော အဆိုပါ လုယက်မှုကိုလည်း ကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် အမှုဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# " အထူးဂုဏ်ယူဝမ်းမြောက်ခြင်း "

မြန်မာ့ဘဏ်သမိုင်းတွင် "ဘဏ်ခွဲ(၅၀၀) ပြည့်" ပထမဆုံး ဖွင့်လှစ်နိုင်ခဲ့သော "ကမ္ဘောဇဘဏ်လီမိတက်" အနေဖြင့်

နိုင်ငံတော်အတွက်အခွန်ဘဏ္ဍာတာဝန်ကို တစ်နိုင်ငံလုံးတွင် ပထမနေရာမှ (၅)နှစ်ဆက် အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့ခြင်း၊

နိုင်ငံတော်နှင့်ပြည်သူအတွက် စုစုပေါင်းကျပ်ငွေ (၁၃၅)ဘီလီယံကျော် လှူဒါန်းခဲ့ခြင်း၊

နိုင်ငံအတွင်းအောင်မြင်သောစီးပွားရေးလုပ်ငန်းရှင် အမြောက်အမြားပေါ်ထွန်းလာအောင် ပံ့ပိုးကူညီ ဖော်ဆောင်ပေးနိုင်ခဲ့ခြင်း၊

နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ဘဏ္ဍာရေးကဏ္ဍတွင်အဓိကအခန်းကဏ္ဍမှ အထောက်အကူပြု ပါဝင်နိုင်ခဲ့ခြင်းများနှင့်အတူ

## " ဘဏ်ခွဲ (၅၀၀) ပြည့် " ကို

၂၀၁၇-ခုနှစ် နိုဝင်ဘာလ(၁၀)ရက်နေ့တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက်
အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ပြည်သူပြည်သားများအားလုံး
အစဉ်အမြဲ အားကိုးအားထားရသော နိုင်ငံတကာအဆင့်မီ အောင်မြင်သည့်
ထိပ်တန်းဘဏ်ကြီးအဖြစ် ရပ်တည်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

MYANMAR GOLDEN ROCK ®
INTERNATIONAL CO., LTD.

ရန်ကုန်ရုံးချုပ် ၊ Bld 18, MICT Park၊ မန္တလေးရုံး ၊ ၇၈လမ်း၊ ၂၉ × ၃၀ကြား
နေပြည်တော်ရုံး ၊ ရာဇဌာနီလမ်း၊ တောင်ကြီးရုံး ၊ TBC 4miles

Canon GLORY DIEBOLD NIXDORF ingenico Smart terminals

# ဆော်ဒီက ကာတာပုံစံ ပိတ်ဆို့မှုပြုလုပ်လာခဲ့လျှင် လက်ဘနွန် စီးပွားရေး စိုးရိမ်ဖွယ်ရာဖြစ်

**ဘေရွတ် နိုဝင်ဘာ ၁၄**

လက်ဘနွန် နိုင်ငံရေးကျွမ်းကျင်သူများနှင့် ဘဏ်လုပ်ငန်းဆောင်ရွက်သူများသည် ဆော်ဒီက ကာတာနိုင်ငံအပေါ်ချမှတ်ခဲ့သည့် ပိတ်ဆို့မှုမျိုးကို လက်ဘနွန်အပေါ် ပိတ်ဆို့လာမည်ကို အကြီးအကျယ် စိုးရိမ်ပူပန်လျက်ရှိသည်။

ကာတာနှင့် မတူညီသည့်အချက်မှာ ကာတာသည် လူဦးရေ ၃၀၀၀၀၀ ရှိပြီး ကမ္ဘာ့အကြီးဆုံး သဘာဝဓာတ်ငွေ့ရှိသည့် နိုင်ငံဖြစ်သည်။ လက်ဘနွန်၌မူ သဘာဝဓာတ်ငွေ့မရှိရုံမျှမက ငွေကြေးဆိုင်ရာအရင်းအမြစ်လည်း မရှိသည့်အတွက် လက်ဘနွန်အာဏာပိုင်များက စိုးရိမ်ပူပန်လျက်ရှိသည်။

လက်ဘနွန်နိုင်ငံသားလေးသိန်းနှင့်အထက်သည် ပင်လယ်ကွေ့ဒေသအတွင်း၌ အလုပ်လုပ်ကိုင်နေကြပြီး နိုင်ငံအတွင်းသို့စာတိုက်မှပေးပို့ငွေ ပြန်လည်စီးဆင်းမှုမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၇ဒသမ ၈ ဘီလီယံအတွင်းရှိသည်ဟု ခန့်မှန်းရသည်။

ထိုဝင်ငွေစီးဆင်းမှုသည် နိုင်ငံ၏စီးပွားရေးအကြီးအကျယ် ကြွေးတင်နေသည့်အစိုးရ၏လည်ပတ် ဆောင်ရွက်မှုများကို မပြိုလဲအောင်ဆက်လက်ထိန်းထားနိုင်ရန် အသက်တမျှအရေးကြီးသည့် ရင်းမြစ်တစ်ခု ဖြစ်သည်။

သေရေးရှင်ရေးတမျှ အရေးကြီးနေသည့် လက်ဘနွန်စီးပွားရေးအတွက် ပြင်းထန်သည့် ခြိမ်းခြောက်မှုများရှိနေကြောင်း၊ အကယ်၍ စာတိုက်မှ ငွေကြေးစီးဆင်းမှုကိုသာ ဖြတ်တောက်လိုက်ပါက လက်ဘနွန်သည် ဘေးဒုက္ခအကြီးအကျယ် ဆိုက်ရောက်တော့မည်ဖြစ်ကြောင်း အကြီးတန်းလက်ဘနွန်အာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။

**ရိုက်တာ**



လက်ဘနွန်ဝန်ကြီးချုပ် ဆာအက်ဟာရီရီ





# ဗင်နီဇွဲလားနိုင်ငံဆိုင်ရာ ကုလလုံခြုံရေးကောင်စီ အစည်းအဝေးကို နိုင်ငံများကန့်ကွက်

**ဂျီနီဗာ နိုဝင်ဘာ ၁၄**

နိုဝင်ဘာ ၁၃ ရက်က အမေရိကန်နိုင်ငံက ကမကထပြုလုပ်သော ဗင်နီဇွဲလားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေးကို ရုရှား၊ တရုတ်၊ အီဂျစ်နှင့် ဘိုလီးဗီးယားနိုင်ငံတို့က အဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံလုံး ပါဝင်ခြင်းမရှိဟုဆိုကာ ကန့်ကွက်ခဲ့ကြကြောင်း ရိုက်တာသတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။

အဆိုပါကိစ္စမှာ ဗင်နီဇွဲလားနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်နှောင့်ယှက်သည့် ကိစ္စဖြစ်ကြောင်း ကုလသမဂ္ဂသံအမတ်ကြီး ဗက်စီလေးနီဗန်ဇီယာက သတင်းထောက်များကို ပြောခဲ့သည်။ ပြင်ပအနှောင့်အယှက်များမပါဘဲ ၎င်းတို့ကိုယ်တိုင် ငြိမ်းချမ်းစွာဖြေရှင်းနိုင်သည်ဟု သံအမတ်ကြီးက မျှော်လင့်ကြောင်း သိရသည်။

ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး နစ်ကီက အစည်းအဝေးတွင်ပြောခဲ့သည်မှာ ဗင်နီဇွဲလားနိုင်ငံအနေဖြင့် အဆိုပါအစည်းအဝေးကို ပြည်သူသို့ အသိမပေးခဲ့သည်မှာ မှားယွင်းကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံသည် လတ်တလောတွင် ပြင်းထန်သော စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရပြီး သမ္မတ နီကိုလက်စ်မဒူရိုအစိုးရကလည်း အတိုက်အခံများကို နှိပ်ကွပ်လျက်ရှိရာ နိုင်ငံရေးအခြေအနေမှာ ရှုပ်ထွေးနေကြောင်း သိရသည်။

ဧပြီလကတည်းက အတိုက်အခံများ ဆန္ဒကျင်မှုများပြုလုပ်ခဲ့ရာ ယင်းဖြစ်စဉ်အတွင်း လူအတော်များများ သေဆုံးခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဗင်နီဇွဲလားနိုင်ငံ၏ အချုပ်အခြာကိုထိပါးနှောင့်ယှက်သည့် အမေရိကန်ပြည်ထောင်စု၏ နိုင်ငံရေးအမြတ်ထုတ်မှုကို ရှုတ်ချကြောင်း ဗင်နီဇွဲလားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံအမတ်ကြီး ရာဖေးလ်ဒါရီယိုကပြောသည်။

**ရိုက်တာ**

# ဝန်ကြီးချုပ် ရှင်ဇိုအာဘေး အာရှ၌ ငွေကြေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် အလေးပေး

**တိုကျို နိုဝင်ဘာ ၁၄**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် လွတ်လပ်စွာ ကုန်သွယ်ရေးစနစ် ခိုင်မာစေရန်အာရှ၌ ငွေကြေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်သွားရန် အရေးကြီးကြောင်း အလေးအနက်ပြောကြားခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံတွင် အင်္ဂါနေ့က ပြုလုပ်သည့် အာဆီယံအပေါင်းသုံး ထိပ်သီးအစည်းအဝေး၌ မိန့်ခွန်းပြောကြားစဉ် အာဘေးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ အာဆီယံ အပေါင်းသုံး အစည်းအဝေးသည် အရှေ့တောင်အာရှနိုင်ငံ ၁၀ နိုင်ငံအဖွဲ့ဝင်များ အတွင်း စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုနှင့် ပတ်သက်၍ ဆွေးနွေးရန် ဒီဇိုင်းပြုလုပ်ထားသည့် မူဘောင်တစ်ခုဖြစ်သည်။





တရုတ်နိုင်ငံဝန်ကြီးချုပ် လီခချင်းနှင့် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းတို့လည်း အာဆီယံ ခေါင်းဆောင်များ၏ ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ခဲ့ကြသည်။ အာဆီယံအပေါင်းသုံး အဖွဲ့ဝင်နိုင်ငံများသည် ဒေသတွင်းနှင့် တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကဏ္ဍတွင် အဓိကကျသည့်အခန်းမှ ပါဝင်လျက်ရှိနေချိန်တွင် ငွေကြေးဆိုင်ရာပူးပေါင်းပါဝင်ကြရန် အာဘေးက အလေးအနက်ပြောကြားခဲ့ကြောင်း သိရသည်။

အာဘေးသည် စီးပွားရေးပူးပေါင်းမှုကိုမြှင့်တင်ရန်အတွက် တရုတ်နှင့် တောင်ကိုရီးယားခေါင်းဆောင်များနှင့် သုံးနိုင်ငံထိပ်သီးစည်းဝေးပွဲကျင်းပသွားရန် ဆန္ဒရှိကြောင်းကိုလည်း ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# အာဖဂန်တောင်ပိုင်းရှိ လုံခြုံရေးဂိတ်များအား တာလီဘန်တို့ တိုက်ခိုက်ရာမှ နှစ်ဖက်အကျအဆုံး များပြား

**ကန်ဒဟာ နိုဝင်ဘာ ၁၄**

အာဖဂန်နစ္စတန်တောင်ပိုင်းပြည်နယ် ကန်ဒဟာရှိ မေဝမ်ဒေသ ရဲတပ်ဖွဲ့လုံခြုံရေးဂိတ်များကို တာလီဘန်စစ်သွေးကြွများက ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် နှစ်ဖက်အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင် ၂၂ဦးထက်မနည်းကျဆုံးကာ စစ်သွေးကြွ ၄၅ ဦးသေဆုံးခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက အင်္ဂါနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

တာလီဘန်စစ်သွေးကြွများသည် ဂျာဂရမ်၊ ကွာလာအီရှာမာ၊ ခက်အီချိုပန်နှင့် မေဝမ်ဒေသအတွင်းရှိ အနီးတစ်ဝိုက်ဧရိယာတို့မှ လုံခြုံရေးဂိတ် ၁၅ ခုခန့်ကို တနင်္လာနေ့ညပိုင်းက အပြင်းအထန် ဝင်တိုက်ခဲ့ကြသည်။

နှစ်ဖက်တိုက်ခိုက်မှုများသည် အင်္ဂါနေ့အစောပိုင်းရောက်မှ ပြီးဆုံးသွားခဲ့ရာ သေဆုံးသူအများအပြားရှိခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဇီရာဒူရန်နီက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

ရဲတပ်ဖွဲ့ဝင် ၁၅ ဦးနှင့် စစ်သွေးကြွ ၃၅ ဦးတို့လည်း ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြကြောင်း သိရသည်။

**ဆင်ဟွာ**

# လျှင်ဒဏ်ခံရသူများအတွက် ကူညီရန်အဆင်သင့်ရှိကြောင်း ကုလသမဂ္ဂ အကြီးအကဲ ပြောကြား

**ဂျီနီဗာ နိုဝင်ဘာ ၁၄**

ယမန်နေ့က အီရန်နိုင်ငံနှင့် အီရတ်နိုင်ငံတို့တွင် ကြောက်မက်ဖွယ်ကောင်းလောက်အောင်လူများ သေဆုံးခဲ့သည့် ငလျင်အတွက် ကူညီထောက်ပံ့မှုများ လုပ်ဆောင်ရန် ကုလသမဂ္ဂက အဆင်သင့်ရှိကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ပြောခဲ့သည်။

အီရတ်နှင့် အီရန်နယ်စပ်ဒေသတွင် ပြင်းအား ၇ ဒသမ ၃ အဆင့်ရှိ ငလျင်လှုပ်ခတ်ပြီးနောက် အသက်အိုးအိမ်စည်းစိမ်များ အများအပြား ပျက်စီးဆုံးရှုံးခဲ့ရခြင်းအပေါ် အလွန်စိတ်မကောင်းဖြစ်ပြီး ကြေကွဲရပါကြောင်း ကုလသမဂ္ဂအကြီးအကဲ၏သတင်းထုတ်ပြန်ချက်အပေါ် ပြောရေးဆိုခွင့်ရှိသူ စတီဖန်ဒူချာရစ်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

လူပေါင်း ၄၀၀ ကျော်သေဆုံးခဲ့ပြီး အခြားသူ ၇၀၀၀ ခန့် ဒဏ်ရာရရှိခဲ့သော အဆိုပါ ငလျင်တွင် ပူဆွေးသောကရောက်နေသော မိသားစုများ၊ နှစ်နိုင်ငံအစိုးရများနှင့် ပြည်သူများထံ ကြေကွဲဝမ်းနည်းမှုအား ပေးပို့ခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများ အမြန်ဆုံးနေပြန်ကောင်းလာစေဖို့ ဆန္ဒပြုကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

အဆိုပါသတင်းထုတ်ပြန်ချက်တွင် ကုလသမဂ္ဂအနေဖြင့် လိုအပ်ပါက ကူညီရန် အဆင်သင့်ရှိကြောင်းလည်း ပြောခဲ့သည်။

ယမန်နေ့က အီရတ်- အီရန်နယ်စပ်တွင် လှုပ်ခတ်ခဲ့သော ငလျင်များသည် ယခုနှစ်အတွက် ကြောက်စရာအကောင်းဆုံး ငလျင်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



## နိုင်ငံတကာ သတင်းတိုထွာ

### မြောက်ကိုရီးယားဘက်မှ တပ်ဖွဲ့ဝင်တစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခံရပြီး တောင်ဘက်သို့ ကူးပြောင်းလာ

**ဆိုးလ် နိုဝင်ဘာ ၁၄**

မြောက်ကိုရီးယား တပ်ဖွဲ့ဝင်တစ်ဦးသည် မြောက်ကိုရီးယားတပ်မတော်၏ သေနတ်ဖြင့် ပစ်ခတ်ခြင်းခံရကာ ဒဏ်ရာရရှိခဲ့ပြီးနောက်တွင် တောင်ကိုရီးယားဘက်သို့ ကူးပြောင်းလာခဲ့ကြောင်း တောင်ကိုရီးယားက ပြောကြားခဲ့သည်။

၎င်းတပ်ဖွဲ့ဝင်အား တောင်ကိုရီးယားဘက်ခြမ်းရှိ နယ်စပ်ကျေးရွာ ပန်မွန်ဂျုန်အနီးတွင် တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ၎င်း၏ ပခုံးနှင့် တံတောင်ဆစ်တွင် ဒဏ်ရာများ ရရှိထားကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာန အာဏာပိုင်တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

၎င်းသည် မြောက်ကိုရီးယား အစောင့်တပ်ဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်မှုမှ ကူးပြောင်းခဲ့ပြီး ဆေးရုံ၌ ကုသမှု ခံယူခဲ့ရသည်။

၎င်းတပ်ဖွဲ့ဝင်သည် ဆေးရုံသို့ အလျင်အမြန် ရောက်ရှိလာခဲ့ပြီး တောင်ကိုရီးယားဘက်မှ အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်း မရှိကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာန အာဏာပိုင် က ရိုက်တာသတင်းသို့ ပြောကြားခဲ့သည်။

အဆိုပါ ဖြစ်ရပ်နှင့်ပတ်သက်၍ မြောက်ကိုရီးယားဘက်မှ မှတ်ချက်ချပြောဆိုမှုမရှိသေးကြောင်း သိရသည်။

**ရိုက်တာ**

---

### ဘလောချီစတန်ပြည်နယ်၌ လမ်းဘေးဗုံးပေါက်ကွဲရာ လူငါးဦးထက်မနည်းသေဆုံး

**ဘလောချီစတန် နိုဝင်ဘာ ၁၄**

ပါကစ္စတန် အနောက်တောင်ပိုင်း ဘလောချီစတန်ပြည်နယ်၌ ခရစ်ကတ်အားကစားရုံအနီး ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ အနည်းဆုံး ငါးဦးသေဆုံးခဲ့ကြောင်း ပြည်တွင်းသတင်းမီဒီယာက နိုဝင်ဘာ ၁၃ ရက်တွင် ဖော်ပြခဲ့သည်။

လမ်းဘေးတွင် ဗုံးထောင်ထားခဲ့ပြီး အဝေးထိန်းခလုတ်ဖြင့် ဖောက်ခွဲခဲ့ရာ ငါးဦးသေဆုံးခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။

ပြည်နယ်ခရစ်ကတ်ဖိုလ်လုပွဲ ကျင်းပနေချိန်တွင် အဆိုပါ လမ်းဘေးဗုံး ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ဒန်ယာသတင်းက ပြောသည်။ ကယ်ဆယ်ရေးအဖွဲ့များသည် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ နေရာသို့ အလျင်အမြန် ရောက်ရှိလာကြပြီး ဒဏ်ရာရရှိသူများကို နီးစပ်ရာ ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါတိုက်ခိုက်မှုကို မည်သည့်အဖွဲ့က လုပ်ဆောင်ခဲ့ကြောင်း မသိရသေးချေ။

**ဆင်ဟွာ**

---

# လေထုညစ်ညမ်းမှုများနှင့် ပါကစ္စတန်

**ချိုးစန္ဒီနွေး**

**လွန်ခဲ့တဲ့သီတင်းပတ်က အိန္ဒိယနိုင်ငံမှာ မီးခိုးငွေ့မြူတွေ ဖုံးလွှမ်းနေတဲ့အတွက် ကျောင်းတွေ ခေတ္တပိတ်လိုက်ရတယ်ဆိုတဲ့ သတင်းတွေဟာ နိုင်ငံတကာသတင်းစာမျက်နှာတွေမှာ အတော်လေး နေရာယူထားတာကို တွေ့ရပါတယ်။ ဒီမီးခိုးငွေ့တွေဟာ ကျန်းမာရေးကို ထိခိုက်စေတဲ့အတွက် ကျောင်းတွေကို ပိတ်ထားလိုက်ရတာပဲ ဖြစ်ပါတယ်။ အခုတစ်ဖန်လည်း အိန္ဒိယနဲ့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ပါကစ္စတန်မှာလည်း အလားတူဖြစ်ရပ်မျိုး ကြုံတွေ့နေရပါတယ်။**



ပါကစ္စတန်နိုင်ငံရဲ့ ဒုတိယအကြီးဆုံးမြို့ဖြစ်တဲ့ လာဟိုးမြို့မှာလည်း မီးခိုးမြူတွေဟာ အလွန်အမင်းကို ဖုံးလွှမ်းနေပါတယ်။ လေထုရဲ့အရည်အသွေးကို စစ်ဆေးတဲ့ သူတွေကတော့ ဒီမြို့ရဲ့ လေထုညစ်ညမ်းမှုဟာ အတော်လေး ဆိုးရွားနေတယ်လို့ ဆိုကြပါတယ်။ အန္တရာယ်ရှိတဲ့ အဆင့်ကိုတော့ PM2.5 လို့ သတ်မှတ်ထားပြီး အဆုတ်ထဲကို ဝင်ရောက်နိုင်စွမ်းနဲ့ သွေးထဲကို စိမ့်ဝင်နိုင်စွမ်း အနည်းငယ်ရှိတယ်လို့ ဆိုပါတယ်။ ပါကစ္စတန်အစိုးရက လုံခြုံစိတ်ချရမှု အတိုင်းအတာကို ဘယ်လိုသတ်မှတ်ထားလဲ ဆိုတာကိုတော့ စဉ်းစားလို့ မရဘူး ဆိုပါတယ်။

ဒီမီးခိုးငွေ့တွေကို နေ့တိုင်း ကြုံတွေ့နေရပြီး နေ့တိုင်း ရှူရှိုက်နေရမယ်ဆိုရင် အညစ်အကြေးတွေနဲ့ ထိတွေ့နေရသလိုပါပဲလို့ လာဟိုးမြို့မှာ နေထိုင်တဲ့ အသက် ၂၆ နှစ်အရွယ် ကုမ္ပဏီမန်နေဂျာတစ်ဦးက ပြောပါတယ်။ သူကတော့ အသက်ရှူရမှာတောင် ကြောက်လာတယ်လို့ ဆိုပါတယ်။ အိန္ဒိယနိုင်ငံ ဒေလီမြို့မှာ မီးခိုးငွေ့တွေ အဆမတန်များပြားနေတယ်လို့ ကမ္ဘာ့မီဒီယာတွေမှာ ဖော်ပြနေတဲ့ အချိန်မှာ ပါကစ္စတန်က လာဟိုးမြို့မှာလည်း အတူတူပဲလို့ ဆိုပါတယ်။ ဒီပြဿနာတွေကို တားဆီးကန့်သတ်လို့ မရတာက ပြဿနာပါပဲ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ခန့်မှန်းမှုအရ ပါကစ္စတန်နိုင်ငံသား ၆၀၀၀၀ ဟာ လေထုထဲက အမှုန်အမွှားတွေကို ရှူရှိုက်မိတဲ့အတွက် သေဆုံးရတယ်လို့ ဖော်ပြထားပါတယ်။ ဒါဟာ ကမ္ဘာမှာ လေထုညစ်ညမ်းမှုကြောင့် သေဆုံးမှုတွေထဲမှာ အမြင့်ဆုံးလို့ ဆိုရမှာပါပဲ။ နိုဝင်ဘာလဆိုရင် ဆောင်းသီးနှံကို အချိန်မီ စိုက်ပျိုးနိုင်ဖို့ရာ စိုက်ခင်းတွေက သီးနှံအကြွင်းအကျန်တွေကို မီးရှို့ကြပြီး မီးခိုးငွေ့တွေနဲ့ အအေးဓာတ်တွေဟာ ပေါင်းစပ်ကာ လာဟိုးမြို့တစ်ခုလုံးကို လွှမ်းခြုံထားကြပါတယ်။ ဒါကို ပါကစ္စတန်နိုင်ငံရဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသူတွေကတော့ ပဉ္စမမြောက် ရာသီအဖြစ် သတ်မှတ်ထားကြပါတယ်။

ပန်ဂျပ်ပြည်နယ်ရဲ့ ကျန့်တဲ့အစိတ်အပိုင်းတွေမှာလည်း မီးခိုးငွေ့တွေ ဖုံးလွှမ်းနေပါတယ်။ ပန်ဂျပ်နယ်စပ်ဖြစ်တဲ့ အိန္ဒိယမှာလည်း ဒီပြဿနာဟာ ပိုပိုပြီး ဆိုးရွားလာတာနဲ့ ရင်ဆိုင်နေရပါတယ်။ ဒီလအတွင်းမှာတော့ ပါကစ္စတန်ပြည်သူတွေက အဆိုးဆုံး ပြဿနာလို့ဆိုကြတဲ့ မီးခိုးမြူ ဖုံးလွှမ်းမှုနဲ့ ကြုံတွေ့နေရတာပါပဲ။ ဒါပေမယ့်လည်း အခုထက်ထိတိုင်အောင် လေထုညစ်ညမ်းမှုနဲ့ ပတ်သက်လို့ အစိုးရက ကောက်ယူထားတဲ့ အချက်အလက် အနည်းငယ်သာ ရှိပါသေးတယ်။ ယခုလအတွင်းမှာ မီးခိုးမြူတိုက်ဖျက်ရေးနဲ့ပတ်သက်လို့ မူဝါဒအသစ်ကြေညာရင်းနဲ့ ပန်ဂျပ်အစိုးရဟာ သူတို့မှာ လေထုအရည်အသွေးနဲ့ ပတ်သက်လို့ အချက်အလက် သိပ် မလုံလောက်ဘူးဆိုတာ ဝန်ခံခဲ့ပါတယ်။ ပန်ဂျပ်ပြည်နယ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးဌာန ညွှန်ကြားရေးမှူးကတော့ အစိုးရဟာ လွန်ခဲ့တဲ့နှစ်ကပဲ လေထုအရည်အသွေးတိုင်းတာတဲ့စက် ခြောက်ခု ဝယ်ယူခဲ့ပေမယ့် ဒါတွေကို တပ်ဆင်ထားခြင်း မရှိဘူးလို့ ဆိုပါတယ်။ လူထုကလည်း အစိုးရဘက်က လေထုညစ်ညမ်းမှုနဲ့ ပတ်သက်ပြီး အချက်အလက်တွေ နည်းပါးနေတာနဲ့ပတ်သက်ပြီး စိုးရိမ်တကြီး ဝေဖန်လာကြပါတယ်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာနကတော့ လက်ရှိအခြေအနေနဲ့ ပတ်သက်ပြီး အနီးကပ် စောင့်ကြည့်မှုတွေ ပြုလုပ်နေပါတယ်လို့ ပြောပါတယ်။ ဒါပေမယ့်လည်း လေထုအရည်အသွေးနဲ့ ပတ်သက်လို့ကတော့ ကြေညာချက်ထုတ်ပြန်တာမျိုး မရှိသေးပါဘူး။ လေထုအရည်အသွေးနဲ့ ပတ်သက်ပြီး တရားဝင် သတင်းထုတ်ပြန်ချက်တွေ မရှိတော့ ပြည်သူအချို့ဟာ လေထုတိုင်းတာရေးစက်တွေ ကိုယ်တိုင်အသုံးပြုလာပါတယ်။ မစ္စတာ အိုမာကတော့ လာဟိုး၊ အစ္စလာမ္မာဘတ်၊ ပတ်ရှ်ဝါ၊ ကရာချိတို့မှာ လေထုတိုင်းတာရေးကိရိယာတွေ တပ်ဆင်ခဲ့ပါတယ်။ မစ္စတာ အိုမာဟာ တရုတ်ပြည်မှာ သူရရှိခဲ့တဲ့ အတွေ့အကြုံတွေကို မျှဝေချင်သူပါ။ တရုတ်နိုင်ငံမှာဆိုရင် အာဏာပိုင်တွေဟာ လေထုအရည်အသွေး စောင့်ကြည့်ရေးဌာနတွေကို နိုင်ငံတစ်ဝန်းနဲ့ မြို့ကြီးတွေမှာ ဖွင့်လှစ်ခဲ့ပါတယ်။

မစ္စတာ အိုမာကတော့ လေထုညစ်ညမ်းမှုနဲ့ပတ်သက်ပြီး တစ်နိုင်ငံလုံးက အရေးတယူပြုလုပ်လာအောင် လေထုညစ်ညမ်းမှုရဲ့ အန္တရာယ်ကို လူထုက သတိပြုမိလာအောင်လုပ်ဖို့ လိုတယ်လို့ ဆိုပါတယ်။ မစ္စတာအိုမာဟာ ပါကစ္စတန် လေထုညစ်ညမ်းမှုပမာဏကို လူထုအား ချပြခဲ့ပြီး လေထုညစ်ညမ်းမှုရဲ့အန္တရာယ်နဲ့ ကျန်းမာရေးထိခိုက်မှုတွေကို လူထုအား သတိပေးမှုတွေ ပြုလုပ်ထားပါတယ်။ သူ့ရဲ့ လုပ်ဆောင်ချက်တွေဟာ တစ်စုံတစ်ခုသော အတိုင်းအတာထိတော့ အောင်မြင်တယ်လို့ ဆိုရမှာပါပဲ။ သူက တွစ်တာမှာ လေထုညစ်ညမ်းမှုနဲ့ပတ်သက်ပြီး သတိပေးမှုတွေ ပြုလုပ်ထားတော့ လာဟိုးမြို့ခံ ပြည်သူတွေဟာ ညစ်ညမ်းတဲ့ လေတွေကို မရှူရှိုက်မိစေဖို့ အပြင်ထွက်တဲ့အခါ မျက်နှာဖုံးတွေ တပ်ဆင်လာကြပါတယ်။

နောက်ထပ် တက်ကြွလှုပ်ရှားသူတစ်ဦးကတော့ လာဟိုးမြို့က ထင်ရှားတဲ့ စာအုပ်ဆိုင်ပိုင်ရှင်ပဲဖြစ်ပြီး သူဟာ ဖေ့စ်ဘွတ်ခ်မှာ Citizine for clean air ဆိုတဲ့ နာမည်မှည့်အုပ်စုဖွဲ့ခဲ့ပြီး မီးခိုးမြူတွေ ထူထဲစွာကျရောက်ခြင်းနဲ့ပတ်သက်ပြီး အဖြေရှာဖို့ လူမှုကွန်ရက်ကနေတစ်ဆင့် အုပ်စုဖွဲ့ပြီး ဆွေးနွေးတိုင်ပင်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ အစိုးရကိုလည်း လေထုညစ်ညမ်းမှုနဲ့ ပတ်သက်ပြီး အရေးတယူ ဆောင်ရွက်လာဖို့၊ ဖိအားပေးတောင်းဆိုမှုတွေ ပြုလုပ်သွားဖို့ ဆွေးနွေးခဲ့ကြတယ်။ အစိုးရဘက်က သေချာအလုပ်လုပ်မလုပ်ကို စောင့်ကြည့်ဖို့ လိုအပ်တယ်လို့လည်း သူက ဆိုပါတယ်။ လည်ချောင်းနာတာ၊ မျက်စိစူးတာတွေဟာ ပန်ဂျပ်ပြည်နယ်က ပြည်သူတွေ ခံစားရပြီး ဒါတွေဟာ မီးခိုးမြူတွေကြောင့် ကျန်းမာရေးကို ထိခိုက်တယ်ဆိုတာ သိသာထင်ရှားစွာ ပြသနေတဲ့ သက်သေတွေပါပဲ။ ဒါတွေအပြင် လမ်းတွေမှာ မြူတွေဖုံးနေတဲ့အတွက်ကြောင့် တစ်ရက်တည်းမှာကိုပဲ ယာဉ်မတော်တဆမှုတွေ ဖြစ်ပွားခဲ့ပြီး လူတစ်ဒါဇင်လောက် သေဆုံးခဲ့ရတယ်လို့ ဆိုပါတယ်။ ဒါဟာလည်း လမ်းမပေါ်မှာ မြူတွေကြောင့် ကောင်းကောင်းမမြင်ရလို့ ဖြစ်ပေါ်ရတဲ့ ယာဉ်မတော်တဆမှုတွေပဲ ဖြစ်တယ်လို့ ရဲတွေက ဆိုပါတယ်။ အဓိကကတော့ အမြန်လမ်းမကြီးတွေကိုလည်း မီးခိုးမြူတွေ သိပ်သည်းစွာ ကျဆင်းမှုကြောင့် လမ်းတွေကို ခေတ္တပိတ်ထားရပါတယ်။ လောင်စာဆီနဲ့ လည်ပတ်နေတဲ့ စက်ရုံကြီး ၁၃ ရုံကိုလည်း လွန်ခဲ့တဲ့ သီတင်းပတ်က စပြီး ပိတ်ထားခဲ့ပါတယ်။ လာဟိုးမြို့က ဆေးရုံတစ်ခုတည်းမှာကိုပဲ နေ့စဉ် လူ ၅၀၀ နီးပါးဟာ အသက်ရှူရခက်တဲ့ ဝေဒနာနဲ့ မျက်စိကျိန်းစပ်တဲ့ ဝေဒနာတို့ကို လာရောက်ကုသကြတယ်လို့ သိရပါတယ်။

ပန်ဂျပ်ပြည်နယ်အစိုးရကတော့ အရေးပေါ် ဆောင်ရွက်ရမယ့် ကိစ္စတွေ ရှိတယ်လို့ ဆိုပါတယ်။ အဲဒါတွေကတော့ ကောက်ပဲသီးနှံ အကြွင်းအကျန်တွေကို မီးမရှို့ကြဖို့ပါပဲ။ လူပေါင်း ၁၀၀ ကျော် နီးပါးကို စိုက်ခင်းမီးရှို့မှုကြောင့် ဖမ်းဆီးခဲ့ရပြီး ရာနဲ့ချီတဲ့ စက်ရုံတွေကိုလည်း မီးခိုးထုတ်လွှတ်မှုနဲ့ပတ်သက်ပြီး ထိန်းချုပ်တဲ့ ကိရိယာမရှိတဲ့အတွက် ပိတ်ပစ်လိုက်ရပါတယ်။ လယ်သမားတွေဟာလည်း ထောက်ပံ့ငွေ အလုံအလောက်မရတော့ ဆောင်းသီးနှံကို အချိန်မီ စိုက်ပျိုးဖို့ရာ စိုက်ခင်းက သီးနှံအကြွင်းအကျန်တွေကို အမြန်ရှင်းလင်းဖို့အတွက် မီးရှို့ကြရတာပဲ ဖြစ်ပါတယ်။ ဒါဟာလည်း နှစ်စဉ် ကြုံတွေ့နေရတာပဲ ဖြစ်ပါတယ်။ မလုပ်ရဘူးလို့ ဘယ်လိုပဲတားမြစ်ထား တားမြစ်ထား ဒီပြဿနာကို ပန်ဂျပ်ပြည်နယ်မှာ ဖြေရှင်းလို့ မရသေးပါဘူး။ လာဟိုး ယာဉ်ထိန်းရဲတွေကလည်း မကြာသေးမီ ရက်ပိုင်းအတွင်းကမှ မီးခိုးထွက်ရှိမှုစံနှုန်းနဲ့ မကိုက်ညီတဲ့ ယာဉ်တွေကို ဒဏ်ကြေး ကောက်ခံရာမှာ ဒေါ်လာ ၅၀၀၀၀ ရရှိခဲ့တယ်လို့ ပြောပါတယ်။ ဒါပေမယ့်လည်း အမှန်တကယ် လုပ်ဆောင်ရမယ့် အရာတွေက လောင်စာအရည်အသွေးကို မြှင့်တင်ခြင်း၊ ဆိုလာစနစ် အသုံးပြုလာအောင် ဆောင်ရွက်ပေးခြင်း၊ သစ်ပင်တွေ စိုက်ပျိုးခြင်း၊ လမ်းပေါ်မှာ ကားတွေ လျော့သွားအောင် ပြည်သူ့သယ်ယူ ပို့ဆောင်ရေးစနစ်တွေ တိုးတက်လာအောင် လုပ်ဆောင်ပေးခြင်း၊ ဒါတွေကိုလည်း လုပ်ဆောင်ပေးဖို့ လိုအပ်တယ်လို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားတွေက ပြောပါတယ်။ ဒါတွေအပြင် မီဒီယာတွေရဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအပေါ် စိတ်ဝင်စားမှုတွေရှိဖို့လည်း လိုအပ်ပါတယ်။ အရေးပေါ်ဆောင်ရွက်မှုတွေ လုပ်ဆောင်နေပေမယ့် ရေရှည် ဆောင်ရွက်ရမယ့် ကိစ္စတွေအပေါ်မှာတော့ အစိုးရဟာ စိတ်ဝင်စားမှု မရှိဘူးလို့ ဆိုပါတယ်။

ဒီတော့ အစိုးရအနေနဲ့ ဒီမီးခိုးမြူ ပြဿနာတွေကို ဖြေရှင်းဖို့၊ စိတ်ဝင်တစားရှိဖို့ လိုလာပြီလို့ ဆိုပါတယ်။ အိန္ဒိယမှာလည်း နှစ်စဉ် ကောက်ပဲသီးနှံစိုက်ခင်းတွေကို မီးရှို့တာဟာ ပြဿနာတစ်ခုလို ဖြစ်နေပါတယ်။ ပါကစ္စတန်အစိုးရကတော့ အိန္ဒိယဘက်က သီးနှံစိုက်ခင်း မီးရှို့မှုတွေကြောင့် မီးခိုးမြူပြဿနာ ဖြစ်ရတာပါလို့ အပြစ်တင်ထားပါတယ်။ ပြည်သူတွေကတော့ သူများတွေကို အပြစ်တင်တာတွေရပ်ပြီး အစိုးရအနေနဲ့ ကိုယ်တိုင် အဖြေရှာ ဆောင်ရွက်ဖို့ အချိန်တန်ပြီလို့ ဆိုပါတယ်။

**ကိုးကား- နယူးယောက်တိုင်းမ်**

> “ ပန်ဂျပ်ပြည်နယ်အစိုးရကတော့ အရေးပေါ် ဆောင်ရွက်ရမယ့်ကိစ္စတွေ ရှိတယ်လို့ ဆိုပါတယ်။ အဲဒါတွေကတော့ ကောက်ပဲသီးနှံ အကြွင်းအကျန်တွေကို မီးမရှို့ကြဖို့ပါပဲ။ လူပေါင်း ၁၀၀ ကျော်နီးပါးကို စိုက်ခင်းမီးရှို့မှုကြောင့် ဖမ်းဆီးခဲ့ရပြီး ရာနဲ့ချီတဲ့ စက်ရုံတွေကိုလည်း မီးခိုးထုတ်လွှတ်မှုနဲ့ပတ်သက်ပြီး ထိန်းချုပ်တဲ့ကိရိယာ မရှိတဲ့အတွက် ပိတ်ပစ်လိုက်ရ ”

# ကားကြီးဝင်းအသစ်ရှိ ဆိုင်ခန်းတစ်ခန်းကို သိန်း ၇၀၀ ခန့်ဖြင့် ရောင်းချရန် သတ်မှတ်

**မြစ်ကြီးနား နိုဝင်ဘာ ၁၄**
မြစ်ဖျားဧရာ ယာဉ်ရပ်နားစခန်းအသစ်၏ ဆိုင်ခန်းတစ်ခန်းကို ငွေကျပ် သိန်း ၇၀၀ ခန့်ဖြင့် ရောင်းချမည်ဟု ကချင်ပြည်နယ်အစိုးရအဖွဲ့မှ သတ်မှတ်ပေးထားကြောင်း စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

မြစ်ကြီးနားမြို့ တပ်ကုန်း၊ ထွယ်ဆန်ရပ်ကွက်၊ ရွှေလမ်းမ၊ လမ်းသွယ် ၁၀ ရှိ မြစ်ဖျားဧရာ ယာဉ်ရပ်နားစခန်းအသစ်၏ ၁၈ ပေ၊ ပေ ၃၀ နှစ်ထပ်ဆိုင်ခန်းတစ်ခန်းလျှင် ၆၉ ဒသမ ၄၅ သန်းကို သုံးရစ်ပေးချေ၍ ရောင်းချမည်ဖြစ်ကြောင်း ပြောသည်။

"ဝန်ကြီးချုပ်အပါအဝင် အစိုးရအဖွဲ့ရဲ့ဆုံးဖြတ်ညွှန်ကြားချက်အရ ဒီဈေး သတ်မှတ်ပေးတာပါ။ တစ်သက်လုံးပိုင်ဆိုင်မှုစာအုပ်ထုတ်ပေးမယ်"ဟု စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ပြောသည်။

အဆိုပါ ယာဉ်ရပ်နားစခန်းအသစ်ကို မဠ္ဍူသာဆောက်လုပ်ရေးကုမ္ပဏီမှ ဆောက်လုပ်ခဲ့ရာ ၁၈ ပေ၊ ပေ ၃၀ ကျယ်သော နှစ်ထပ်ဆိုင်ခန်း အခန်းပေါင်း ၇၀ နှင့် တစ်ထပ်ဆိုင်ခန်း ခုနစ်ခန်း၊ လျှပ်စစ်မီး၊ ဂါလန် ၁၂၀၀၀ ဆံ့ရေစင်နှင့် သန့်စင်ခန်းများ ပါရှိကြောင်း သိရသည်။

"တခြားမြို့တွေထက်စာရင် တိုက်ခန်းတွေကလည်း ဈေးများတယ်၊ မလုပ်ခင်ကတည်းက ကျွန်တော်တို့ကို ချပြခြင်းလဲမရှိခဲ့ဘူး၊ ဂိတ်ပိုင်ရှင်တွေ အားလုံးက ဒီဆိုင်ခန်းကို မဝယ်နိုင်လို့ ပြင်ပမှာပဲ ကားဂိတ် ထောင်မယ်ဆိုရင် မလိုလားအပ်တဲ့ ပြဿနာတွေလည်း ပိုပြီးဖြစ်ပွားလာနိုင်ပါတယ်"ဟု ကချင်ပြည်နယ် ယာဉ်များကြီးကြပ်ရေးကော်မတီ၏ အတွင်းရေးမှူး ဦးမျိုးမြင့်ဦးကပြောသည်။ သီတာရပ်ကွက်ရှိ ယာဉ်ရပ်နားစခန်းနေရာဟောင်းတွင် စုစုပေါင်း ယာဉ်လိုင်း ၈၀ ရှိပြီး ပြည်နယ်တွင်း ကားဂိတ် ၆၅ ဂိတ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြေးဆွဲသည့် ကားဂိတ် ၁၅ ဂိတ်ရှိသည်။

"ဆိုင်ခန်းဈေးနှုန်းကို လျှော့ချပေးဖို့ ကျွန်တော်တို့ ယာဉ်အသင်းတွေ အားလုံးစုပြီး ဒီတစ်ပတ်ထဲမှာပဲ သက်ဆိုင်ရာ ပြည်နယ်အစိုးရရုံးကို စာတင်သွားဖို့ ရှိပါတယ်"ဟု မိုးကောင်းကင်ကားဂိတ်မှဂိတ်မှူး ဦးအောင်သူရက ပြောသည်။ ယခု သီတာရပ်ကွက်ရှိ ကားကြီးကွင်းနေရာသည် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ၁၅ နှစ်စာချုပ်သက်တမ်းဖြင့် ယာဉ်ပိုင်ရှင်များမှ ၂၀၀၅ခုနှစ်တွင် စာချုပ်ချုပ်ထားပြီး အဆိုပါကားဂိတ်ဆိုင်ခန်းနေရာသည် စာချုပ်ပြည့်ရန် သုံးနှစ်လိုနေသေးကြောင်း ယာဉ်ပိုင်ရှင်များထံမှ သိရသည်။

"ကျွန်တော်တို့အတွက်က ဆိုင်ခန်းဝယ်ဖို့ လိုက်မမီနိုင်တဲ့ ငွေကြေးဖြစ်နေပါတယ်၊ ဝယ်နိုင်တဲ့အင်အားလည်း မရှိပါဘူး၊ အခုက မဖြစ်မနေပြောင်းရွှေ့ရမယ့်သဘောလား၊ ပြောင်းရမယ်ဆိုရင်လည်း ကျန်ရှိနေတဲ့ သုံးနှစ်ကို ကျွန်တော်တို့အတွက် ဘယ်လိုပြန်လုပ်ပေးမှာလဲ"ဟု ယာဉ်အသင်းပိုင်ရှင်များက ပြောသည်။

ကချင်ပြည်နယ်တွင် ကားလုပ်ငန်းများမှာ ယခင်နှစ်များကထက် အဆင်မပြေမှုများရှိနေပြီး ပြည်နယ်အစိုးရမှ ဆိုင်ခန်းဈေးနှုန်းကို ယာဉ်ပိုင်ရှင်များနှင့် တွေ့ဆုံ၍ ညှိနှိုင်းပေးစေလိုကြောင်း ယာဉ်များကြီးကြပ်ရေးကော်မတီ၏ ဥက္ကဋ္ဌ ဦးအေးဇော်ဇော်ကပြောသည်။

နိုဝင်ဘာ ၇ ရက်က သီတာရပ်ကွက်ရှိ ကားကြီးဝင်းအဟောင်းတွင် မဠ္ဍူသာဆောက်လုပ်ရေး ကုမ္ပဏီမှ မြစ်ဖျားဧရာ ယာဉ်ရပ်နားစခန်းတွင် ယာဉ်ဂိတ်များဖွင့်ရန်အတွက် အခန်းများကို ဦးရာစနစ်ဖြင့် ရောင်းချပေးနေပြီဖြစ်ပါကြောင်း အသိပေးကြေညာသော ဆိုင်းဘုတ်များကို စည်ပင်ဝန်ထမ်းများမှ လာရောက်စိုက်ထူသွားကြောင်း သိရသည်။

**မင်းမင်းဦး**

# အခြေခံ လျှပ်စစ်ဝိုင်ယာရိန်းသင်တန်းဖွင့်လှစ်

**ပုဏ္ဏားကျွန်း နိုဝင်ဘာ ၁၄**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော အခြေခံလျှပ်စစ်ဝိုင်ယာရိန်းသင်တန်းဖွင့်ပွဲကို ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ နိုဝင်ဘာ ၁၁ ရက်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် စစ်တွေခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးဌာနမှ ခရိုင်ဦးစီးမှူး ဦးစောဝေက ကျေးလက်ဒေသများတွင် ကျွမ်းကျင်လုပ်သားလိုအပ်ချက်များကို အထောက်အကူဖြည့်ဆည်းနိုင်ရေးနှင့် လူငယ်များအလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရေးအတွက် လျှပ်စစ်ဝိုင်ယာရိန်းပညာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်သဖြင့် သင်တန်းသားများက မိမိတို့တတ်ကျွမ်းသော လျှပ်စစ်နည်းပညာရပ်ဖြင့် လုပ်ငန်းခွင်များတွင် အသက်မွေးဝမ်းကျောင်းအဖြစ် အသုံးချနိုင်ရန် လေ့လာသင်ကြားစေလိုကြောင်း မှာကြားသည်။ ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်သန့်ဇင်က ကျေးလက်နေရာဒေသအများအပြားတွင် လျှပ်စစ်မီးကို ကိုင်တွယ်အသုံးပြုနေရသည့်အတွက် သင်တန်းဖွင့်လှစ်၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

"ဒီသင်တန်းမှာ တက်ရောက်နေကြတဲ့ သင်တန်းသားတွေက ကျေးလက်နေပြည်သူတွေဖြစ်ပါတယ်၊ ကျွန်တော်တို့အနေနဲ့ သင်တန်းမှပို့ချပေးတဲ့ ပညာရပ်များကို လေ့လာမှတ်သားသင်ယူသွားမှာ ဖြစ်ပါတယ်၊ သင်တန်းသားတွေအားလုံးဟာ ဒီသင်တန်းကိုစိတ်ပါဝင်စားပြီးလာတက်ကြတာပါ၊ လက်တွေ့နယ်ပယ်မှာလည်း သင်တန်းမှရရှိတဲ့နည်းပညာများဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ အသုံးချသွားမည်"ဟု အလယ်ချောင်းကျေးရွာမှ သင်တန်းသားအဖွဲ့ခေါင်းဆောင် မောင်ချစ်စံဦးက ပြောသည်။ အဆိုပါသင်တန်းကို ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ်တွင် ခွင့်ပြုငွေကျပ်သိန်း ၅၀ ဖြင့် ကျေးရွာအုပ်စု ၁၄ ခုမှ ကျေးရွာပေါင်း ၁၆ ရွာနှင့်ရပ်ကွက်သုံးခုမှ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက် သင်ယူလျက်ရှိပြီး သင်တန်းကာလမှာ ရက်ပေါင်း ၂၀ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **နီထွန်းအောင်(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များ၌ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ရွေးချယ်မည်

**ရန်ကုန် နိုဝင်ဘာ ၁၄**
ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များ၌ ရပ်၊ ကျေး အုပ်ချုပ်ရေးမှူးများ ပြန်လည်ရွေးချယ်တင်မြှောက်ရန် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် ရပ်ကွက်ကြီးကြပ်ရေးအဖွဲ့ဝင် ငါးဦးစီကို ရပ်ကွက်များအလိုက် စတင်ရွေးချယ်လျက်ရှိကြောင်း သိရသည်။

"ဒီကနေ့ကတော့ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေ ပြန်လည်ရွေးချယ်ပေးနိုင်ဖို့ ရပ်မိရပ်ဖတွေထဲက ကြီးကြပ်ရေးအဖွဲ့ဝင်ငါးဦးကို ရပ်ကွက်နေ ပြည်သူတွေက ရွေးချယ်ပေးခြင်းဖြစ်ပါတယ်၊ ရွေးချယ်လိုက်တဲ့ ရပ်မိရပ်ဖငါးဦးစာရင်းကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ ပေးပို့သွားမှာဖြစ်ပါတယ်"ဟု သာကေတမြို့နယ် ၂ တောင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရီက ရန်အောင်မြင်ဓမ္မာရုံ၌ နိုဝင်ဘာ ၁၀ ရက် ညပိုင်းပြုလုပ်သော ကြီးကြပ်သူ ငါးဦးရွေးချယ်ပွဲတွင် ပြောသည်။

အဆိုပါ ကြီးကြပ်သူ ငါးဦးက လုပ်ထုံးလုပ်နည်း၊ စည်းကမ်းများနှင့်အညီ ရပ်ကွက်အတွင်းရှိ လမ်းများအလိုက် ဆယ်အိမ်မှူးနှင့်ရာအိမ်မှူးများကို တစ်လမ်းဝင် တစ်လမ်းထွက် ရွေးချယ်ပေးနိုင်ရန် ကြီးကြပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရွေးချယ်ထားသော ဆယ်အိမ်မှူး၊ ရာအိမ်မှူးများထဲမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးကို ရပ်ကွက်နေပြည်သူများက ဆန္ဒမဲပေး ရွေးချယ်ပေးရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ အုပ်ချုပ်ရေးမှူးများသည် ယခင်အစိုးရသမ္မတသက်တမ်းတွင် ပြည်သူများက မိမိတို့ရပ်ကွက်များအလိုက် ဆန္ဒမဲပေးရွေးချယ်ပေးခဲ့ကြခြင်းဖြစ်သည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပြန်လည်ရွေးချယ်ပွဲကို မကြာမီစတင်လိမ့်မည်ဟု မျှော်လင့်ရသည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူးများသည် ပြည်သူလူထုနှင့် တိုက်ရိုက်ဆက်ဆံရသူများဖြစ်၍ သမာသမတ်ရှိပြီး အထက်ညွှန်ကြားချက်များကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သူများကို ရပ်ကွက်နေပြည်သူများက ရွေးချယ်ပေးရန်လိုအပ်ကြောင်းလည်း သိရသည်။

**မြင့်မောင်စိုး**

# ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးရန် ရှင်းလင်း

**ချင်းရွှေဟော် နိုဝင်ဘာ ၁၄**
ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် ချင်းရွှေဟော်မြို့တွင် ဂျပန်ဦးနှောက်ရောင်ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့အုပ်ချုပ်ရေးမှူးဦးကျော်မျိုးနိုင်က အမှာစကားပြောကြားခဲ့ပြီး ချင်းရွှေဟော်မြို့ပြည်သူ့ဆေးရုံမှ တာဝန်ခံဆရာဝန်ဒေါက်တာသီဟက ဂျပန်ဦးနှောက်ရောင်ရောဂါဖြစ်ပွားမှုအခြေအနေ၊ ရောဂါလက္ခဏာများ၊ ရောဂါဖြစ်ပွားသည့် အသက်အရွယ်၊ ရောဂါကာကွယ်မှု နည်းလမ်းများ၊ မြန်မာနိုင်ငံတစ်ဝန်းလုံးကာကွယ်ဆေးထိုးနှံပေးမည့်အစီအစဉ်၊ ချင်းရွှေဟော်မြို့တွင် ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးထိုးနှံရာတွင် ပြည်သူလူထု၊ ပညာရေးဌာနနှင့်လူမှုရေးအသင်းအဖွဲ့များမှ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန်နှင့် မြို့အုပ်ချုပ်ရေးမှူးက ကျောင်းအခြေပြု၊ ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးနှံပေးမည့် နေ့ရက်များကို ရှင်းလင်းပြော ကြားခဲ့ကြောင်း သိရသည်။

**ချင်းရွှေဟော်(ပြန်/ဆက်)**

# မဲဇာချောင်းကူး ယာယီတံတားကို ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ပြီးစီး



**အင်းတော် နိုဝင်ဘာ ၁၄**
စစ်ကိုင်းဒေသကြီး အင်းတော်မြို့နယ် တာပေါရွာအနီး၌ မဲဇာချောင်းကူး ယာယီတံတားကို နိုဝင်ဘာ ၁၁ ရက် နံနက်အစောပိုင်းမှစ၍ ရွာသူရွာသားများ စုပေါင်းပြီး ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ရာ ညမိုးချုပ်ချိန်၌ ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ ယာယီတံတားမှာ မိုးရာသီ ချောင်းရေများချိန်တွင် ပြန်လည်ဖြုတ်သိမ်းထား၍ နှစ်စဉ် ချောင်းရေကျချိန်၌ ပြန်လည်ဆောက်လုပ်နေကျ တံတားဖြစ်ကာ တံတားအရှည်မှာ ပေ ၇၀၀ ရှိ၍ အကျယ်မှာ ငါးပေရှိကာ တံတားပေါ်မှ လူနှင့်ဆိုင်ကယ်များ ဖြတ်သန်းသွားလာနိုင်ကြောင်း သိရသည်။ တံတားဆောက်လုပ်ရာတွင် ပါဝင်ကြသော ရွာသူရွာသားများအား အလှူရှင်များက အာဟာရဒါန ပြုခဲ့ကြသည်။

အဆိုပါ မဲဇာချောင်းကူး ယာယီတံတားပြီးစီးသွား၍ အင်းတော်မြို့နယ်အတွင်း ချောင်းအနောက်ဘက်ကမ်းရှိ ညောင်တုံး ပျဉ်ထောင်ကုန်း၊ မံဖာ၊ ကျွဲကောလေး၊ တုံးပု၊ သီလရွာများနှင့် ဗန်းမောက်မြို့နယ်မှ စီးမော်၊ တောင်ကြီး၊ ပါယ၊ ပေါက်နက်ကုန်း၊ ကျောက်တန်း၊ တောင်ချောင်းပေါက်၊ ပန်းတင်၊ ညောင်ပင်သာ၊ ကျောက်အိုက်နှင့်ပေပင်ကျေးရွာများ အပါအဝင် ရွာပေါင်း ၄၀ နီးပါးမှ ဒေသခံပြည်သူများအဖို့ မြို့ပေါ်သို့ ဆက်သွယ်သွားလာရေးတွင် များစွာလွယ်ကူစေကြောင်း သိရသည်။

အဆိုပါ ယာယီတံတား တည်ဆောက်ပြီးစီးသွားသဖြင့် လတ်တလော ချောင်းရေနည်းချိန်တွင် သွားလာရေးအဆင်ပြေစေသော်လည်း မဲဇာချောင်း အနောက်ဘက်ကမ်းရှိ အင်းတော်မြို့နယ်နှင့် ဗန်းမောက်မြို့နယ်တို့မှ ဒေသခံများအတွက် မိုးရာသီ ချောင်းရေများချိန်တွင်ပါ လမ်းပန်းဆက်သွယ်ရေး လွယ်ကူစေရန် အခိုင်အမာ တံတားတစ်စင်းကို နိုင်ငံတော်အစိုးရက တည်ဆောက်ပေးရန် ဒေသခံပြည်သူများက လိုလားနေကြကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**

# ရုပ်ရှင်သရုပ်ဆောင် ဘောလုံးအသင်း အနိုင်ရ

**ရန်ကုန် နိုဝင်ဘာ ၁၄**
ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ် ၈ ရပ်ကွက် နဝရတ်အားကစားကွင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲအတွက် မြို့နယ်ပေါင်းစုံ အသက် ၂၂ နှစ်အောက် အမျိုးသားဘောလုံးတိုးတက်ရေး လူငယ်အသင်းနှင့် ရုပ်ရှင်သရုပ်ဆောင်အသင်းတို့ နိုဝင်ဘာ ၁၀ ရက် ညနေ ၃ နာရီက ယှဉ်ပြိုင်ကစားကြသည်။ ဘောလုံးဝါသနာရှင်ပေါင်း ၇၀၀ ကျော် တက်ရောက်အားပေးခဲ့ကြပြီး ယင်းပြိုင်ပွဲတွင် ရုပ်ရှင်သရုပ်ဆောင်အသင်းမှ အမျိုးသားတိုးတက်ရေး လူငယ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **ကျယ်ဝေါင်**

# တိုင်းရင်းဆေးပညာဖြင့် အခမဲ့ကွင်းဆင်းဆေး ကုသပေး

**အထက်မင်းလှ နိုဝင်ဘာ ၁၄**
သရက်ခရိုင် မင်းလှမြို့နယ် မလွန်ကျေးရွာတွင် နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက သဘာဝပတ်ဝန်းထိန်းသိမ်းရေးဟောပြောခြင်းနှင့် တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းကုသခဲ့သည်။ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူးနှင့် မြို့နယ်တိုင်းရင်းဆေးကုသရေး ဦးစီးဌာနမှူးတို့က မလွန်ကျေးရွာနေပြည်သူများအား သဘာဝပတ်ဝန်းဆိုင်ရာ အသိပညာပြန့်ပွားစေရေး အသိပညာပေးဟောပြောခြင်းနှင့် တိုင်းရင်းဆေးဖြင့်အခမဲ့ကွင်းဆင်း ဆေးကုသခြင်းများကို ဆောင်ရွက်ခဲ့ပြီး နံရံကပ်စာစောင်များပြသခြင်းနှင့်လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ကိုသက်(အထက်မင်းလှ)**

# ငါန်းဇွန်မြို့နယ်၌ လူထုဗဟိုပြု စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ငါန်းဇွန် နိုဝင်ဘာ ၁၄**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်၌ ဆောင်ရွက်ပြီးစီးသည့် လူထုဗဟိုပြုစီမံကိန်း(CCD)လုပ်ငန်းများကို နိုဝင်ဘာ ၁၁ ရက်က ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းများ ရေရှည်အောင်မြင်ရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

မြို့သာအုပ်စု မြို့သာအရှေ့ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ လူထုဗဟိုပြုစီမံကိန်း(CCD) ပံ့ပိုးငွေဖြင့် အလျားပေ ၆၀၊ အနံ ၃၂ ပေ၊ အမြင့် ၁၃ ပေရှိ တိုးချဲ့စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုကို ညွှန်ကြားရေးမှူးချုပ်က တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းဟန်၊ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ စီမံကိန်းဆိုင်ရာများကို ဆွေးနွေးကာ ကျောင်းဆောင်သစ်ကို ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးရန် မှာကြားသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ လူထုဗဟိုပြုစီမံကိန်း(CCD)ဝန်ထမ်းများနှင့် တွေ့ဆုံကာ မြို့နယ်အတွင်း ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များနှင့် တွေ့ကြုံနေရသည့် အခက်အခဲများနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းကာ လိုအပ်ချက်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ **သက်နောင်ဦး(ငါန်းဇွန်)**

# ဘကြီး အမြဲသတိရနေမည့် ပင်းတယမြို့နယ်ထဲက သရက်ကုန်းရွာကလေး

**မြင့်စိုး (နတလ)**

ပြီးခဲ့သည့် နိုဝင်ဘာ ၈ ရက် ညဦးပိုင်းက ပင်းတယမြို့နယ် သရက်ကုန်း(တောင်ရွာ)မှ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးမြင့်မောင် ဖုန်းဆက်လာသည်။ သူတို့သရက်ကုန်းရွာ သည်ကနေ့ ရေရပြီမို့ တစ်ရွာလုံးပျော်နေကြသည်...တဲ့။ မနက်ခင်း ရေစမ်းသပ်လွှတ်ကတည်းက တန်းစီပြီး ရေလာခပ်တဲ့ရွာသူရွာသားတွေ၊ အိုးစည်ဗုံမောင်း အတီးအမှုတ်အကအခုန်တွေနဲ့ ဘေးကနေ ဖျော်ဖြေတဲ့သူတွေနဲ့ စည်းကားလို့နေသည်ဆိုပဲ။ ကျွန်တော်သိထားသည်မှာ ထိုနေ့က ရေစတင်ပေးဝေခြင်းမဟုတ်ပဲ ၁၁ မိုင်ခန့်ဝေးသော ရေထွက်မှရေကိုထိုရွာသို့အရောက် ချောချောမွေ့မွေ့ပို့လွှတ်ပေးနိုင်ခြင်း ရှိ၊ မရှိစမ်းသပ်ပို့လွှတ်ကြည့်ခြင်းဖြစ်ကြောင်း၊ စတင်ပို့လွှတ်ချိန်က ၁ နာရီလျှင် ဂါလန် ၈၀၀ ခန့် ရရှိခဲ့ပြီး ထိုမှဂါလန် ၁၄၀၀/၁၆၀၀ ခန့်ထိ တက်လာပြီဖြစ်ကြောင်း ယင်းလုပ်ငန်းအား တာဝန်ယူဆောင်ရွက်ပေးသူ ဦးကံလု (K.Z.E.N) ထံမှ သိရသည်။

အင်းလေ...ပျော်ကြပေမပေါ့။ အမှန်တကယ်လည်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသထဲမှာ မိုးမခေါင်ဘဲ ရေရှားပါးနေကြသောဒေသတွေက အများအပြား ကျန်ရှိနေသေးသည်ဟု ပြောလျှင် မမှားတန်ရာ။ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ပင်းတယမြို့နယ်အတွင်းက ပန်းစစ်ရေထွက်မှ ၁၁ မိုင်အကွာအဝေးထိ သွယ်ယူပေးခဲ့သော သရက်ကုန်း (တောင်)ရွာလေးကိုပဲ ကြည့်ဦးတော့။ မိုးတွင်းမှာ မိုးရေစု၍ သုံးကြရသည်။ ထိုမှဆောင်းအကုန် နွေအကူးရောက်လာပြီဆိုသည်နှင့် သုံးမိုင်ခန့်ဝေးသော ပင်းတယမြို့ပေါ်သို့သွားရောက်သယ်ယူကြရသည်။ အလကားတော့ မရပါ။ စက်ရေတွင်းတူးထားသူများထံမှ ဝယ်ယူကြရ၏။ ထော်လာဂျီ တစ်စီးတိုက်ကို ရေခြောက်ပီပါခန့်ပါပြီး ကျပ် ၁၂၀၀၀ ပေးရကြောင်း သိရ၏။ ကိုင်း...ရေကိုသည်လိုသည်လိုပိုက်ဆံပေးပြီး ဝယ်ယူခဲ့သောကြောင့် အဆင်ပြေနေသည်ဟုပဲ ဆိုကြပါစို့၊ အမြဲတမ်း မဟုတ်ပါ။ နွေရာသီရောက်ပြီဆိုသည်နှင့် စက်ရေတွင်းသမားကလည်း ရေထွက်နည်းလာပြီမို့ ပိုက်ဆံဘယ်လောက်ပေးပေး မရောင်းကြတော့ကြောင်း၊ ထိုအခါ ပင်းတယမြို့မြောက်ဘက်ရှိ တောရချောင်းအထိ သွားရောက်သယ်ယူကြရကြောင်း သိရသည်။ ထိုတောရချောင်းသည် သရက်ကုန်းရွာမှ လေးမိုင်ခွဲခန့် သွားကြရသည်ဆို၏။ ရေကလည်း နီတချို့ ဝါတထွေနှင့် သိပ်ပြီးသန့်လှသည်တော့ မဟုတ်။

ယခုတော့အိမ်ခြေ ၂၀၀ ကျော်၊ လူဦးရေ ၁၀၀၀ နီးပါးခန့်ရှိသော သရက်ကုန်းရွာကလေး၊ ရေရှားပါးမှုဒုက္ခမှ ကင်းဝေးသွားခဲ့ပါပြီ။ နိုင်ငံတော်အစိုးရသစ်လက်ထက် ရက် ၁၀၀ စီမံကိန်းကာလအတွင်း နယ်စပ်ရေးရာဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သောလုပ်ငန်းစဉ် ၉ ရပ်ထဲမှာ နယ်စပ်ဒေသအသီးသီးမှတိုင်းရင်းသား၊ တိုင်းရင်းသူလေ့လာရေးအဖွဲ့များ ဖိတ်ကြားခေါ်ယူ၍ နေပြည်တော်နှင့် ပတ်ဝန်းကျင်လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးခြင်းလုပ်ငန်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၏ ဖိတ်ကြားချက်အရ ၂၀၁၆ ခုနှစ် ဇွန်လအတွင်း၌ကရင်၊ ပလောင်နှင့် ဓနုတိုင်းရင်းသား လေ့လာရေးအဖွဲ့များသည်လည်းကောင်း၊ ထိုနှစ်ဇူလိုင်လအတွင်းတွင် ကချင်၊ ကယား၊ မွန်နှင့်ရခိုင်တိုင်းရင်းသား လေ့လာရေးအဖွဲ့များသည် လည်းကောင်း နေပြည်တော်သို့ ရောက်ရှိလေ့လာခဲ့ကြသည်။ ဇွန်လအတွင်း လာရောက်ခဲ့သည့် ဓနုတိုင်းရင်းသား၊ တိုင်းရင်းသူများထဲတွင် ပင်းတယမြို့နယ် သရက်ကုန်းကျေးရွာ၊ ကြေးတွင်းကုန်းကျေးရွာတို့မှ ကလေးများပါဝင်လာခဲ့သည်။ သူတို့ကလေးတွေကလည်း ပင်းတယဘက်သို့ရောက်လျှင် သူတို့ရွာများအထိ အလည်လာရောက်ပါရန်ကျွန်တော်တို့အား ပြန်လည်ဖိတ်ခေါ်

> **“ထိုကျေးရွာများသို့ ကိုယ်တိုင်ကိုယ်ကျရောက်ရှိသွားသောအခါတွင်မှ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် မိုးမခေါင်သော်ငြား သောက်သုံးရေ အလွန်ရှားပါးသော၊ စက်ရေတွင်း၊ လက်တူးတွင်းများတူးလျှင်လည်း ရေအောင်ဖို့ရာ အလွန် မသေချာသော ဒေသတစ်ခုဖြစ်ကြောင်း တွေ့ရှိခဲ့ရ၊ ရွာငံမြို့နယ်မှအပြန် ပင်းတယမြို့နယ်ကို ဖြတ်ဆင်းသော ကားလမ်းတစ်လျှောက်၌ တောင်ပေါ်ကြီးကျေးရွာအပါအဝင် ရွာတော်တော်များများသည် မိုးရေကို အားပြုစုဆောင်းကာ သုံးစွဲနေကြရကြောင်း တွေ့ရ”**

သွားခဲ့ကြသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုနှစ်အောက်တိုဘာလအတွင်းမှာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်များ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုန်းမြို့နယ်နှင့် ဆီဆိုင်မြို့နယ်များသို့ နယ်စပ်ဖွံ့ဖြိုးရေးဆိုင်ရာ ကွင်းဆင်းခရီးထွက်ခွာခွင့်ကြုံခဲ့သည်။ ပင်းတယမြို့နယ်ခရီးစဉ်များတွင် ရှမ်းပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ဦးမြင့်စိုးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီလေးချမ်းလည်း အတူလိုက်ပါခဲ့၏။ ထိုခရီးစဉ်၌ သရက်ကုန်းနှင့် ကြေးတွင်းကုန်းရွာမှ လေ့လာရေးအဖွဲ့ဝင် ဓနုတိုင်းရင်းသား၊တိုင်းရင်းသူကလေးငယ်များကို သွားရောက်တွေ့ဆုံနှုတ်ဆက်ခဲ့သည်။ ထိုကျေးရွာများသို့ ကိုယ်တိုင်ကိုယ်ကျရောက်ရှိသွားသောအခါတွင်မှ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် မိုးမခေါင်သော်ငြား သောက်သုံးရေအလွန်ရှားပါးသော၊ စက်ရေတွင်း၊ လက်တူးတွင်းများတူးလျှင်လည်း ရေအောင်ဖို့ရာ အလွန်မသေချာသော ဒေသတစ်ခုဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။ ရွာငံမြို့နယ်မှအပြန် ပင်းတယမြို့နယ်ကို ဖြတ်ဆင်းသော ကားလမ်းတစ်လျှောက်၌ တောင်ပေါ်ကြီးကျေးရွာအပါအဝင် ရွာတော်တော်များများသည် မိုးရေကိုအားပြုစုဆောင်းကာ သုံးစွဲနေကြရကြောင်း တွေ့ရသည်။ အတူပါလာသောဦးညီလေးချမ်းကိုလည်း ဓနုဒေသအတွင်းမှာမြေလမ်း၊ ကျောက်လမ်း၊ ကတ္တရာလမ်း စသည့်လမ်းပန်းဆက်သွယ်ရေး အထောက်အကူပြုလုပ်ငန်းတွေ အတန်အသင့်ပြည့်စုံနေပြီဖြစ်ကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍမှာလည်း မိမိတို့နယ်စပ်ရေးရာဝန်ကြီးဌာနက တတ်နိုင်သမျှအဆောက်အအုံများ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်သကဲ့သို့ နိုပွန်ဖောင်ဒေးရှင်း(စေတနာအဖွဲ့) ဆောက်လုပ်ပေးသောကျောင်းများလည်းရှိနေပြီဖြစ်ကြောင်း၊ သည့်အတွက်နောင်လာမည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ စဉ်းစားရာတွင် ရေရရှိရေးလုပ်ငန်းနှင့် စွမ်းအင်ကဏ္ဍအား ဦးစားပေးလုပ်ဆောင်ရန်စဉ်းစားသင့်ကြောင်း အကြံပြုခဲ့ပါသည်။

သရက်ကုန်းကျေးရွာသို့ အရောက်လာမည်ဟု သတင်းကြားကတည်းက ဓနုတိုင်းရင်းသား၊ တိုင်းရင်းသူလေးများဖြစ်သော မောင်ကျော်မျိုးဦး၊ မောင်လှိုင်မြင့်ထွန်း၊ မသူဇာပြုံး၊ မဇာဇာထွေး၊ မနုအေးတို့ဆီက ဖုန်းတွေဝင်လာပါတော့သည်။ ဘကြီးရေ... ပင်းတယကိုရောက်ပြီလား။ သမီးတို့သရက်ကုန်းရွာကိုဘယ်တော့လာမလဲ၊ အခုထွက်လာပြီလား စသည်ဖြင့်...။ သူတို့ရွာကိုလာဖို့ ဖုန်းဆက်နေကြသည့် အသံများထဲမှာ ဘကြီးဆိုသောစကား အသုံးအနှုန်းကို ကျွန်တော်သဘောအကျဆုံးဖြစ်သည်။ ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်ဒေသ အခေါ် ဘကြီး၊ ဘထွေး၊ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေး စသည်တို့နှင့် တူနေ၍ပင်။ ဆရာတွေ၊ အန်ကယ်တွေ၊ အဘတွေခေါ်နေသည့်ကြားမှာ အနီဘကြီးဆိုသောခေါ်သံက ကျွန်တော့်ဇာတိရွာကိုပင် ပြန်၍သတိရသွားမိသေးတော့။ သူတို့ကလေးတွေနေထိုင်သော သရက်ကုန်းကျေးရွာမှ ရွာသူ၊ ရွာသားများ၏ သောက်သုံးရေရှားပါးမှုအခြေအနေကို ကိုယ်တွေ့မျက်မြင်ဖြစ်ခဲ့သောကြောင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၌ ရေသွယ်ယူခြင်းလုပ်ငန်း ၁၀ မိုင်လျာထားခွင့်ပြုပါရန် ပြည်ထောင်စုဝန်ကြီးထံ တင်ပြခဲ့ရာ ခွင့်ပြုခဲ့ပါသည်။ ဤအကြောင်းတရားများကို အခြေခံ၍ ယနေ့အချိန်၌ကျေးရွာထဲအထိသောက်ရေ၊ သုံးရေသန့်များ ရောက်ရှိလာပြီဖြစ်ရာအကျိုးတရားများစွာဖြစ်ထွန်းမှုနှင့်အတူ လူတိုင်း လူတိုင်းအတွက်လည်း ပီတိသောမနသပွားများစေခဲ့ပြီဖြစ်သည်။

ထပ်မံ၍ရေစက်ဆုံခြင်းလားတော့ မသိ၊ ယခုနိုဝင်ဘာ ၁ ရက်မှ ၅ ရက်အထိ ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသများသို့ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ ကွင်းဆင်းဆောင်ရွက်သည့် ခရီးစဉ်အတွင်း ပထမဆုံးသွားရောက်ကြည့်ဖြစ်ခဲ့သည်မှာ အဆိုပါ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် သရက်ကုန်းကျေးရွာ ရေရရှိရေးလုပ်ငန်းပင်ဖြစ်သည်။ ဓနုဒေသ ဦးစီးအဖွဲ့မှ ဗိုလ်မှူးရာဇာငြိမ်းချမ်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးမိုးထွန်း၊ ပင်းတယမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဖေတို့ အတူလိုက်ပါသကဲ့သို့ ကျွန်တော့်မိတ်ဆွေကြီး ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီလေးချမ်းလည်း ပါဝင်လာခဲ့သည်။ သူသည် ပင်းတယမြို့ ပြည်သူ့ဆေးရုံတွင် ကျင်းပပြုလုပ်နေသော အစည်းအဝေးတစ်ခုအပြီး ကျွန်တော်နှင့်လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်းသိလိုက်ရ၍ အစည်းအဝေး အကြောင်းအရာကိုမေးမြန်းကြည့်မိသည်။ သူ၏ပြောပြချက်အရပင်းတယမြို့နယ်အတွင်းရှိ (အလားတူ ရွာငံမြို့နယ်လည်း ပါဝင်ပါလိမ့်မည်) ကလေးငယ်များကို ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံရေး အစည်းအဝေးပြုလုပ်နေခြင်းဖြစ်ကြောင်း၊ ပင်းတယမြို့နယ်အတွင်း၌ ကလေးငယ်ပေါင်း ၂၄၂၀၀ ရှိကြောင်း၊ ဆရာဝန်ကြီး ဒေါက်တာသန်းမင်းထွဋ်နှင့် ဆရာဝန်၊ ဆရာမများက ဦးဆောင်ဦးရွက်ပြုလုပ်ရှိကြောင်း သိရသည်။ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးကို အစုလိုက်ထိုးနှံရန်အတွက် Gavi The Vaccine Alliance ၏ ရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး မြန်မာတစ်နိုင်ငံလုံးရှိ ကလေးငယ် ၁၄ သန်းကျော်ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကလေးတစ်ဦးအတွက် ကာကွယ်ဆေး အပါအဝင် ဆက်စပ်ပစ္စည်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၀ ဒသမ ၄၂ နှင့် လုပ်ငန်းဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၀ ဒသမ ၆၅ ကုန်ကျသဖြင့် ကလေးတစ်ဦးလျှင် တစ်ဒေါ်လာနှုန်းကျော်ကျခံဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရ၏။ ကျောင်းအခြေပြုအစီအစဉ်ဖြင့် နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိ၊ ပြည်သူလူထုအခြေပြုအစီအစဉ်ဖြင့် ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိ နိုင်ငံတစ်ဝန်းလုံး တစ်ပြိုင်တည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း လေ့လာသိရှိရသည်။ စာရေးသူ၏ ဇနီးသည်ကိုယ်တိုင် ၁၉၉၉ ခုနှစ်တွင် ဦးနှောက်အမြှေးရောင်ရောဂါ ရရှိကာ၊ ၁၇ နှစ်တိုင်တိုင် နောက်ဆက်တွဲ ဆိုးကျိုးများခံစားခဲ့ရပြီး မနှစ်က ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။ ယခုသူတို့ဆောင်ရွက်နေသော ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းအကြောင်း ကြားသိလိုက်ရသောအခါ ကိုယ်ချင်းစာနာစိတ်ဖြင့် သာဓုအကြိမ်ကြိမ်ခေါ်မိပါသည်။ ကောင်းလေစွတကား...။

မိမိ၏ ဝန်ထမ်းဘဝ၌ ပင်းတယမြို့နယ်ထဲက သရက်ကုန်းကျေးရွာသို့ နောက်တစ်ခေါက်ပြန်လည်ရောက်ခွင့်ကြုံဖို့ရာ သိပ်ပြီးမသေချာလှပါ။ ပွင့်လင်းရာသီမှာ ကျွန်တော်တို့နယ်စပ်ရေးရာဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ် အပါအဝင် တာဝန်ရှိသူအဆင့်ဆင့်တို့သည် နယ်စပ်ဒေသအသီးသီးသို့ ကွင်းဆင်းဆောင်ရွက်ကြစမြဲဖြစ်သည်။ သက်ဆိုင်ရာနယ်စပ်ဒေသအသီးသီးက ကျွန်တော်တို့ကို ကြိုဆိုင့်လင့်နေကြပြီဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲရေးတို့အတွက် ဦးတည်ဆောင်ရွက်ခဲ့သော လေ့လာရေးခရီးစဉ်များကိုအကြောင်းပြု၍ရေစက် ဆုံကြုံခဲ့ရသည့် သရက်ကုန်းကျေးရွာနှင့် ရွာသူ၊ရွာသားများအား အမြဲသတိရနေမည်ဆိုတာကတော့ အလွန်သေချာပါသည်။ ။

## စီမံကိန်းလုပ်ငန်းများ လွှဲပြောင်းပေးအပ်ခြင်းနှင့် တလန်လိုကြိုးတံတားဖွင့်ပွဲ ကျင်းပ

**ထန်တလန် နိုဝင်ဘာ ၁၄**

ချင်းပြည်နယ် ထန်တလန်မြို့နယ် တလန်ပီးကျေးရွာအုပ်စု တလန်လိုကျေးရွာတွင် ဂျပန်ပြည်သူပြည်သားများ၏ ကူညီထောက်ပံ့မှုဖြင့် တည်ဆောက်ခဲ့သော ကြိုးတံတား စီမံကိန်းလုပ်ငန်းများ လွှဲပြောင်းပေးအပ်ခြင်းနှင့် လာဗားချောင်းကူး တလန်လိုကြိုးတံတားဖွင့်ပွဲကို နိုဝင်ဘာ ၁၁ ရက်ကကျင်းပခဲ့သည်။

အဆိုပါကြိုးတံတားကို ကုလသမဂ္ဂ မြို့ရွာနှင့်အိုးအိမ်ပြန်လည်ထူထောင်ရေးအစီအစဉ်(UN-HABITAT)၏ ပံ့ပိုးမှုဖြင့်ဆောင်ရွက်ခဲ့ကြောင်း၊ တိုင်းရင်းသားမျိုးနွယ်စုများနေထိုင်ရာဒေသရှိ ဆင်းရဲနွမ်းပါး၍ထိခိုက်လွယ်သော ရပ်ရွာလူထုများအား အရေးပေါ်ကူညီထောက်ပံ့မှုစီမံကိန်းအရ ဂျပန်ပြည်သူပြည်သားများ၏ ကူညီထောက်ပံ့မှုဖြင့် ကျေးရွာလူထုကဦးဆောင်ကာ ယခုနှစ်ဇက်တင်ဘာ ၁ ရက်က စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အောက်တိုဘာ ၃၁ ရက်တွင်ကြိုးတံတားဆောက်လုပ်ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လာဗားချောင်းကူးကြိုးတံတားမှာအရှည် ပေ ၁၈၀ ၊ အကျယ် ၆ ပေ၊ အမြင့် ၁၁ ပေရှိပြီး စီမံကိန်းထောက်ပံ့ငွေ ၂၀၂၂၂၀၀၀ ကျပ်နှင့် ကျေးရွာလူထု၏ လုပ်အားဖြင့် UN-HABITAT စီမံကိန်းမှ မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်သိန်းနှင့် အင်ဂျင်နီယာများ၊ ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့်စီစဉ်ဆောင်ရွက်ကာ ကျေးရွာလူထုပူးပေါင်းပါဝင်မှုဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“အရင်က အဲဒီချောင်းကူးကြိုးတံတားအဟောင်းဟာ ရေတိုက်စားသွားတာကြောင့် ပျက်စီးဆုံးရှုံးခဲ့ရပြီး မိုးရာသီအချိန်ကာလတွေမှာဆိုရင် တံတားမရှိလို့ ကျေးလက် ပြည်သူတွေ ကူးသန်းဖြတ်သွားဖို့အရေးမှာ အခက်အခဲဒုက္ခတွေနဲ့ ကြုံတွေ့ခဲ့ကြရပါတယ်၊ အခုတော့ တံတားအသစ် ပြန်ပြီးဆောက်လုပ်နိုင်ပြီဖြစ်လို့ ဖလမ်းနယ်စပ်နဲ့တလန်လိုကျေးရွာအနီး ပတ်ဝန်းကျင်မှာရှိကြတဲ့ ဒေသခံပြည်သူတွေအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေးလုပ်ငန်းတွေမှာ အလွန်ပဲအကျိုးပြုသွားမှာဖြစ်ပါတယ် ”ဟု တလန်လိုကျေးရွာအုပ်ချုပ်ရေးမှူး ဦးရာလ်လျန်ပေါ်န်းက ပြောသည်။

ဖလမ်းမြို့နယ်၌ ဂျပန်ပြည်သူပြည်သားများ၏ကူညီထောက်ပံ့ငွေ၊ UN-HABITAT စီမံကိန်းမှ နည်းပညာကူညီပံ့ပိုးမှု၊ ကျေးရွာလူထု၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် အဆိုပါ လာဗားချောင်းကူးတံတားအပြင်အရှည် ၁၅ ပေ ၊ အကျယ် ၅ ပေ ၊ အမြင့် ၅ ပေရှိ သံကူကွန်ကရစ် မြောင်းကျော်တံတားတစ်စင်းကိုလည်းကောင်း၊ မိသားစုသုံး ယင်လုံအိမ်သာ ၃၆ လုံးတို့ကိုလည်းကောင်း အကောင်အထည်ဖော်ဆောက်လုပ်ခဲ့ရာ ယခုအခါ စီမံကိန်းလုပ်ငန်းများပြီးစီးပြီဖြစ်သဖြင့် လုပ်ငန်းများကို ကျေးရွာလူထုထံသို့ လွှဲပြောင်းပေးအပ်ပြီးဖြစ်ကြောင်း UN-HABITAT ထန်တလန်မြို့နယ် တာဝန်ခံ အင်ဂျင်နီယာထံမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## စာရေးဆရာမ ကမ္ဘာလှည့်ဒေါ်တင်တင်စိန်၏ ဘဝရုပ်ပုံလွှာစာအုပ် မိတ်ဆက်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၄**

မဟာသဒ္ဓမ္မဇောတိကဓဇ စာရေးဆရာမကြီး ကမ္ဘာလှည့်ဒေါ်တင်တင်စိန်၏ ဘဝရုပ်ပုံလွှာစာအုပ်မိတ်ဆက်ပွဲကို ရန်ကုန်မြို့ စီးတီးစတားဟိုတယ် ပထမထပ်ခန်းမ၌ နိုဝင်ဘာ ၁၂ ရက်က ကျင်းပခဲ့သည်။

စာအုပ်မိတ်ဆက်ပွဲသို့ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာ မနုဿကျော်ဝင်းနှင့် အလုပ်အမှုဆောင်များ၊ စာရေးဆရာများ တက်ရောက်ကြသည်။ အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် စာရေးဆရာ သျှားထက်နိုင်(ဘူမိဗေဒ)က ဆောင်ရွက်ပြီး ရှေးဦးစွာ မြန်မာနိုင်ငံစာရေးအသင်းဥက္ကဋ္ဌ ဆရာ မနုဿကျော်ဝင်း၊ စာရေးဆရာ အဏ္ဏဝါစိုးမိုး၊ စာရေးဆရာမုံရွာနေဇာ၊ သတင်းစာဆရာအသင်းရန်ကုန်တိုင်းဒေသကြီး ဥက္ကဋ္ဌ ဒါရိုက်တာမောင်ယဉ်ကျော်နှင့် စာရေးဆရာမ နိုက်တင်ဂေး(ရင်တွင်းဖြစ်) ဆေးတက္ကသိုလ်တို့က မုဒိတာစကားများပြောကြားကြသည်။

ထို့နောက်ဆရာမကြီး ကမ္ဘာလှည့်ဒေါ်တင်တင်စိန်က ၎င်း၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ စာအုပ်ထုတ်ဝေရခြင်းအကြောင်းကိုတင်ပြပြီး ထိုစာအုပ်ပြုစုရေးသားသူ ဆရာအောင်ကြည်ညွန့်(တက္ကသိုလ်)က ဆရာမကြီး ဒေါ်တင်တင်စိန်၏ ဘဝရုပ်ပုံလွှာစာအုပ် ရေးသားခဲ့ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနား တက်ရောက်လာကြသော စာရေးဆရာများ စုပေါင်း၍ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးကြပြီး စာအုပ်မိတ်ဆက်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**အောင်တင်(ဗဟန်း)**

# နိုဝင်ဘာ ၂၅ ရက်တွင် ဖေ့ဘုတ်ဘုရင်မ ရုံတင်ပြသမည်



**ရန်ကုန် နိုဝင်ဘာ ၁၄**

လပ်ကီးဆဲလ်ဗင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ မအေးအေးဝင်းစီစဉ်ပြီး၊ ဒါရိုက်တာ ပြည်ဟိန်းသီဟ ဖန်တီးရိုက်ကူးကာ အကယ်ဒမီ လူမင်း၊ ကျော်ကျော်ဗိုလ်၊ ခင်လှိုင်၊ ဒိန်းဒေါင်၊ ဌက်ပျော်ကြော်၊ ရွှေမှုံရတီ၊ တက္ကသိုလ်ဂွမ်းပုံနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားသော "ဖေ့ဘုတ်ဘုရင်မ" ရုပ်ရှင်ဇာတ်ကားကို ယခုလ (၁၅) ရက်မှ စတင်ကာ မြန်မာတစ်ပြည်လုံးရှိ ရုပ်ရှင်ရုံများတွင် ပြသသွားမည်ဟု သိရသည်။

အဆိုပါ ဇာတ်ကားကြီး၏ အဓိကရည်ရွယ်ချက်မှာ တစ်ကမ္ဘာလုံး အသုံးပြုနေကြသည့် Facebook အကြောင်းကို အခြေခံရိုက်ကူးထားခြင်းဖြစ်ပြီး အကောင်းဘက်ကို ဦးတည်သုံးကြသူများ ရှိသကဲ့သို့၊ မကောင်းသောအယူများနှင့် သုံးစွဲပါက အန္တရာယ်ရှိပုံနှင့် ဖေ့ဘုတ်တွင် ဖြစ်ပေါ်နေသော ဖြစ်ရပ်များကို ရိုက်ကူးထားသော ဇာတ်ကားကြီး ဖြစ်သည်။

**လူမင်း**

ကျွန်တော်တို့နိုင်ငံမှာ ဖေ့ဘုတ်ရဲ့လွှမ်းမိုးမှုက တော်တော်ကြီးကို ရာခိုင်နှုန်းများပါတယ်။ ကျွန်တော်တို့ လူတွေအားလုံးပေါ်မှာ လွှမ်းမိုးမှုက တော်တော်ကို ကြီးပါတယ်။ အဲ့ဒီလွှမ်းမိုးမှုရဲ့ အနောက်မှာ သုံးစွဲသူတွေ၊ သုံးစွဲသူတွေ အားလုံးဟာလည်း မိမိရဲ့ ကိုယ်ပိုင်ဆင်ခြင်တုံတရားလေးလည်း ကပ်ပြီးတော့ သုံးစွဲသင့်တယ်ဆိုတာကို ကျွန်တော်ကတော့ ကိုယ်ချင်းစာပြီး အကြံပြုချင်ပါတယ်။ "ဟာသကားသက်သက် ဆိုပေမယ့်လည်း ယူမယ်ဆိုရင်တော့ ယူလို့ရစရာ သင်ခန်းစာတွေပါ ပါသေးတယ်။ သူတစ်ပါးထိခိုက်နစ်နာစေနိုင်မယ် ဆိုတာမျိုးတွေ၊ မလိုအပ်ဘဲ ကိုယ့်အတွက် အကျိုးမရှိဘဲ ဖွနေကြတယ်ဆိုတာမျိုးတွေ ဒီလိုဟာမျိုးတွေလည်း သရော်တဲ့အနေနဲ့ ဒါရိုက်တာတွေက ထည့်သွင်းတင်ပြထားတာကိုလည်း တွေ့ရတယ်။

**ခင်လှိုင်**

မြန်မာပြည်သိန်းတန်ကတော့ ကျွန်တော် အရမ်းလေးစားရတဲ့ အနုပညာရှင်ပါ။ ကျွန်တော့်ရဲ့အိုင်ဒေါပါ။ သူ့ပုံသဏ္ဌာန်တွေလည်း ကျွန်တော်လုပ်တယ်။ ဒါဟာ သူ့ကို ပြက်ရယ်ပြုတာ မဟုတ်ပါဘူး။ အခုကတည်းက ကြိုပြီးတော့ တောင်းပန်ထားပါတယ်။ ဒီဇာတ်ကားလေး ကြည့်တဲ့အခါမှာ အမြင်စောင်းမှာ ကြောက်ပါတယ်။ ဦးသိန်းတန်ရဲ့ ပရိသတ်တွေကလည်း တစ်ကမ္ဘာလုံးမှာ ပျံ့နှံ့နေပါတယ်။ အင်မတန်အောင်မြင်တဲ့ အနုပညာရှင်တစ်ယောက်ဖြစ်တဲ့အတွက် ကျွန်တော့်ကို အထင်လွဲမှာ ကြောက်ပါတယ်။ ကျွန်တော် ရိုးရိုးသားသား ရယ်စရာအနေနဲ့ ပုံသဏ္ဌာန်ကို မှီငြမ်းပြီး လုပ်တာပါ။ သရော်တာ မဟုတ်ဘူးလို့ တစ်ခါတည်း တောင်းပန်ပါတယ်။ နောက်ထပ် ကိုထျန်ပါး ပုံစံလေးလည်း ကျွန်တော်လုပ်ပါတယ်။ ကိုထျန်ပါးကိုချစ်တဲ့ Fan တွေလည်း အများကြီးရှိမှာပါ။ ကိုထျန်ပါးရော၊ ကိုထျန်ပါးရဲ့ Fan တွေကိုရော ကြိုပြီးတော့ တောင်းပန်ပါတယ်။ သရော်ပြီး ပြက်ရယ်ပြုပြီးတော့ လုပ်ထားတာမဟုတ်ပါဘူး။ အနုပညာရှင်တစ်ယောက်ကို အားကျတဲ့ ပုံစံမျိုးနဲ့ပဲ လုပ်တာပါ။ သူတို့ ဒီဇိုင်းလေးကိုပဲ ယူပြီးတော့ ဒီကားမှာ လုပ်ထားပါတယ်။

**တက္ကသိုလ်ဂွမ်းပုံ**

ဖေ့ဘုတ် သုံးတဲ့သူတွေ အကုန်လုံး ဘုရင်မ၊ ဘုရင်တွေပါပဲ။ ဖေ့ဘုတ်သုံးကြတဲ့ သူတိုင်းဟာ သုံးတတ်ရင်ဆေး၊ မသုံးတတ်ရင်ဘေး ဆိုတာမျိုးကို ပြောချင်တဲ့ ဇာတ်ကားလေးပါပဲ။ ဘယ်သူက ဘုရင်မရယ်လို့ မဟုတ်ပါဘူး။ ဖေ့ဘုတ်အကောင့်မှာ ကတည်းက ကိုယ့်ကိုယ်ကို ဆယ်လီဖြစ်ချင်တဲ့သူတွေ၊ တစ်ဦးနဲ့ တစ်ဦး အပြိုင်အဆိုင်တွေ လုပ်ကြတာလေးတွေကို ဒီကားကြီးမှာ တွေ့ရမှာပါ။ **ကိုလင်း**

## အဆိုတော်လွှမ်းမိုး သီချင်းတွေ ပြန်ဆိုခဲ့ပေမယ့် ထင်သလိုမဖြစ်ခဲ့တာကြောင့် ပရိသတ်နှင့် အလှမ်းဝေးခဲ့တာပါဟုဆိုလာသူ ဗညားဟန်



**ရန်ကုန် နိုဝင်ဘာ ၁၄**

ကိုညီညီလဝန်းသစ်စီစဉ်ခဲ့ပြီး "သမုဒ္ဒယဝါဆိုမိုး" သီချင်းနှင့် ပရိသတ်အားပေးမှုရရှိခဲ့သည့် အဆိုတော် ဗညားဟန်တစ်ယောက် လတ်တလောတွင် အဆိုတော်ပန်ဆုပြည့်ကျော်နှင့်အတူတွဲဖက်ပြီး "ခေသူမဟုတ်" Mini Album မှာ Over 30 ဆိုသည့် စုံတွဲသီချင်းတစ်ပုဒ် ပါဝင်သီဆိုထားကြောင်း သိရသည်။

သူ့အနေဖြင့် တစ်ကိုယ်တော်တေးစီးရီး ၁၀ ခွေထွက်ရှိထားပြီး၊ ၁၁ ခွေမြောက်တေးစီးရီးကိုလည်း ၂၀၁၈ ခုနှစ်အတွင်း ထွက်ရှိနိုင်ရန် ပြင်ဆင်နေကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ နှစ်တိုင်းလိုလို တေးစီးရီးထွက်ရှိပေမယ့်လည်း သီချင်းတွေက အမှန်အတိုင်းပြောရရင် မပေါက်လို့ ပရိသတ်နဲ့ဝေးသလို ဖြစ်နေတာပါ၊ တေးစီးရီးအခွေကတော့ ကျွန်တော်နှစ်တိုင်းလိုလို ထွက်ဖြစ်ပါတယ်၊ ပရိသတ်တွေနဲ့ ဝေးနေတယ်ဆိုတာကတော့ သီချင်းတွေ မပေါက်လို့ပေါ့၊ ဘာလို့ မပေါက်တာလဲဆိုရင် သီချင်းတွေက ကိုယ်ကြိုက်လို့ဆိုလိုက်တာ ပရိသတ်အကြိုက်မတွေ့လို့ပါ၊ ဘယ်အဆိုတော်မဆို ပရိသတ်နဲ့ကိုယ်နဲ့ တည့်တည့်တိုးမှ ပေါက်တာလေ၊ ကျွန်တော်က ကိုယ်ကြိုက်တာပဲ ဦးစားပေးလုပ်ခဲ့တာလည်း ပါတာပေါ့၊ ကိုယ်ဆိုချင်တဲ့ သီချင်းတွေပဲ ဦးစားပေးဆိုခဲ့တယ်၊ ဒါပေမယ့် ပရိသတ်က သူတို့လိုချင်တဲ့ ပုံစံမဟုတ်ဘူးဆိုရင် မကြိုက်နိုင်ဘူးလေ၊ ခုထွက်ရှိခဲ့တဲ့ သီချင်းတွေက စတီရီယိုသီချင်းတွေ များတယ်။ အဲ့ဒါကြောင့်လည်း မပေါက်တာ ထင်ပါတယ်၊ လူကြမ်းက မင်းသားလုပ်လို့ မရသလို မြန်မာသံအဆိုတော်က စတီရီယိုသီချင်းဆိုလို့ မရဘူးဆိုတာ ကျွန်တော်သဘောပေါက်သွားတယ်၊ ကျွန်တော့်ပရိသတ်က မြန်မာသံပဲကြိုက်တယ်လို့ ခန့်မှန်းမိပါတယ်၊ နောက်ဆုံးထွက်ရှိခဲ့တဲ့ အခွေက "ကိုလွှမ်းမိုး" ရဲ့ သီချင်းတွေပဲဆိုထားတယ်၊ ကိုယ်လုပ်ချင်တာ လုပ်လိုက်တာပဲ၊ ဒါပေမယ့် ပရိသတ်က မကြိုက်ဘူး၊ ကိုယ်က ကိုလွှမ်းမိုးလောက်မှ မကောင်းတာလည်း ပါတာပေါ့၊ အနုပညာရှင် တစ်ယောက်က ပရိသတ်အကြိုက်ကိုလည်း စဉ်းစားပေးရပါတယ်၊ အဲဒါကြောင့်လည်း ကျွန်တော် အခုထွက်ရှိမယ့် တေးစီးရီးထဲမှာ ပရိသတ်အကြိုက်တွေပဲ တစ်စုတစ်စည်းတည်း ဆိုထားပါတယ်၊ သီချင်းတွေကတော့ အရင်တုန်းက ပရိသတ်ကြိုက်ခဲ့တဲ့ သီချင်းတွေဖြစ်တဲ့ ဝါဆိုမိုးနဲ့ ပြန်ခဲ့ပါ၊ သမုဒ္ဒယဝါဆိုမိုးတို့လို သီချင်းပုံစံတွေပါ။ ကျွန်တော့်ရဲ့ ပရိသတ်က အဲဒီလို မြန်မာဆန်ဆန်တွေ ကြိုက်ကြပါတယ်" ဟု ပြောသည်။ **ကိုလင်း**

## ကျန်းမာရေးအတွက် လူတိုင်းနှင့်သက်ဆိုင်သည့် ကိုယ်ကာယဖွံ့ဖြိုးမှုဟု ပြိုင်ပွဲအတွင်း ဖြူဖြူကျော်သိန်း ပြောကြား

**ရန်ကုန် နိုဝင်ဘာ ၁၄**

Fix Way Gym နှင့် VX Myanmar မှ ဦးစီးကျင်းပသော "VX Classic 2017 Grand Bodybuilding Competition" ပြိုင်ပွဲကို နိုဝင်ဘာ ၁၃ ရက်က ကျင်းပခဲ့ပြီး နိုင်ငံကျော်အနုပညာရှင်များဖြစ်ကြသည့် နိုင်းဝမ်း၊ ဇွဲပြည့်၊ ဖြူဖြူကျော်သိန်း နှင့် အနုပညာရှင်များ တက်ရောက်ခဲ့ကြသည်။

"ဒီလိုပြိုင်ပွဲတွေ ဖြူတို့ဆီမှာ အများဆုံးလုပ်သင့်တယ်လို့ ဖြူကတော့ မြင်ပါတယ်၊ ဘာလို့လဲဆိုရင် ကျန်းမာရေးကို လေ့လာလိုက်စားမှု အားနည်းကြတဲ့ လူငယ်၊ လူရွယ်တွေကို ဒီလို Bodybuilding ပွဲတွေကနေ အားပေးလိုက်သလို ခံစားရတယ်၊ နောက်တစ်ခုက အမျိုးသား၊ အမျိုးသမီးအားလုံးတက်ကြွစွာနဲ့ ကျန်းမာရေးကို အရင်ကထက် ပိုဂရုစိုက်လာမယ်လို့ ထင်ပါတယ်၊ နောက်ပိုင်းမှာ ဖြူက အကဘက်ကို အချိန်ပေးလိုက်တယ်၊ လှုပ်ရှားမှုကို ပုံမှန်ပြန်လုပ်တဲ့ သဘောပေါ့၊ အစားအသောက်ကအစ အားလုံး သေချာသုံးသပ်ပြီး စားတယ်၊ ကျန်းမာရေးနဲ့ ညီညွတ်အောင် ဖြူနေ ထိုင်တော့မှပဲ ပြန်ပြီးပေါ့ပါးလန်းဆန်းလာတယ်" ဟု ဆိုသည်။

အဆိုပါ ပြိုင်ပွဲသည် မြန်မာနိုင်ငံရှိလူငယ်များ GYM အားကစားနည်းကို ပိုမို လေ့လာလိုက်စားလာစေရန် ရည်ရွယ်ပြီး ပထမဆုံးကြိမ် ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲဝင် အမျိုးသားနှင့် အမျိုးသမီး ၁၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ၇၀ ကီလိုအောက် ပြိုင်ပွဲဝင် အမျိုးသား ၃၅ ဦးမှ ၁၅ ဦးကိုလည်းကောင်း၊ ၇၀ ကီလိုတန်းအထက် ပြိုင်ပွဲတွင် ၁၂ ဦးယှဉ်ပြိုင်ရာမှ ငါးဦးကိုလည်းကောင်း၊ အမျိုးသမီး Miss Bikini ပြိုင်ပွဲတွင် ၁၃ ဦး ယှဉ်ပြိုင်ခဲ့ပြီး ခြောက်ဦးကို လည်းကောင်း၊ Man Phyusique ပြိုင်ပွဲတွင် ၆၀ ဦး ယှဉ်ပြိုင်ခဲ့ရာမှ ၃၀ ဦးတို့ကိုလည်းကောင်း အသီးသီး ထပ်ဆင့်ယှဉ်ပြိုင်ခဲ့ပြီး ထိုမှတစ်ဆင့် ပြိုင်ပွဲဝင် ကျား၊ မ စုစုပေါင်း ငါးဦးကို ရွေးချယ်ပြီး ပထမ၊ ဒုတိယ၊ တတိယဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။ ယင်းပြိုင်ပွဲကို ဂွန်လွင် (ဦးစီး)သော Stars & Models Agency မှ Models များနှင့် Dancers များလည်း ပါဝင်ဖျော်ဖြေခဲ့ကြသည်။ **ကိုလင်း**

## ဂျပန်သမိုင်းကြောင်းနှင့် ရိုးရာဓလေ့များအကြား ရောက်ရှိနေသည့် မိုးစက်ဝိုင်

**ရန်ကုန် နိုဝင်ဘာ ၁၄**

၂၅ နှစ်ကြာပြီးမှ ပထမဆုံးပြန်လည်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည့် မယ်စကြဝဠာပြိုင်ပွဲတွင် ပထမဆုံးအနေဖြင့် ပြန်လည်သွားရောက် ယှဉ်ပြိုင်ခွင့်ရရှိခဲ့သူ ပြည်သူ့အချစ်တော် အလှမယ်မိုးစက်ဝိုင်က အမေရိကန်နိုင်ငံတွင် စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့် ပညာရပ်များကို လေ့လာဆည်းပူးပြီးဆုံးသွားခဲ့ပြီ ဖြစ်သည်။ ပညာရေးလုပ်ဆောင်ချက်များ ပြီးဆုံးသွားခဲ့ပြီး အနုပညာလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည့် မိုးစက်ဝိုင်က ပက်ပက်စက်စက် ညို့ရုပ်ရှင်ဇာတ်ကားတွင် ခေါင်းဆောင်အဖြစ် သရုပ်ဆောင်ထားပြီး ယခုအခါ ဂျပန်နိုင်ငံ၏ သမိုင်းကြောင်းများကို လေ့လာရန် ကီရာကီရာ ဂျပန်ခရီးစဉ်ကို သွားရောက်ခဲ့ပြီး ယင်းခရီးစဉ်ကို လာမည့် ဇန်နဝါရီ ၆ ရက်မှစတင်ကာ မြဝတီဒီဂျစ်တယ်ရုပ်သံလိုင်းမှ ညနေ ၆ နာရီတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ညီမအနေနဲ့ သွားရောက်လေ့လာဖြစ်ခဲ့တာကတော့ သူတို့နိုင်ငံရဲ့ သမိုင်းကြောင်းတွေ၊ သဘာဝတရားနဲ့ ကမ္ဘာပေါ်မှာ ရပ်တည်နေတဲ့ ဂျပန်ကုမ္ပဏီတွေ၊ ပညာရေးစနစ်တွေ၊ ဒေသထွက် စားသောက်ဖွယ်ရာတွေ၊ ဂျပန်နိုင်ငံရဲ့ ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကို လေ့လာဖြစ်ခဲ့တယ်၊ ဒီခရီးစဉ်တစ်လျှောက်လုံးကို မှတ်တမ်းတင်ထားပြီးတော့ ပရိသတ်တွေကို ဗဟုသုတအနေနဲ့ ပြန်လည်မျှဝေချင်တဲ့ဆန္ဒကြောင့် ညီမဒီအစီအစဉ်လေးမှာ ပါဝင်ခဲ့ရတာပါ၊ ဒီခရီးစဉ်လေးမှာ နောက်ထပ်ထူးခြားမှုလေးက ဘာလဲဆိုရင် ဂျပန်မှာရှိတဲ့ မြန်မာအလုပ်သမားတွေရဲ့တစ်နေ့တာဘဝ ဖြတ်သန်းမှုလေးတွေပါပဲ။ ဂျပန် နိုင်ငံရဲ့ အထင်ကရနေရာတစ်ခုဖြစ်တဲ့ ဖူဂျီတောင်၊ ရှီဇူအိုကာ ကုမ္ပဏီရဲ့မော်တော်ကား ထုတ်လုပ်မှုတွေ၊ တူရိယာ၊ အလှအပနဲ့ ကျန်းမာရေးတွေ၊ သူတို့နိုင်ငံရဲ့ အလေးအမြတ်ထားရာနေရာဖြစ်တဲ့ ဇန်းခို့ဂျိဘုရားကျောင်း စတဲ့နေရာတွေနဲ့ ဂျပန်နိုင်ငံနေရာအနှံ့ရောက်ခဲ့ပြီး ညီမလေ့လာခဲ့တာပါ၊ နောက်တစ်ခုက ၂၀၁၁ ခုနှစ်က လှုပ်ခတ်ခဲ့တဲ့ ဆူနာမီ ဂျပန်ငလျင်ဒဏ်ခံရတဲ့ ဒေသတွေကို သွားခဲ့ပါတယ်၊ သူတို့နိုင်ငံသားတွေက အလုပ်ကြိုးစားကြတယ်၊ တစ်နေ့ကို အလုပ်ချိန်က ၂၄ နာရီလုံး ပြည့်နေသလား မှတ်ရတယ်၊ တကယ်ကိုအားကျဖို့ကောင်းပါတယ်" ဟု အလှမယ် မိုးစက်ဝိုင်က ပြောသည်။



အဆိုပါ အစီအစဉ်သည် ပြည်ထဲရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ကြီးဌာန (ဂျပန်) မှ ရွေးချယ်ထားသော အစီအစဉ်တစ်ခုဖြစ်ပြီး ဂျပန်နိုင်ငံ (Broadcast Program Export Association of Japan) အဖွဲ့တို့ ပူးပေါင်းတင်ဆက်ထားကြောင်း သိရသည်။ **ကိုလင်း**

## ပညာရေးရန်ပုံငွေ ဂီတဖျော်ဖြေပွဲ ပြုလုပ်မည်

**ရန်ကုန် နိုဝင်ဘာ ၁၄**

Link for Aid နှင့် Chatrium Hotel Royal Lake Yangon တို့ ပူးပေါင်းကျင်းပမည့် (၄)ကြိမ်မြောက် Music For Myanmar ရန်ပုံငွေပွဲကြီးကို နိုဝင်ဘာလ ၁၈ ရက်နေ့ ၂၀၁၇ ခုနှစ်စနေနေ့တွင် ကျင်းပသွားမည်ဟုသိရသည်။ အဆိုပါ ဖျော်ဖြေပွဲတွင် အိုင်းရစ်လူမျိုး တေးဂီတ အဆိုရှင်များဖြစ်သည့် Lisa Lambe နှင့် Simon Morgan တို့အပြင် မြန်မာနိုင်ငံမှ အထူးဧည့်သည် အဆိုတော် ဖြူဖြူကျော်သိန်းတို့မှ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး ဖျော်ဖြေပွဲမှ ရရှိသော ငွေကြေးများကို၊ မြန်မာနိုင်ငံအနှံ့ရှိ ဆင်းရဲချို့တဲ့သော မိဘမဲ့ကလေးငယ်များ၊ နားမကြားသောကလေးငယ်များ၊ မသန်စွမ်း ကလေးငယ်များ၏ ပညာရေးအတွက် လှူဒါန်းသွားမည်ဟုသိရသည်။ ယင်းရန်ပုံငွေ တေးဂီတ ဖျော်ဖြေပွဲ ကို Chatrium Hotel ၏ Pool Garden တွင် ကျင်းပမည်ဖြစ်ပြီး Fashion Show များ၊ ပရဟိတရန်ပုံငွေ လေလံအစီအစဉ်၊ စိတ်လှုပ်ရှားဖွယ် ရန်ပုံငွေကံစမ်းမဲ အစီအစဉ်များနှင့် ပါဝင်မည်ဖြစ်ပြီး ကြည့်ရှုပါဝင်လှူဒါန်းလိုသူများအနေဖြင့် လက်မှတ်တစ်စောင်လျှင် US$50 နှုန်းသတ်မှတ်ထားပြီး ချက်ထရီယမ်ဟိုတယ် ၀၁၅၄၄၅၀၀ (သို့) https://ticket.myanmore.com/event/music-for-myanmar/ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **ကိုလင်း**



# မိုက်ကယ်ဘူဘလီရဲ့ ဖျော်ဖြေပွဲ လန်ဒန်မှာ ပြန်လည်စတင်တော့မည်

The Haven't Met You Yet သီချင်းနဲ့ကျော်ကြားခဲ့တဲ့ အဆိုတော် မိုက်ကယ်ဘူဘလီဟာ လွန်ခဲ့နှစ်က သားဖြစ်သူ နေမကောင်းဖြစ်ပွားပြီးနောက် သူ့ရဲ့ဖျော်ဖြေပွဲအားလုံးကို ဖျက်သိမ်းခဲ့ပါတယ်။ ဒါပေမယ့်လည်း အခုအခါမှာတော့ သူ့ရဲ့ဖျော်ဖြေပွဲတွေပြန်လည်ပြုလုပ်တော့မှာ ဖြစ်တယ်လို့ သိရပါတယ်။ မိုက်ကယ်ရဲ့သားဖြစ်သူဟာ လွန်ခဲ့တဲ့နိုဝင်ဘာလကမှ အသည်းကင်ဆာခံစားခဲ့ရတာပဲ ဖြစ်ပါတယ်။ ဗြိတိန်က သူ့ရဲ့ပရိသတ်တွေဟာ သူတို့ကြိုက်တဲ့ အဆိုတော်ရဲ့ သီဆိုဖျော်ဖြေမှုကို ပြန်လည်တွေ့မြင်ရတော့မှာဖြစ်လို့ ပျော်ရွှင်နေကြပါတယ်။

မိုက်ကယ်ကတော့ သူ့ရဲ့ပထမဦးဆုံးဖျော်ဖြေပွဲအတွက် အင်္ဂလန်ကို ပြန်လာခဲ့တာဖြစ်လို့ အင်္ဂလန်ကပရိသတ်တွေ ဝမ်းသာကြတာလည်း မဆန်းပါဘူး။ မိုက်ကယ်နဲ့ သူ့ဇနီးတွေဟာ သားဖြစ်သူရဲ့ကျန်းမာရေးအတွက် သူတို့ရဲ့အလုပ်ကိစ္စတွေအားလုံးကို ဖျက်သိမ်းခဲ့တာဖြစ်ပြီး ဖေဖော်ဝါရီလအတွင်းမှာတော့ သားလေးနိုဟာ ဆေးကုသမှုမှာ ရလဒ်တွေကောင်းတယ်လို့ ကြေညာခဲ့ပါတယ်။ သူတို့ရဲ့သားလေးနိုဟာက အသက်လေးနှစ်ပဲရှိပါသေးတယ်။ ဧပြီလအတွင်းမှာတော့ မိုက်ကယ်ရဲ့ဇနီးဖြစ်သူက သားလေးဟာ ကင်ဆာရောဂါကနေ ကင်းလွတ်သွားပြီလို့ကြေညာခဲ့ပါတယ်။

မိုက်ကယ်ကတော့ သားဖြစ်သူကျန်းမာရေးကောင်းလာပြီဖြစ်လို့ စိတ်အေးစွာနဲ့သူ့ရဲ့အနုပညာအလုပ်ကိုခရီးဆက်နိုင်ပါပြီ။ လန်ဒန်က ပရိသတ်တွေကိုတွေ့ဖို့ မစောင့်နိုင်တော့ဘူးလို့ စိတ်လှုပ်ရှားစွာနဲ့ဖြေခဲ့ပါတယ်။ သူ့ကို စိတ်ရှည်ရှည်နဲ့ပရိသတ်တွေကစောင့်ဆိုင်းပေးလို့လည်း ကျေးဇူးတင်တယ်လို့ ဆိုပါတယ်။

**ခြူး ဟယ်လို**

# MTV ဆုပေးပွဲမှာ ပရိသတ်အကြိုက်ဆုံးဆုအပါအဝင် ဆုများစွာကို သိမ်းယူသွားတဲ့ ရှုံးစ်မန်းဒတ်စ်



ဥရောပ MTV ဂီတထူးချွန်ဆုပေးပွဲကို နိုဝင်ဘာ ၁၃ ရက်က လန်ဒန်မြို့မှာ ကျင်းပခဲ့ပါတယ်။ ဒီပွဲဟာနာမည်ကြီး အနုပညာရှင်တွေ တက်ရောက်တဲ့ပွဲဆိုလည်း မမှားပါဘူး။ ဒီဆုပေးပွဲဟာ ဗြိတိန်မှာ ခြောက်ကြိမ်မြောက်ကျင်းပတာဖြစ်ပြီး လန်ဒန်မှာတော့ ဒုတိယအကြိမ်ကျင်းပတာပဲ ဖြစ်တယ်။ ဒီပွဲမှာ နာမည်ကျော်အဆိုတော်တွေဖြစ်ကြတဲ့ အမေရိကန်ရက်ပ်ပါ အေမီနမ်၊ U2၊ လီယမ်ပိန်း၊ Stormzyနဲ့ ရှုံးစ်မန်းဒတ်စ်တို့ဟာ စင်ပေါ်မှာ အံ့မခန်းဖျော်ဖြေမှုတွေနဲ့ ဖျော်ဖြေခဲ့ကြပါတယ်။

ရှုံးစ်မန်းဒတ်စ်ဟာ တေလာဆွတ်ဖ်နဲ့ Ed Sheeran တို့ကိုကျော်လွန်ပြီး ဒီနှစ် MTV တေးဂီတဆုပေးပွဲရဲ့အကောင်းဆုံး အနုပညာရှင်ဆုကို ရရှိသွားပါတယ်။ ကနေဒါအဆိုတော်တစ်ဦးဖြစ်တဲ့ မန်းဒတ်စ်ဟာ အကောင်းဆုံးသီချင်းနဲ့ပရိသတ်အကြိုက်ဆုံးဆုတွေရရှိသွားပါတယ်။ တေလာဆွတ်ဖ်ကတော့ ဆုခြောက်ဆုအတွက် အမည်စာရင်းတင်သွင်းခြင်းခံရပေမယ့် ဆုတစ်ဆုမှရရှိသွားခြင်း မရှိပါဘူး။ အေမီနမ်ကတော့ အကောင်းဆုံး ဟစ်ဟော့စ်အဆိုရှင်ဆုကို ရရှိသွားပါတယ်။ အကောင်းဆုံးပေါ့ပ်အဆိုရှင်ဆုကိုတော့ ကမီလာကာဘယ်လိုက ရရှိခဲ့ပါတယ်။ ဒီပွဲမှာ နောက်ထပ်နာမည်ကြီးသွားတဲ့ လူတစ်ယောက်ရှိပါသေးတယ်။ သူကတော့ရီတာအိုရာပဲဖြစ်ပါတယ်။ ရီတာဟာ ရေချိုးခန်းသုံးတဘက်ကို ညခေါင်းမှာပေါင်းပြီး ညဝတ်အင်္ကျီနဲ့စင်ပေါ်မှာ ဖျော်ဖြေခဲ့ပါတယ်။

အကောင်းဆုံးလိုက်ဖ်ရှိုးသီဆိုမှုအတွက်ကတော့ Ed Sheeran က ရရှိခဲ့ပါတယ်။ Ed Sheeran ဟာ ဆိုင်ကယ်အက်စီဒင့်ဖြစ်ပွားပြီးနောက် လက်နှစ်ဖက်လုံးကျိုးခဲ့ပြီး စိတ်ကျဝေဒနာခံစားခဲ့ရတယ်လို့လည်း သူပရိသတ်တွေကို ပြောပါတယ်။ ဒီမတော်တဆမှုကြောင့်လည်း သူ့ရဲ့အာရှဖျော်ဖြေပွဲတွေကို ရွှေ့ဆိုင်းလိုက်ရပါတယ်။ အဲဒီနောက်အခု ပရိသတ်ရှေ့ပြန်လည်ရောက်ရှိလာတာပဲဖြစ်ပါတယ်။

**ခြူး ဟယ်လို**

# ပြည်ထောင်စု ရှေ့နေချုပ် ဦးထွန်းထွန်းဦး စင်ကာပူနိုင်ငံသံအမတ်ကြီးအား တွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၁၃**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံအမတ်ကြီး H.E Mr. Robert Chua အား ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် နိုဝင်ဘာ၁၀ ရက်က ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ သံတမန်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် စင်ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ရေး၊ ဥပဒေရေးရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဖော်ဆောင်ရေး၊ စင်ကာပူနိုင်ငံ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ အကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာအရ လူ့အရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် ဥပဒေရေးရာသင်တန်းများ ပိုမိုဆောင်ရွက်နိုင်ရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်လာရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ၉၇ နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားများ အမြို့မြို့အနယ်နယ်၌ ကျင်းပ

**တွန်းဇံ**

ချင်းပြည်နယ် တွန်းဇံမြို့၌ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၃ ရက်နေ့ ၈ နာရီ မိနစ် ၃၀ တွင် တွန်းဇံမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ၉၇ နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် တွန်းဇံမြို့အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက ပြည်မြန်မာသီချင်းဖြင့် အခမ်းအနားဖွင့်လှစ်ကြပြီးနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော ၉၇ နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆလိုင်းထောင်က ဖတ်ကြားသည်။ ထို့နောက် ၉၇ နှစ် မြောက် အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ခဲ့ကြသည်။

**တွန်းဇံ (ပြန်/ဆက်)**

**ဟိုပန်**

၉၇ နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့၌ နိုဝင်ဘာ ၁၃ ရက်က အထက (ဟိုပန်) စာသင်ခန်း၌ ကျင်းပ ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတဦးထင်ကျော်ထံမှ ပေးပို့သည့် ၉၇ နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ကိုယ်စား၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနိုင်မင်းထွန်းက ဖတ်ကြားခဲ့သည်။

ထို့နောက် ၉၇ နှစ်မြောက်အမျိုးသားနေ့ အထိမ်းအမှတ် (အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်) စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသောသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**ပင်လောင်း**

ရှမ်းပြည်နယ် တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်၌ ၉၇ နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ နိုဝင်ဘာ ၁၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ၉၇ နှစ်မြောက်အမျိုးသားနေ့အထိမ်းအမှတ် သဝဏ်လွှာအား မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးခွန်စိုးအောင်က ဖတ်ကြားကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**လက်ပံတန်း**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်တွင် ၉၇ နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နိုဝင်ဘာ ၁၃ရက်က ၂လမ်း ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မူလွန်ဘီးလင်းတန်းကျောင်းရှိ အမျိုးသားနေ့အထိမ်းအမှတ် ကျောက်တိုင်သို့ စစ်ကြောင်း ၁၅ ကြောင်းဖြင့် လမ်းလျှောက်၍ အလေးပြုခဲ့ကြသည်။ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်၊ ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ပါတီနိုင်ငံရေး အဖွဲ့အစည်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မောင်ရွှေဝင်း (ပြည်)**

**သုံးခွ**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်၌ ၉၇ နှစ်မြောက်အမျိုးသားနေ့ အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက်က အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော ၉၇ နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်က ဖတ်ကြားပြီး စာစီစာကုံးပြိုင်ပွဲဆုရရှိသူများကို ဆုချီးမြှင့်သည်။

**ကြည်စိုးလွင်(သုံးခွ)**



# အမျိုးသားနေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့တွင် ၉၇ နှစ်မြောက် အမျိုးသားနေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးလုပ်အားပေးပွဲကို နိုဝင်ဘာ ၁၂ ရက် နံနက် ၇နာရီက ဖြူးမြို့ရုံးရပ်ကွက်ရှိ ဗိုလ်ချုပ်လမ်းတစ်လျှောက်နှင့် ပြည်သူ့ဆေးရုံဝင်းအတွင်း၊ အထက(၁) ကျောင်းဝင်းအတွင်းတို့တွင် အမှိုက်၊ ပေါင်း၊ မြက်များ ခုတ်ထွင်ရှင်းလင်း ခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့စုပေါင်းဆောင်ရွက်ကြရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် မြို့ပေါ် ရပ်ကွက်များမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုစုပေါင်း ၇၆၀ ဦးတို့က စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **ဖြူးမြင့်ဦး**



နိုဝင်ဘာ ၁၃ရက်က သာကေတမြို့နယ် အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသားကျောင်းသူများ ပညာသင်ကြားမှု အဆင်ပြေစေရန်အတွက် ပေါ်ပြူလာပလတ်စတစ်ကုမ္ပဏီက ထိုင်ခုံ ၁၃၀ လှူဒါန်းရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သက်ထားနွယ်ဝင်း၊ ကျောင်းအုပ် ဆရာကြီး ဦးကျော်ဝင်းမောင်နှင့် ကျောင်းအကျိုးတော်ဆောင်များ လက်ခံယူစဉ်။ **မြင့်မောင်စိုး**

# မြို့နယ်အဆင့် မိုးစပါးစံကွက် ရိတ်သိမ်း

**စလင်း နိုဝင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်လယ်မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် မြို့နယ်အဆင့် မိုးစပါးစံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ ရက်က စိဆွဲကျေးရွာအုပ်စု ကွင်းအမှတ် ၃၄၈ ဦးပိုင်အမှတ် ၂၄၁ ရှိ တောင်သူဒေါ်သန်းကြွေ၏ မနောသုခ စိုက်ပျိုးသည့် လယ်မြေ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ ရိတ်သိမ်းပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်ခိုင်၊ လယ်စီဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ရပ်/ကျေးလယ်စီအဖွဲ့ဝင်များ၊ ဒေသခံတောင်သူလယ်သမားများတက်ရောက်ခဲ့ပြီး ယင်းစံကွက်အားရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင်အစိုထွက် တင်း ၈၀ ထွက်ရှိကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ကျပန်းစကားပြောပြိုင်ပွဲအတွက် ကျောင်းသားလူငယ်များ၏ ကြိုတင်ပြင်ဆင်မှု ပုံစံများ ပြောင်းလဲလာ



**မကွေး နိုဝင်ဘာ ၁၄**

အမျိုးသားနေ့၊ လွတ်လပ်ရေးနေ့၊ အာဇာနည်နေ့ စသည့် အထိမ်းအမှတ်နေ့များ၌ ကျပန်းစကားပြောပြိုင်ပွဲများကို မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန Community Centre ၌ ကျင်းပပေးလျက်ရှိရာ အဆိုပါပြိုင်ပွဲများတွင် ပြိုင်ပွဲဝင်သည့် ကျောင်းသားလူငယ်များ၏ ကြိုတင်ပြင်ဆင်အားထုတ်မှု ပုံစံများ ပြောင်းလဲလာကြောင်း အကဲဖြတ်ဒိုင်များထံမှ သိရသည်။

အရင်တုန်းကတော့ တစ်စုံတစ်ဦးရေးပေးတဲ့စာကို ကျက်ပြီး ပြိုင်တဲ့အနေအထားမျိုး ပြိုင်ပွဲဝင်အများစုမှာ တွေ့ခဲ့ရပါတယ်။ အမျိုးသားနေ့အထိမ်းအမှတ် ပြိုင်ပွဲမှာတော့ ကလေးတွေ အတော်လေးပြင်ဆင်လာတာကို တွေ့ရတယ်၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိတဲ့ သူတို့ရဲ့ ဟန်ပန်ကိုလည်း မြင်လာရတယ်”ဟု အကဲဖြတ်ဒိုင်တစ်ဦးဖြစ်သူ မြန်မာနိုင်ငံသတင်းစာဆရာအသင်း (မကွေးတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဆရာနေခြည်(မကွေး) က ပြောသည်။

ကျောင်းသားကျောင်းသူများ၏ ပြောင်းလဲလာသော ယှဉ်ပြိုင်တင်ဆက်မှုများကြောင့် ပြိုင်ပွဲများအပေါ် စိတ်ဝင်စားမှုများလည်း မြင့်တက်လာနေပြီး ဒေသတွင်း ပရဟိတအဖွဲ့များ၊ အလှူရှင်များ၊ ပညာရေးအသိုင်းအဝိုင်းများနှင့် သတင်း၊ စာပေနှင့် ဂီတဆိုင်ရာ နယ်ပယ်များကလည်း ပြိုင်ပွဲများအပေါ် ကူညီပံ့ပိုးမှုများရှိနေကြောင်း၊ ခရိုင်ပြည်သူ့စာကြည့်တိုက်သို့လည်း ကျောင်းသားလူငယ်များ လာရောက်လေ့လာမှု များပြားလာလျက်ရှိကြောင်း မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးမြင့်သန်းက ပြောသည်။

“ဒီလိုပြိုင်ပွဲတွေ လုပ်ပေးတော့ ပြိုင်ကြတဲ့ကလေးတွေရော၊ အားပေးတဲ့သူတွေပါ အမျိုးသားနေ့ဆိုတာဘာလဲ၊ အမျိုးသားရေးစိတ်ဓာတ်နဲ့ အမျိုးသားရေးအသိအမြင်တွေ ဘာကြောင့်၊ ဘယ်လို မွေးမြူရမလဲဆိုတာ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်လာကြပြီး အမျိုးသားရေး စိတ်ဓာတ်တွေ မြင့်မားလာကြမယ်လို့ ယုံကြည်ပါတယ်၊ ကျောင်းသားတွေ၊ ဆရာတွေရဲ့ ကြိုးစားအားထုတ်မှု ပုံစံကောင်းတွေက အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်တွေကို ပိုအသက်ဝင်လာစေမှာပါ”ဟု ဆရာနေခြည်က ဆိုသည်။ မကွေးမြို့နယ် ပညာရေးမှူး ဦးစိုးဝင်းကလည်း “ပြိုင်ပွဲတွေမှာ ကျက်ဖြေတာမျိုး၊ ဆရာဆရာမတွေက ရေးပေးတာမျိုးကိုလည်း အားမပေးပါဘူး”ဟု ပြောသည်။

မကွေးမြို့၌ နိုဝင်ဘာ ၁၂ ရက်က ကျင်းပသည့် အမျိုးသားနေ့အထိမ်းအမှတ်ပြိုင်ပွဲတွင် အခြေခံပညာနှင့် ပုဂ္ဂလိကကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများကို စေတနာရှင်များ၏ လှူဒါန်းမှုများဖြင့် ဆုများချီးမြှင့်ပေးအပ်ခဲ့ကာ ပြိုင်ပွဲသို့ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ချိုလတ်နှင့် နယ်ပယ်စုံမှ စိတ်ပါဝင်စားသူ ၁၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

**ဇေယျတု(မကွေး)**

# ကျေးရွာနေပြည်သူများအား အသိပညာပေးဟောပြောပွဲ ပူးပေါင်းကွင်းဆင်းဆောင်ရွက်

**မိုင်းဖြတ် နိုဝင်ဘာ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ကျေးလက်ပြည်သူများ ဗဟုသုတ တိုးပွားစေရန်အတွက် အသိပညာပေး ဟောပြောဆွေးနွေးပွဲကို နိုဝင်ဘာ ၁၂ ရက်က ကောင်းမူးကျေးရွာအုပ်စု ကောင်းမူးကျေးရွာရှိ ဘုရားရှိခိုးကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က အမှာစကားပြောကြားပြီး ခေတ္တမြို့နယ်ရဲမှူး ဒုတိယရဲမှူး အောင်လင်းခိုင်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်နှင့် လူမှောင်ခို၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောရှင်းလင်းသည်။ ထို့နောက် မြို့နယ်ဥပဒေအရာရှိ ဦးထွန်းထွန်းနိုင်က ဥပဒေ၊ ပြစ်မှုပြစ်ဒဏ်ဆိုင်ရာများနှင့် ပတ်သက်သည့် သိကောင်းစရာများကို ရှင်းလင်းဟောပြောပြီး မြို့နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သင်းမြတ်ရည်ဝင်းက သဘာဝဘေးအန္တရာယ်ဆိုင်ရာ သိကောင်းစရာများနှင့် သဘာဝဘေးကြုံတွေ့ရသူများအား ထောက်ပံ့မှုနှုန်းထားများအကြောင်းကို ရှင်းလင်းဟောပြောခဲ့ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **မြို့နယ် (ပြန်/ဆက်)**

# မြန်မာနိုင်ငံ ရုပ်ရှင်ရုံ ၁၀၀ ဆောက်လုပ်ရေးစီမံချက်မှ ၁၀ ရုံမြောက် ရုပ်ရှင်ရုံကို ဖွင့်လှစ်

**မော်လမြိုင် နိုဝင်ဘာ ၁၄**

မွန်ပြည်နယ် မော်လမြိုင်မြို့ ကွင်းရပ် ရပ်ကွက်ကျောက်မီးသွေးလမ်းဆုံ၌ နိုဝင်ဘာ ၁၂ ရက် နံနက် ၉ နာရီက PARADISO CINEMAS ကုမ္ပဏီလီမိတက်မှ မြန်မာနိုင်ငံအတွင်း ရုပ်ရှင်ရုံ ၁၀၀ စီမံကိန်းတွင် ၁၀ ရုံမြောက်ကို မော်လမြိုင်မြို့တွင် ဖွင့်လှစ်ရာ အခမ်းအနားကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်ဝန်ကြီးများဖြစ်ကြသည့် ဦးရွှေမြင့်၊ စောအောင်မြင့်ခိုင်၊ မွန်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက ဦးအောင်လွင်၊ PARADISO CINEMAS ကုမ္ပဏီလီမိတက် ဒုဥက္ကဋ္ဌ ဦးလွင်မိုး၊ ဌာနဆိုင်ရာများနှင့် ဒေသခံများ တက်ရောက်သည်။

ရှေးဦးစွာ ရုပ်ရှင်ရုံအား မွန်ပြည်နယ်ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယကတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြား၍ ကုမ္ပဏီဒုဥက္ကဋ္ဌ ဦးလွင်မိုးက ကျေးဇူးတင်စကားပြောကြားခဲ့ပြီးနောက် 3D ရုပ်ရှင်ကို ၉ မိနစ်ပြသခဲ့ကြောင်း သိရသည်။

**တင်ထွန်း(မော်လမြိုင်)**



# သဘာဝဘေး ကာကွယ်ရေးဆိုင်ရာ စီမံချက်လုပ်ငန်းစဉ်များ လွှဲပြောင်းပေးအပ်

**တောင်ကုတ် နိုဝင်ဘာ ၁၄**

Plan International Myanmar နှင့် Community Development Association တို့ ပူးပေါင်း၍ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ခဲ့သော သုံးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် ရာသီဥတုပြောင်းလဲလာမှုနှင့် ဘေးအန္တရာယ်များ ကျရောက်လာမှုအပေါ် ခံနိုင်ရည်စွမ်းအားတည်ဆောက်ခြင်းနှင့် လိုက်လျော ညီထွေစွာ နေထိုင်ခြင်း (BRACED) စီမံချက်လုပ်ငန်းများ ပြီးစီးအောင်မြင်မှုဆိုင်ရာ စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ပွဲကို နိုဝင်ဘာ ၁၂ ရက်က တောင်ကုတ်မြို့ မြို့နယ်ခန်းမ၌ ကျင်းပခဲ့ သည်။

လွှဲပြောင်းပေးအပ်ပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ဇော်ဦးက အမှာစကားပြောကြားပြီး BRACED စီမံချက် သုံးနှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် စီမံချက်ဆိုင်ရာ ဆန်းစစ်ဖော်ထုတ် ချက်များကို စီမံချက် Resilience Specialist ဦးချစ်မင်းထွန်း၊ ဦးဘိုတင်အောင်နှင့် စီမံချက်မန်နေဂျာ ဦးဇော်လူထက်တို့က ရှင်းလင်းဆွေးနွေးကာ စီမံချက် လုပ်ငန်းများ ပြီးစီးအောင်မြင်မှု အချက်အလက်စာရွက်စာတမ်းများကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

ထိုသို့လွှဲပြောင်းပေးအပ်ရခြင်းမှာ စီမံချက်မှထုတ်ဝေသည့် နည်းကိရိယာများ(Tools) စုံလင်စွာပါဝင်သည့် Community Resilience Assessment Handbook စာအုပ်နှင့် ရပ်ရွာလူထု ဘေးဒဏ်ခံနိုင်စွမ်း ဆန်းစစ်လေ့လာဖော်ထုတ်ထားသော စီမံချက်ဝင်ကျေးရွာ ၄၀ ၏ လိုအပ်ချက်များကိုမြို့နယ်အဆင့်ဌာဆိုင်ရာများက ဆက်လက်ဆောင်ရွက်နိုင်အောင် လွှဲပြောင်းပေးအပ်ခြင်းဖြစ်ကြောင်း စီမံချက်မှ တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ လွှဲပြောင်း ပေးအပ်ပွဲတွင် အခြား BRACED စီမံကိန်း အဖွဲ့ဝင်များဖြစ်သည့် Myanmar Environment Institute, UN Habitat နှင့် BBC Media Action တို့ကလည်း ၎င်းတို့အကောင် ထည်ဖော်ဆောင်ရွက်ထားသော စီမံချက်လုပ်ငန်းများအကြောင်းကို ဆွေးနွေးခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

# ရခိုင်ဒေသခံပြည်သူများအား အကူအညီပေးနိုင်ရေး တိုက်တွန်းပြောကြား

**ဝိုင်းမော် နိုဝင်ဘာ ၁၄**

အကြမ်းဖက်သမားများ၏ လုပ်ရပ်များကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေကြရသော ရခိုင်ဒေသခံပြည်သူများအား ပြန်လည်နေရာချထားရေးနှင့် လူသားချင်း စာနာထောက်ထားမှု အကူအညီများပေးနိုင်ရေးအတွက် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်းမှ ပြည်သူများ၊ လူမှုအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များအနေဖြင့် အလှူငွေများ ပါဝင်ကူညီလှူဒါန်းပေးနိုင်ရန် တွေ့ဆုံဆွေးနွေးပွဲကို ပြည်နယ်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဝိုင်းမော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းဝေးခန်းမ၌ နိုဝင်ဘာ ၁၁ ရက်က ကျင်းပခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် ဝိုင်းမော်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းစိန်က အမှာစကားပြောကြားပြီး ရခိုင်ပြည်နယ်မှ ပြည်သူများအတွက် အလှူငွေများ လှူဒါန်းနိုင်ကြရန် တိုက်တွန်းပြောကြားခဲ့ကာ ဒေသခံပြည်သူများ၊ လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက လှူဒါန်းမည့်အစီအစဉ်များကို မေးမြန်းခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ပြန်လည်ဖြေကြားခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

# နည်းပညာတက္ကသိုလ်(လားရှိုး)၌ ကျောင်းသားအိပ်ဆောင်တည်ဆောက်ရန် ပန္နက်တင်

**လားရှိုး နိုဝင်ဘာ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ နည်းပညာတက္ကသိုလ်(လားရှိုး)၌ ကျောင်းသား ကျောင်းသူ ၁၀၀ ဆံ့ အိပ်ဆောင်အဆောက်အအုံ တည်ဆောက်ရန် စီမံကိန်း ရှင်းလင်းတင်ပြခြင်းနှင့် ပန္နက်တင်ပွဲကို နိုဝင်ဘာ ၁၁ ရက်က ကျင်းပခဲ့သည်။

စီမံကိန်းကို ရှင်းလင်းရာတွင် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်က အမှာစကားပြောကြားပြီး နှစ်ထပ်အိပ်ဆောင် တည်ဆောက်ရေးစီမံကိန်းနှင့်ပတ်သက်၍ နည်းပညာတက္ကသိုလ်(လားရှိုး)မှ ကျောင်းအုပ်ကြီး ဒေါက်တာ အောင်မျိုးလင်းက ရှင်းလင်းပြောကြားသည်။ ထို့နောက် အိပ်ဆောင်တည်ဆောက်ရေးလုပ်ငန်းစဉ်အသေးစိတ်ကို တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မြတ်ကျော်က ရှင်းလင်းတင်ပြသည်။ ထို့နောက် ပန္နက်တင်ပွဲကို ဆက်လက်ကျင်းပပြီး ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီးတွင် ပန္နက်များတင်ပေးခဲ့ကြသည်။

**ခရိုင် (ပြန်/ဆက်)**

# လူထု ဗဟိုပြုစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်မည်

**စေတုတ္တရာ နိုဝင်ဘာ ၁၄**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်း၍ စေတုတ္တရာမြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်းမှ စတုတ္ထနှစ်လုပ်ငန်းများအဖြစ် မကြီးကျေးရွာအုပ်စု ပွင့်တောက်ကျေးရွာ၌ ရွာအဝင်လမ်းပြုပြင်ခြင်း၊ ချောင်းကူးတံတားဆောက်လုပ်ခြင်းနှင့် ကျေးရွာစုရပ်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အစည်းအဝေးပြုလုပ်၍ စီမံကိန်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ကျေးရွာလူထု၏ဆန္ဒဖြင့် ဆောင်ရွက်ရန် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပွင့်တောက်ကျေးရွာသည် ၂၀၁၅ ခုနှစ် ဇူလိုင်လက ရေဘေးကျရောက်၍ တစ်ရွာလုံးရေနစ်မြုပ်ခဲ့သဖြင့် မူလကျေးရွာ၏ အနောက်ဘက် နှစ်ဖာလုံခန့်ကွာဝေးသော ရေလွတ်ရာတောင်ကုန်းပေါ်သို့ ပြောင်းရွှေ့ခဲ့ရကာ ထိုသို့ ပြောင်းရွှေ့ပြီးနောက်တွင် လူထုဗဟိုပြုစီမံကိန်းမှ ထောက်ပံ့ငွေ ကျပ်သိန်းငါးဆယ် ကျေးရွာလမ်းကျောက်ခင်းခြင်းကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

# ဝန်ကြီးဌာနပေါင်းစုံ ဘိုးလင်းပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၄**

အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘိုးလင်းအဖွဲ့ချုပ်တို့ ကြီးမှူး၍အဖွဲ့ချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ ဘိုးလင်း အားကစားပြိုင်ပွဲကို နိုဝင်ဘာ ၂၅ ရက်တွင်နေပြည်တော်ရှိဘိုးလင်းအားကစားရုံ၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါပြိုင်ပွဲတွင်အမျိုးသား၊အမျိုးသမီးတစ်ဦးချင်း အလွတ်တန်းကျင်းပမည်ဖြစ်ပြီး ဝန်ကြီးဌာနမှ ဘိုးလင်းအားကစားသမားများ မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

**အေကေလင်း**

# မြို့နယ် သန့်ရှင်းသာယာလှပရေးအတွက် ညှိနှိုင်းဆွေးနွေး

**ကျောင်းကုန်း နိုဝင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် သန့်ရှင်း သာယာလှပစေရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အေးချမ်းသာယာခန်းမ၌ ပြုလုပ်ခဲ့ရာ ဆွေးနွေးချက်များအရ မြို့ပေါ်ရှိစည်းကမ်းမဲ့ ကျူးကျော်ဆိုင်များနှင့် ယာဉ်များကို ဖယ်ရှားရှင်းလင်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက ဆွေးနွေးမည့် ခေါင်းစဉ်များကို ရှင်းလင်းပြောကြားပြီး မဲဆန္ဒနယ်အမှတ် ၁ မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထိန်ဝင်းက လွှတ်တော်တွင် တင်ပြထားသည့် ကိစ္စများကိုလည်းကောင်း၊ မြို့နယ်သန့်ရှင်းသာယာလှပရေးအတွက် ဝိုင်းဝန်းလုပ်ဆောင်ကြရန် လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ကျောင်းကုန်းမြို့နယ် သန့်ရှင်းသာယာလှပစေရေးအတွက် မီးဘေးလုံခြုံရေးကိစ္စများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကိစ္စများ၊ ဂက်စ်ပိုက်လိုင်းပေါ်မှ ဆိုင်ခန်းများဖယ်ရှားပေးရေးကိစ္စများ၊ ဆေးရုံလမ်း ပလက်ဖောင်းပေါ် ကျူးကျော်မှုများမရှိစေရေးကိစ္စများကို ဝိုင်းဝန်းညှိနှိုင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# နေပြည်တော် စိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ မျိုးစေ့ထုတ်တောင်သူများအဖွဲ့ လေ့လာရေး လာရောက်

**နေပြည်တော် နိုဝင်ဘာ ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ နေပြည်တော်ရှိ အသိပညာပေးရေး စင်တာ (Knowledge Centre)မှ တာဝန်ရှိသူများနှင့် မျိုးစေ့ထုတ်တောင်သူများပါဝင်သည့် အဖွဲ့သည် နိုဝင်ဘာလပထမပတ်အတွင်းက လေ့လာရေးလာရောက်ခဲ့ကြောင်း သိရသည်။

လေ့လာရေးအဖွဲ့အား စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနဌာနစုမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများက ကြိုဆို၍ စပါးသီးနှံသုတေသနဌာနစု ကွင်းအတွင်း သုတေသနပြု ဆောင်ရွက်လျက်ရှိသော စပါးမျိုး ၁၄ မျိုး၏ မိဘမျိုးစေ့ထုတ်စိုက်ခင်းကို လိုက်လံရှင်းလင်းပြသခဲ့သည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန အစည်းအဝေးခန်းမ၌ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ သမိုင်းကြောင်း၊ သုတေသနပြု ဆောင်ရွက်လျက်ရှိသော သီးနှံများနှင့် စိုက်နည်းစနစ်များ၊ သုတေသနရလဒ်များ၊ နိုင်ငံတစ်ဝန်းရှိ စိုက်ပျိုးရေး သုတေသနခြံများ၊ နိုင်ငံတကာနှင့်ချိတ်ဆက်၍ သုတေသနလုပ်ငန်း ဆောင်ရွက်နေမှုများ အစရှိသည့် အကြောင်းအရာပါဝင်သည့် မှတ်တမ်းတင်ဗီဒီယိုကို ပြသခဲ့ကာ စိုက်ပျိုးရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လေ့လာရေးအဖွဲ့ဝင်များအား စိုက်ပျိုးရေးနှင့်ပတ်သက်သည့် ကြုံတွေ့ရသော အခက်အခဲများကို ဆွေးနွေးတင်ပြနိုင်ကြောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တောင်သူများအတွက်လိုအပ်သည့် စိုက်ပျိုးရေးဆိုင်ရာ သင်တန်းများကိုလည်း အသိပညာပေးရေးစင်တာ(Knowledge Centre)နှင့် ချိတ်ဆက်၍ ဖွင့်လှစ်သင်ကြားပေးနေပြီး ဆက်လက်၍လည်း ပူးပေါင်းဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **မင်းမင်းလတ် (ရုပဗေဒ)**

# မိုင်းအန္တရာယ် အသိပညာပေး သင်တန်းဖွင့်

**ဘားအံ နိုဝင်ဘာ ၁၄**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းမှ ဒေသခံပြည်သူများအနေဖြင့် မြေမြုပ်မိုင်းနှင့် စစ်လက်နက် အကြွင်းအကျန်များကို ရှောင်ရှားနိုင်ရန်အတွက် မိုင်းအန္တရာယ် အသိပညာပေး အဆင့်မြင့်သင်တန်းကို မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းပြီး ဘားအံမြို့ရှိ ပြည်နယ်ကြက်ခြေနီ သိုလှောင်ရုံးခန်းမ၌ နိုဝင်ဘာ ၁၁ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဦးခွန်ကျော်ဝင်းက အမှာစကားပြောကြားပြီး ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစောကျော်ဝင်းက သင်တန်းဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားသည်။ သင်တန်းသို့ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကြက်ခြေနီလုပ်အားရှင်များ တက်ရောက်ကြပြီး သင်တန်းတက်ရောက်သူများအနေဖြင့် စစ်ကျန် မြေမြုပ်မိုင်းနှင့် စစ်လက်နက်အကြွင်းအကျန်များကို ရှောင်ရှားနိုင်ရန်နှင့် လုံခြုံစိတ်ချစွာနေထိုင်နိုင်ရန်အပြင် ကျောင်းသား ကျောင်းသူများ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား အသိပညာများ ပြန်လည်မျှဝေပေးနိုင်ရန် ရည်ရွယ်ပြီး သင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ သင်တန်းတွင် သင်တန်းသားသင်တန်းသူ ၂၅ ဦးအား မြန်မာနိုင်ငံကြက်ခြေနီအသင်းချုပ် ဘေးဒုက္ခစီမံခန့်ခွဲရေးဌာန ညှိနှိုင်းရေးမှူး ဦးတင်မိုးကျော်ဦးစီးသည့် အဖွဲ့ဝင်များက သင်တန်းကာလ သုံးရက်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

# သာယာလှသည့် ကဗျာဝ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်း



**ခရမ်းစိုးမြင့်**

လှိုင်းပြာမြူးကြွ … သဲရွှရွှနှင့်
သာစွဌာနေ… ကဗျာဝကမ်းခြေ။
ရွာအဝင်အစနားမှာ …
ထင်းရှူးပင်တန်း … အုန်းပင်တန်းနှင့်
ခရမ်းပြာပန်း … ရောင်စုံလျှမ်းနှင့်
သီဟိုဠ်ပင်တန်း …ဆီးပင်တန်းနှင့်
အံ့မခန်းတဲ့ … မြစ်ကမ်းနဒီ။
လာလှဲ့စေချင်သည် … ကဗျာဝရဲ့ကမ်းခြေ
အလှ ပန်းချီ။

ကျေးလက်စာဆိုတစ်ဦးဖြစ်သည့် ထက်နေထွန်း (ကဗျာဝ) ရေးဖွဲ့ထားသော ကာရန်အလှ သိပ်မညီလှသည့် ကဗျာတစ်ပုဒ်ကို လက်ရေးစာမူနှင့် ဖတ်မိပြီး ကျွန်တော် ကဗျာဝ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းသို့ ရောက်ခဲ့သည်။

ကဗျာဝ ပင်လယ်ကမ်းခြေသည် မွန်ပြည်နယ် မော်လမြိုင်ခရိုင် ရေးမြို့နယ်အပိုင် ခေါဇာမြို့နှင့် ငါးမိုင်ခန့်တွင်ရှိသော အပန်းဖြေစခန်းတစ်ခုဖြစ်သည်။ ကဗျာဝချောင်းမှ ကျွန်းကြီး၊ တရုတ်ထောက်ရွာအထိ ကမ်းခြေအလှ ငါးမိုင်ခန့်ရှိသည်။ ၂၀၁၄ ခုနှစ်လောက်မှ ကမ်းခြေအလှကို စတင်တွေ့ရှိခဲ့ပြီး စည်ကားလာခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ကဗျာဝကမ်းခြေတွင် ယခုအခါပင်လယ်စာများ ချက်ပြုတ်ကြော်လှော်ရောင်းချပေးလျက်ရှိသော ပင်လယ်ပြာစားသောက်ဆိုင်၊ ရွှေကဗျာစားသောက်ဆိုင်၊ ဆည်းဆာကဗျာစားသောက်ဆိုင် အစရှိသည့် စားသောက်ဆိုင်များ၊ အုန်းစိမ်းရေရောင်းသူများ၊ အမှတ်တရ ပင်လယ်ခရုပုတီးရောင်းသည့်ဆိုင်များ၊ ကမ်းခြေတွင် ပင်လယ်အလှကြည့်ရန် ထီးကလေးနှင့် ထိုင်ခုံငှားသူများ၊ ငါးကင်ဆိုင်များ၊ ကဗျာဝကမ်းခြေ အကြောင်း ပြောပြပြီး ကမ်းခြေလာဧည့်သည်များကို ကူညီမှုပေးသည့် ဧည့်ကြိုများရှိသည်။

ကဗျာဝ ပင်လယ်ကမ်းခြေသည် ကျောက်ဆောင်များကင်းပြီး တစ်နေ့လျှင် ဧည့်သည် ၂၀၀ ခန့်ကို လက်ခံနိုင်သော၊ သန့်ရှင်းသော ကမ်းခြေတစ်ခုဖြစ်သည်။ “ကျွန်တော်တို့ ကဗျာဝ ကမ်းခြေဟာ စတင်စည်ကားလာတဲ့ ၂၀၁၄ ခုနှစ်၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်မှစပြီး ယနေ့အထိ ဘာပြဿနာမှ မရှိခဲ့ပါဘူး၊ မူးရူးပြီး ခိုက်ရန်တွေ မဖြစ်ခဲ့သလို နေ့ရောညမှာပါ လုံခြုံမှုရှိပါတယ်၊ တရားဝင်ဟိုတယ်၊ မိုတယ်နှင့် ဘန်ဂလိုတွေ မရှိသေးသော်လည်း ကမ်းခြေရွာက မိသားစုတွေနေတဲ့ အိမ်တွေမှာ ဈေးသက်သက်သာသာနဲ့ ငှားပြီး တည်းခိုလို့ရပါတယ်” ဟု ကဗျာဝကျေးရွာမှ ဦးအောင်ဆန်းက ပြောသည်။

ကဗျာဝကမ်းခြေအပန်းဖြေစခန်းသို့ သွားရန် ကားလမ်းကို မော်လမြိုင်ခရိုင် ရေးမြို့နယ် ခေါဇာမြို့လမ်းဦးစီးဌာနက ပင်လယ်ဝအထိ ကတ္တရာလမ်း ဖောက်လုပ်ပေးထား၍ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောကြောင့် ပွင့်လင်းရာသီဖြစ်သော သီတင်းကျွတ်လမှစ၍ ခရီးသည်ပို့ကားကြီးများ၊ ကိုယ်ပိုင်ကားများ တစ်ဖွဲ့ဖွဲ့ရောက်ရှိစည်ကားနေပြီဖြစ်၍ ကဗျာဝကျေးရွာသူ ကျေးရွာသားများအတွက် ဈေးရောင်းဈေးဝယ်လုပ်ငန်းဖြင့် အဆင်ပြေလျက်ရှိသည်ကိုလည်း သိရသည်။

လက်ရှိအချိန်၌ ကဗျာဝပင်လယ်ကမ်းခြေ အပန်းဖြေစခန်းတွင် ကမ်းခြေစည်းကမ်းထိန်းသိမ်းရေး ကော်မတီတစ်ရပ်ကို သက်ဆိုင်ရာက ဖွဲ့စည်းပေးထားခြင်းမရှိသေး၍ ကမ်းခြေသာယာရေး၊ ကျန်းမာရေး၊ လုံခြုံရေးစသော ကိစ္စရပ်များအတွက် ကျေးရွာရှိ ရပ်မိရပ်ဖများက ကမ်းခြေမှ ဈေးဆိုင်များနှင့်ပေါင်း၍ ဆောင်ရွက်နေကြရသဖြင့် ကမ်းခြေစည်းကမ်းထိန်းသိမ်းရေး ကော်မတီတစ်ရပ်ကို အမြန်ဖွဲ့စည်းပေးရန် လိုလားလျက်ရှိသည်ဟု သိရသည်။ ။


## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ
ဗိုလ်ကြီး ရဲမောင်လွင်လေး(ပင်မဆက်သွယ်ရေးအလုပ်ရုံ)-ဒေါက်တာသူဇာဝင်း
တို့၏သားကြီး
**ဒေါက်တာအောင်ရဲသူ M.B.,B.S(Ygn)**
**နှင့်**
မကွေးမြို့၊ ဆည်မြောင်းဝင်းနေ
ဦးဝင်းနိုင်(ညွှန်ကြားရေးမှူး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊
တည်ဆောက်ရေး(၈)-ဒေါ်မိမိခိုင်(အ.ထ.ပြ၊ ငြိမ်း)
တို့၏သမီးထွေး
**ဒေါက်တာခင်မျိုးသက် M.B.,B.S(Ygn)**

တို့၏ ၁၃-၁၁-၂၀၁၇ရက် (တနင်္လာနေ့)တွင် ရန်ကုန်မြို့ Novotel Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဦးကျော်စန်းဝင်း(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း) ဆည်မြောင်းဦးစီးဌာနနှင့် ဇနီး ဒေါ်ခင်မြသိန်း၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာ ဦးသက်ခိုင်ဝင်းနှင့်ဇနီး ဒေါ်မာဝင်းခိုင်၊ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးဦးဇော်မင်းအောင်၊ မေတ္တာဖြင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ဦးကျော်မြင့်-ဒေါ်ကျော့ခင်၊ သမီး မသီ (စိန်ရွှေရတနာဆိုင်)၊ မင်္ဂလာဝတ်စုံချုပ်လုပ်ပေးပါသော Designer မင်းသက်စံ (Sweet & Smart)၊ ပန်းအလှဆင်ပေးပါသော His & Hers Wedding Plamming Service -မှတ်တမ်းဓာတ်ပုံ ရိုက်ကူးပေးပါသောLove Diary Wedding Professional ၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဆောင်ပေးပို့ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့်ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာအထူးကျေးဇူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာ အောင်ရဲသူ-ဒေါက်တာခင်မျိုးသက်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/2378 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မြောင်မြို့နယ်၊ ရွာပုလဲရွာနေ ကိုကျော်ဝေ-မမွန်မွန်သန်း တို့၏မောင်၊
ဇော်နိုင်ဝင်း(B.A,Myan)၏အစ်ကို၊ ဦးသန်းဝင်း-ဒေါ်ကြည်ဝင်းတို့၏သား၊
**မောင်သက်နိုင်ဝင်း (BE-EC)**
**လက်ထောက်မန်နေဂျာ(ပုံနှိပ်)၊ ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)**
**နှင့်**
ဝက်လက်မြို့၊ အမှတ်(၂) ကုန်သည်ရပ်နေ
မောင်သီဟကျော်(B.Sc,Zoo)၊
မအိသန္တာကျော်(BE-Civil)(ငယ်/ယာ-၂၊ ကျေးလက်လမ်းဦးစီးဌာန)တို့၏
အစ်မ၊
ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဩဘာလမ်း၊ ကူးတို့ဆိပ်ရပ်ကွက်၊ အမှတ် ၆၇၈နေ (ဦးမြ-ဒေါ်ကျင်မြ)တို့၏သား၊ (ဒေါ်ရှုယဉ်)၏ ခင်ပွန်း၊ မောင်ထွန်းမြတ်၊ မအေးအေးသန့်တို့၏ဖခင်သည် ၉-၁၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၁-၂၀၁၇ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ယဉ်နွဲ့ အသက်(၆၈)နှစ်

**B.A, Bed၊ အထက်တန်းပြဆရာမ(ငြိမ်း)**
**အထက(၂)ပန်းဘဲတန်း၊ အထက(၂)စမ်းချောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဆိပ်ကြီးအရှေ့ရပ်ကွက်၊ မင်္ဂလာသီရိလမ်းသွယ်(၃)၊ အမှတ် ၂၀၁နေ (ဦးကျန့်လှိုင်-ဒေါ်စောညွန့်)တို့၏ မြေး၊ (ဦးကြန်းရှိန်-ဒေါ်ဝင်းမေ)တို့၏သမီး၊ ဒေါ်ကျင်သန်း၊ ဒေါ်တင်စမ်းတို့၏ ညီမ၊ ဦးမြတ်ကျော်ဝင်း(M.S.F)-ဒေါ်စန္ဒာနွယ် (အထက်တန်းပြဆရာမ)တို့၏ အစ်မသည် ၁၄-၁၁-၂၀၁၇ရက် နံနက် ၉း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။။ (ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၁-၂၀၁၇ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်ချုပ်လှမြင့်ဆွေ(ငြိမ်း) အသက်(၈၀)

**ကြည်း/၁၀၂၈၉၊ ဗသက(၃၀)**
**အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး(ငြိမ်း)**
**အမှတ်(၂)စက်မှုဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)**
**ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ စစ်တောင်းလမ်း၊ ပညာ့ဝတီအိမ်ရာ၊ အမှတ် (၂၀) ဘီ(၁)နေ ဒေါ်စန်းစန်းမြင့်၏ခင်ပွန်း၊ (ဦးအောင်မော်လွင်)-ဒေါ်နွယ်နီစိုး၊ ဒေါ်အိအိလွင်-ဒေါက်တာဆွေလှ၊ ဗိုလ်မှူးသွင်ထူးအောင်(ငြိမ်း)-ဒေါ်သန္တာလေးနိုင်(Nice fare Travel)၊ မနေရည်လင်း(ခ)မနီနီဆွေတို့၏ကျေးဇူးရှင်ဖခင်၊ မငြိမ်းဆုသာ၊ မကြည်စင်သန့်၊ မောင်အောင်ခန့်ကျော်၊ မဆုဝတီတို့၏ချစ်လှစွာသောဘိုးဘိုးကြီးသည် ၁၃-၁၁-၂၀၁၇ရက်(တနင်္လာနေ့) ညနေ ၃း၁၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်မှူးခင်ဇော် အသက်(၈၄)နှစ်

**ကြည်း-၉၆၄၉**
**B.Sc.Engg (Electrical) (က·က·ယာ)**
**ဌာနမှူး(ငြိမ်း)၊ (ညှိနှိုင်းဆောင်ရွက်ရေးဌာန)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းလယ်ရပ်ကွက်၊ ဖျာပုံလမ်း၊ အမှတ် ၄၁နေ(ဦးဘာဘူလေး-ဒေါ်ဂွန်း)တို့၏သား၊ ဒေါ်ခင်မော်(ခ)ဒေါ်တင်မေ၏ချစ်လှစွာသောခင်ပွန်း၊ ဦးမြင့်ဝင်း(ရန်ကုန်တက္ကသိုလ်၊ ရူပဗေဒဌာန၊ ငြိမ်း)၏အစ်ကို၊ (ဦးကိုကိုမောင်)-ဒေါ်ကြည်ကြည်ထွေး(9 Star Construction)၊ ဦးကိုကိုလတ်၊ ဒေါ်ခင်ဝင့်သူ(နဝရတ်မြိုင်စတိုး)တို့၏ချစ်လှစွာသောဖခင်၊ မအေးမြတ်သူကို၊ မောင်မင်းကျော်သူကို၊ မောင်ဇော်ရဲထွဋ်ကိုတို့၏ဘိုးဘိုးကြီးသည်၁၃-၁၁-၂၀၁၇ ရက် ည ၇နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၁၇ရက် ညနေ ၄နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးခင်လတ် အသက်(၇၇)နှစ်

**တပ်ကြပ်ကြီး(ရေ)(ငြိမ်း)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အောင်မြေသာစည်(၂)လမ်း၊ အမှတ် ၂နေ ဦးအေးမောင်-ဒေါ်သန်းခင်တို့၏သား၊ ဦးအင်-ဒေါ်ကျင်တို့၏သားသမက်၊ (ဒေါ်ခင်သိန်းကြည်)၏ခင်ပွန်း၊ (ဦးစိုးဝင်း)-ဒေါ်ခင်ထားရီ၊ ဗိုလ်မှူးမျိုးနိုင်(ငြိမ်း)-ဒေါက်တာရိမာဟိန်၊ ဒေါ်မြမြနွယ်(ဦးစီးအရာရှိ-ငြိမ်း၊ ဗစစစ)တို့၏ အစ်ကို၊ (ဒေါ်နုနုအေး)၊ (ဒေါ်အေးအေးမော်)၊ ပါမောက္ခဒေါက်တာမျိုးမြတ်သူ (ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ ခွဲစိတ်ဆောင် ၃၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)-ဒေါက်တာနွဲ့နွဲ့ခိုင်(တာဝန်ခံဆရာဝန်၊မြန်မာ့မီးရထားဆေးဌာန၊ရန်ကုန်)၊ ဗိုလ်မှူးဇော်ဝင်းသိန်း(ငြိမ်း)(ကမ္ဘာ့ရတနာဘဏ်)-ဒေါ်စန်းစန်းဌေး၊ (ဦးထွန်းအောင်သိန်း)တို့၏ဖခင်၊ ဒေါက်တာချစ်ချောနွယ် (သရုပ်ပြ၊ ခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)၊ မဝါဝါဇော်(B.E ရတနာပုံဆိုက်ဘာစီးတီး)၊ မောင်မျိုးမင်းသိန်း(3rd Year, UMG College)တို့၏အဘိုးသည် ၁၄-၁၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၇ရက် (ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၁၁-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဦးခင်လတ်

**အသက်(၇၇)နှစ်**

ဗိုလ်မှူးဇော်ဝင်းသိန်း(ငြိမ်း) (မန်နေဂျာ၊ ကမ္ဘာ့ရတနာဘဏ်လီမိတက်၊ ပြည်မြို့)၏ဖခင် ဦးခင်လတ်သည် ၁၄-၁၁-၂၀၁၇ရက် (အင်္ဂါနေ့)တွင် ကမာရွတ်မြို့နယ်၊(၁)ရပ်ကွက်၊ အောင်မြေသာစည်(၂)လမ်း၊ အမှတ်(၂)နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တော၈(၁၇)ကျောင်းဆင်းသူငယ်ချင်းများနှင့် မိသားစုဝင်များ**

## ဒေါ်စောခင်မာ(ခ)ဒေါ်စဝ်ခင်မာ

**အသက်(၇၈)နှစ်**

တောင်ကြီးမြို့နေ (ဦးစဝ်မခ-ဒေါ်ဒေါ်ရန်)တို့၏သမီး၊ မိတ္ထီလာမြို့နေ (ဦးစိန်တုတ်-ဒေါ်ခင်ကြည်)တို့၏ချွေးမ၊ ရန်ကုန်မြို့နေ (ဦးတိုးအောင်)၏ဇနီး၊ စောစန္ဒာအောင်၏မိခင်သည် ၁၄-၁၁-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၁း၃၀နာရီ တွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၇ ရက်(ကြာသပတေးနေ့)နံနက်၁၁နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၁-၂၀၁၇ရက် နံနက် ၁၀နာရီမှ မွန်းလွဲ ၁၂း၃၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဒေါ်နော်အယ်နီထာ အသက်(၇၉)နှစ်

**(အထက်တန်းသူနာပြုဆရာမ)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း၊ မဟာသုခိတာလမ်း၊ အမှတ် ၄၉နေ(ဦးဘရောင်း-ဒေါ်ဂရေ့စ်)တို့၏သမီး၊ (ဦးစောနီခိုဖိုး)၏ဇနီး၊ ဒေါ်ဂျန်နန် ရထာ-ဦးစောမောင်ရွှေတို့၏ညီမ၊ ဒေါ်အော့ထေးဗီးယာ-(ဒေါက်တာ ဒေါ်ဖရန်ကိုတင်)၊ ဒေါ်ခက်သရင်း-(ဦးစောသိန်းဇင်)၊ ဒေါ်နော်နန်စီ-ဦးစောရောနယ်ဝင်း တို့၏အစ်မ၊(စောနေကျော်လုံး)-ဒေါ်ချောစုလှိုင်၊ စောကောသာထူး-နော်ဟဲညော၊ စောမေသာဖိုး-နော်ခင်စောသူ၊ စောကဲဒိုဖိုး-ဒေါ်ခင်မြတ်ထွေး၊ နော်ဆာဂေဖော တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၄-၁၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၈း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၆-၁၁-၂၀၁၇ရက် (ကြာသပတေးနေ့)နံနက် ၉နာရီတွင် အင်းစိန်ကျမ်းစာကျောင်းဝင်းရှိ ဖူးသာဖြူ အောက်မေ့ဖွယ်ခန်းမ၌ ဈာပနဝတ်ပြုဆုတောင်းပြီး ရန်ကုန်ကရင်နှစ်ခြင်း ထိန်ပင်သုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**

## ဒေါ်ခင်ဝင်းရီ အသက်(၆၂)နှစ်

**(ပုလော/နန်းတောင်ရွာ)၊ အသင်းဝင်အမှတ်-၂၂၈၇**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၂)ရပ်ကွက်၊ ပီမိုးနင်းလမ်း၊ အမှတ် ၂၁၃နေ ဦးအင်စိုး(ဖြိုးမောက်သစ်စက်)၏ဇနီးသည် ၁၃-၁၁-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (အသင်းမှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

**ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး**

## ဒေါ်လှရွှေ(ခ)ဒေါ်ရှုရုံ

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ် ၅၂နေ (ဦးမောင်ကို)၏ဇနီး၊ ဦးကျော်ဝင်း-ဒေါ်သန်းသန်းနု၊ဦးဝင်းနိုင်-(ဒေါ်တင်တင်နွဲ့)၊ဝမ်ကျုံးကျန့်-ဒေါ်ဝင်းဝင်းမော်၊ ဦးသိန်းအောင်-ဒေါ်သင်းသင်းခိုင်၊ ဦးတင်ကိုကို-ဒေါ်မြမြအေး၊ ဦးကြည်လွင်-ဒေါ်စိုးစိုးမြင့်၊ လျှိုထိန်ကျစ်-ဒေါ်စန်းစန်းမြင့်၊ ကျုံးဝေဟုန်း-ဒေါ်ဝင်းဝင်းဌေး၊ ဦးညီညီထွေး-ဒေါ်ငုဝါဖြိုးတို့၏ မိခင်၊ မြေး ၁၃ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၃-၁၁-၂၀၁၇ရက် ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၇ရက် နံနက် ၁၁နာရီတွင် နေအိမ်မှ ဖူကျန့်ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၁၁-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဝင်းရီ အသက်(၆၂)နှစ်

**(ပုလော၊ နန်းတောင်ရွာ)**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ နန်းတောင်ရွာနေ (ဆရာ ဦးလှရွှေ-ဒေါ်မြတင်)တို့၏သမီး၊ (ဦးခုခု-ဒေါ်ဒို)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၂)ရပ်ကွက်၊ ပီမိုးနင်းလမ်း၊ အမှတ် ၂၁၃နေ ဦးအင်စိုး (ဖြိုးမောက် သစ်စက်)၏ဇနီး၊ ကိုမြတ်နိုင်၊ကိုဝင်းဇော်မိုး-မအိအိချော၊ကိုညီညီမြတ်-မသန်းသန်းအုန်း၊ ကိုအောင်သန်းမြတ်တို့၏မိခင်၊ မောင်ရဲရင့်ထူး(ခ) ရွှေထူး၏အဘိုးသည် ၁၃-၁၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်စန်းစန်းဝင်း(ခ) ဒေါ်အိငယ် (သထုံ)

**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေး၊ ၈၈လမ်း၊ အမှတ် ၅ (ခြောက်လွှာ-B)နေ ဦးအောင်စန်း-ဒေါ်ခင်ညွန့်တို့၏သမီး၊ သထုံမြို့နေ ဒေါ်ခင်လှ၊ ဒေါ်စန်းစန်းအေး၊ ဦးမျိုးဆွေ-ဒေါ်ခင်ခင်အုန်း၊ ဦးသန်းနိုင်၊ ဦးဝင်းလှိုင်၊ ဦးမင်းနိုင်ဦး၊ (ဦးအောင်ဇော်ဦး)၏အစ်မ၊ မောင်စိုးထက်-မဟန်စုစုလင်း၊ မောင်စည်သူထက်တို့၏မိခင်၊ (ဦးသန်းဝင်း)၏ဇနီးသည် ၁၃-၁၁-၂၀၁၇ရက် (တနင်္လာနေ့)ည ၉း၃၀နာရီတွင်ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၁၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်သီတာအောင်

**စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး**
**တောင်ဥက္ကလာပမြို့နယ်**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**
**အသက်(၄၄)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ရွှေပြည်ခိုင်ညွှာ(၆)လမ်း၊ အမှတ် ၂၉၁/ခနေ(ဦးလှအောင်-ဒေါ်မြစိန်)တို့၏သမီး၊ ထောက်ကြန့်မြို့နေ ဦးလှမြင့်-ဒေါ်တင်ရွှေတို့၏သမီးချွေးမ၊ ဦးအောင်ဇော်မြင့်၏ဇနီး၊ ဦးအောင်အောင်-ဒေါ်လွင်လွင်ကျော်၊ ဦးဇော်မင်းအောင်တို့၏ညီမ၊ ဦးဇော်ဝင်းအောင်-ဒေါ်ဇင်မာဦးတို့၏အစ်မ၊ မောင်ဇေလင်းအောင် (အဋ္ဌမတန်း-D၊ အထက-၂၊ တောင်ဥက္ကလာ)၏မိခင်၊တူ/တူမ လေးယောက်တို့၏အဒေါ်သည် ၁၃-၁၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၃း၃၀ နာရီတွင်ကွယ်လွန်သွားပါ၍ ၁၅-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီ တွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍၁၉-၁၁-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှဖေ(လေးမျက်နှာ) အသက်(၁၀၀)

တောင်ကြီးမြို့၊ ကံသာရပ်ကွက်၊ နယ်မြေ(၁၄)၊ အမှတ် ၅၁/ကနေ (ဦးသန်းမောင်)-ဒေါ်ဝင်းရီ၊ ရန်ကုန်မြို့နေ ဦးအောင်တင့်-ဒေါ်လှသွယ်၊ ဒေါ်လှတင်(လုံမွန်ကိုယ်ပိုင်အထက်တန်းကျောင်း)၊ ဦးမောင်မောင်-ဒေါ်ဝင်းဝင်းသန်း တို့၏ဖခင်၊ (ဒေါ်တင်ရွှေ)၏ခင်ပွန်း၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၁၃-၁၁-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၁နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၁၅-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါ နေအိမ်မှ ဝါးပြားတိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ရွှေ (ဝင်းကမ္ဘာနိဗ္ဗာန်ကုန်တိုက်)

**အသက်(၁၀၀)**

ရန်ကုန်မြို့၊ ဗဟန်းအုတ်လမ်း၊ အမှတ် ၄၂/၄၄၊ ရွှေနံ့သာရပ်ကွက်နေ (ဦးစိန်လှိုင်)-ဒေါ်တင်ရီ(မန်းရွှေရည်နိဗ္ဗာန်ကုန်တိုက်)၊ဒေါ်ဝင်းကြည်(ဝင်းကမ္ဘာနိဗ္ဗာန်ကုန်တိုက်)၊ (ဦးကျော်သိန်း)-ဒေါ်အေးအေးစီ(လောကနတ် နိဗ္ဗာန်ကုန်တိုက်)တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၄-၁၁-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေတာရှည်လမ်းဟောင်း၊ အမှတ် ၁၁၅/A နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၇ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ အုတ်လမ်း၊ အမှတ် ၄၂/၄၄ နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးကြီးမြမောင်(ငြိမ်း) အသက်(၉၅)နှစ်

**ကြည်း-၆၇၇၃၊ OTS. 10**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရတနာကျွန်းရိပ်သာ၊ သုနန္ဒလမ်း၊ အမှတ် ၂၂နေ (ဒေါ်တင်မိုးရည်)၏ခင်ပွန်း၊ (ဒေါ်မေသန်းစိုး)-ဒုဗိုလ်မှူးကြီး မောင်ပု(ငြိမ်း)၊ ဒုဗိုလ်မှူးကြီးဝင်းဇော်(ငြိမ်း)-ဒေါ်ဇင်မာဦး၊ ဦးမြဇော်မိုး-ဒေါ်နွယ်နီ၊ ဒေါ်မြတ်ဝတ်ရည်-ဦးသန့်ဇင်၊ ဗိုလ်မှူးခင်ဇော်မိုး(ငြိမ်း)(ဆေး၀ါးစက်ရုံ၊ အင်းစိန်)၊ ဒေါ်ယဉ်မင်းသိမ့်၊ ဒေါ်ဥမ္မာမိုး၊ ဦးနေမျိုးဇော်-ဒေါ်အိချိုဇော်တို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၅ယောက်၊ မြစ်ရှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၄-၁၁-၂၀၁၇ရ မွန်းလွဲ ၁၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၇ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒုဗိုလ်မှူးကြီးထွန်းဝင်း(ငြိမ်း) အသက်(၉၀)

**သူရဲကောင်းမှတ်တမ်းဝင်(အမြောက်တပ်)**
**ကြည်း-၆၅၀၅၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈)**

ညောင်လေးပင်မြို့၊ စက်ရုံလမ်းနေ (ဦးဘသိန်း-ဒေါ်ငွေစိန်)တို့၏သား၊ (ဦးခင်ညွန့်-ဒေါ်ခင်ငြိမ်း)တို့၏ညီ၊ (ဦးခင်မောင်ညွန့်-ဒေါ်တင်နုနု)တို့၏အစ်ကို၊ မန္တလေးမြို့၊ ကျွဲဆည်ကန် ၃လမ်း၊ (ဃ/၂၅)နေ (ဒေါ်မြကြည်)၏ခင်ပွန်း၊ ဦးထွန်းထွန်းဦး-ဒေါ်ခင်မြင့်မူ၊ ဦးစိုးဝင်းထွန်း-ဒေါ်အေးအေးသင်းတို့၏ ဖခင်၊ ဦးညွန့်ဦး-ဒေါ်ခင်အေးမွန်၊ ဦးညွန့်ဝင်း-ဒေါ်လီနု၊ ဦးကိုကိုကြီး-ဒေါ်မေဦးညွန့်၊ ဒေါ်ချိုချိုညွန့်၊ ဒေါ်နီလာညွန့်တို့၏ဦးလေး၊ မမြကေခိုင်ထွန်း၊ မရွှက်နုဝေ၊ မမေသဇင်ထွန်းတို့၏အဘိုးသည် ၁၃-၁၁-၂၀၁၇ရက်(တနင်္လာနေ့)ညနေ ၃း၃၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင်တောင်အင်းမြောက်အင်းသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်ရီ(ပုလော/ကျောက္ကာ/မြိတ်) အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်း၊ အမှတ် ၆၉/၇၁နေ (ဦးစာရား-ဒေါ်ဆိုးမေ)တို့၏သမီး၊ (ဦးမကပ်-ဒေါ်မဂွန်း)တို့၏သမီးချွေးမ၊ ဦးဘရှန်(ပုလောမြို့နယ်အသင်းရန်ကုန်၏ ဂုဏ်ထူးဆောင်နာယကကြီး)၏ချစ်လှစွာသောဇနီး၊ ဒေါ်ဂင်ညို၊ ဒေါ်ဂင်ရီ-ဦးစံဝင်း(ထူးထူးတိုး အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်)၊ ဒေါ်တင်တင်အေး၊ ဦးဝင်းနိုင်-ဒေါ်နီနီအေး၊ ဦးကျော်ကျော် (ဒု-ဥက္ကဋ္ဌ၊ မြိတ်အများပိုင်ကုမ္ပဏီလီမိတက်)-ဒေါ်ချိုချိုစန်း၊ ဒေါ်သီသီထွေး-ဦးမြအောင်(ခ)ဦးယွန်(ထူးထူးတိုး အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်)တို့၏ ချစ်လှစွာသောမိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၁၄-၁၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၀၀း၁၅နာရီတွင် ဘန်ကောက်မြို့၊ Bumrungarad ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၄နာရီ တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ် သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးတင်အောင်ဝင်း(ငြိမ်း) အသက်(၇၈)နှစ်

**ကြည်း-၁၀၃၄၇၊ ဗိုလ်သင်တန်းအမှတ်စဉ်(၃၁)**
**ဒဂုံမြို့နယ်စစ်မှုထမ်းဟောင်းဥက္ကဋ္ဌဟောင်း**
**သံဖြူဇရပ်မြို့နယ်အသင်း(ရန်ကုန်)နာယက**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၂၁၊ အခန်း ၆နေ (ဦးသိန်းအောင်-ဒေါ်ချိုရင်)တို့၏သား၊ (ဦးစဝ်ရွှေတင့်-ဒေါ်နန်းမြရီ)တို့၏သားသမက်၊ ဒေါ်စဝ်မိုခမ်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်မောင်-ဒေါ်တင်ရီ၊ ဦးထင်ဝင်းကျော်-ဒေါ်ခင်မြင့်ဝေတို့၏အစ်ကို၊ စိုင်းအောင်နိုင်ဦး-ဒေါက်တာ ဒေါ်ယဉ်ယဉ်အေး(ပါမောက္ခ/ဌာနမှူး၊ ဘူမိဗေဒဌာန၊ မော်လမြိုင်တက္ကသိုလ်) တို့၏ချစ်လှစွာသောဖခင်၊ စိုင်းဇာနည်လင်း၊ နန်းအေးသူသူအောင်၊ စိုင်းကျော် ဇေယျာမင်းတို့၏ချစ်လှစွာသောဖခင်၊ စိုင်းဇာနည်လင်း၊ နန်းအေးသူသူအောင်၊ စိုင်းကျော်ဇေယျာမင်းတို့၏အဘိုးသည် ၁၃-၁၁-၂၀၁၇ရက်(တနင်္လာနေ့) ညနေ ၆း၀၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါ သည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၁-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးစံရွှေထွန်း အသက်(၅၈)နှစ်

**[ကန်ထရိုက်တာ (မြန်မာ့စက်မှုဆိပ်ကမ်း၊ ရန်ကုန်မြို့)]**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နေ (ဦးကျော်သာ)-ဒေါ်မသာတို့၏သား၊ (ဦးရွှေတိုင်-ဒေါ်ဒေါ်နဖြူ)တို့၏သားသမက်၊ ဦးသာထွန်းဦး-ဒေါ်အေးခင်စော၊ ဦးလှမောင်ဦး-(ဒေါ်ကျော့စိန်)၊ ဦးကျော်ဇံသာ(USA)-ဒေါ်စန္ဒာမြင့်၊ ဦးမောင်သိန်းခိုင်(လွှတ်တော်အမတ်၊ နေပြည်တော်)-(ဒေါ်သိန်းမြ)၊ ဦးထွန်းအောင်ရွှေ (စစ်တွေညီညွတ်)-(ဒေါ်တင်ဦး)၊ ဦးထွန်းလှ-ဒေါ်အေးရွှေမြ၊ ဦးအောင်လှထွန်း (Vice Chairman Myanmar Press Council)-ဒေါ်ခင်ညွန့်၊ ဦးအောင်ထွန်းသိန်း(Engineer)-ဒေါ်နန်းမြင့်နွယ်တို့၏ညီ/မောင်၊ဦးအောင်ကျော်လှ-ဒေါ်သိန်းကျော့၊ ဦးလှမောင်သိန်း-ဒေါ်အေးစိန်၊ ဦးမြသာဇံ-ဒေါ်တင်တင်ဌေး၊ ဒေါက်တာ သာထွန်းမောင် (ဒုပါမောက္ခချုပ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)-ဒေါ်ပုလဲကို၊ ဦးအောင်ကျော်လှတို့၏အစ်ကို၊ ကိုကောင်းမြတ်သူ၊ ကိုရဲကျော်သူ၊ ကိုချမ်းသာဇံ တို့၏မွေးသဖခင်၊ ဒေါ်စောမြဝေ၏ချစ်လှစွာသောခင်ပွန်းသည် ၁၃-၁၁-၂၀၁၇ ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၁၇ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီ တွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၁-၂၀၁၇ရက်(တနင်္ဂနွေ နေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ ရပ်ကွက်၊ ၇လမ်းမြောက်၊ အမှတ် ၅၆၅ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) ကြည့်ရှုစစ်ဆေး



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ရှိ နေပြည်တော်ပုံစံငယ်ပြခန်းကို ကြည့်ရှုစဉ်။ သတင်းစဉ်

**နေပြည်တော် နိုဝင်ဘာ ၁၄**

တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဦးဝင်းမော်ထွန်း၊ အမြဲတမ်းအတွင်းဝန်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)အား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတနှင့် အဖွဲ့အား ရှင်းလင်းဆောင်၌ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) အုပ်ချုပ်မှုရုံး မန်နေဂျာ ဦးစိုးနိုင်က အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြသထားသော ပြကွက်များ၊ ရေဆင်းဆည် ရေမြင့်တက်မှုကြောင့် ပြကွက်အချို့ ရေနစ်မြုပ်နေမှုအခြေအနေနှင့် ပျက်စီးဆုံးရှုံးမှု ခန့်မှန်းတန်ဖိုးတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်မှူးချုပ် သိုက်စိုးနှင့် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီဝင် အမြဲတမ်းအတွင်းဝန်များက အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)အတွင်း ရေဝင်ရောက်မှု၊ နိုင်ငံတော်နှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု၊ ပြည်တွင်း ပြည်ပခရီးသွား ဧည့်သည်များအား ဆွဲဆောင်နိုင်ရန် ဝန်ဆောင်မှု မြှင့်တင်ရေးနှင့် အသွင်သဏ္ဌာန်၊ အနှစ်သာရနှင့် ပြင်ဆင်မှုအပိုင်းများကို

*စာမျက်နှာ ၈ ကော်လံ ၅* ◆

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မေယုတောင်ကျော်လမ်း ဖောက်လုပ်နေမှု ကြည့်ရှု

စာ » ၉

## ဝန်ကြီးချုပ် ရှင်ဇိုအာဘေး အာရှ၌ ငွေကြေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် အလေးပေး

စာ » ၁၄

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၄**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်း ရပ်ဝန်းသည် ဆက်လက်တည်ရှိနေကြောင်း သိရသည်။ မြန်မာ့အလင်း

# စေတနာ့ဝန်ထမ်းလူငယ်များ မောင်တောဒေသ ကူညီထောက်ပံ့မှု စတင်ဆောင်ရွက် ကျေးရွာများ၏ လတ်တလောလိုအပ်ချက်များ သိရှိနိုင်ရန် စာရင်းကောက်ယူမှုများ ပြုလုပ်

**မောင်တော နိုဝင်ဘာ ၁၄**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) လုပ်ငန်းစဉ်တွင် နိုင်ငံတစ်ဝန်း ပါဝင်ဆောင်ရွက်မည့် စေတနာ့ဝန်ထမ်းလူငယ်များ အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် မောင်တောခရိုင်အတွင်းရှိ ဘူးသီးတောင်နှင့် မောင်တောဒေသ ကျေးရွာများရှိ ပြည်သူများအား အခြေခံ စားသောက်ကုန်များ ကူညီထောက်ပံ့ပေးမှုလုပ်ငန်းများနှင့်အတူ စာရင်းကောက်ယူမှုလုပ်ငန်းများပါ စတင်ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါ ရခိုင်ပြည်နယ် မောင်တောဒေသ ပြည်သူများ ကူညီ

*စာမျက်နှာ ၁၀ ကော်လံ ၁* ❒



**စေတနာ့ဝန်ထမ်း လူငယ်များအဖွဲ့ မောင်တောဒေသခံ ပြည်သူများအား အခြေခံ စားသောက်ကုန်စည်များ ကူညီထောက်ပံ့ပေးနေစဉ်။**
ဓာတ်ပုံ-မင်းထက်




မြန်မာ့အလင်း

ယနေ့ရန်ကုန် Yangon Today

၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့

# ပြည်သူနှင့် စည်းကမ်း ဟန်ချက်ညီမှုသာ



သန်းထိုက်(လှိုင်သာယာ)
ဓာတ်ပုံ - သန်းစိုး

လှိုင်မြစ်ကူး အောင်ဇေယျကြိုးတံတား

ယနေ့ ရန်ကုန်မြို့နှင့် မြို့နယ်တို့အတွက် လူကူးခုံးကျော်တံတား၊ မြစ်ကူးတံတားတို့ကို ပြည်တွင်းမှ ပညာရှင်များ၊ ပြည်ပမှ ပညာရှင်များဖြင့် နိုင်ငံတော်က တိုင်းပြည်အတွက် တည်ဆောက်ထားလျက်ရှိသည်။ ထိုတံတားတို့တွင် ဗန္ဓုလတံတားနှင့် လှိုင်မြစ်ကူးတံတားဖြစ်သော ဘုရင့်နောင်အမှတ်(၁)(၂)၊ အောင်ဇေယျကြိုးတံတား၊ ရွှေပြည်သာ တံတားတို့လည်း ပါဝင်သည်။ ယာဉ်ကြောရှုပ်ထွေးသော ဘုရင့်နောင်လမ်းဆုံကိုလည်း ထိုင်းနိုင်ငံမှ ဆောက်လုပ်ရေးကုမ္ပဏီတို့နှင့် တည်ဆောက်ခဲ့ပြီးဖြစ်သည်။ ရန်ကုန်မြို့နေပြည်သူများ ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရန် ထိုတံတားကြီးများကို တည်ဆောက်ခဲ့ပြီးနောက် လိုအပ်ချက် ပြုပြင်မှုအချို့ကိုလည်း လုပ်ဆောင်ခဲ့ကြသည်။ တံတားများပေါ်မှ နေ့စဉ် ယာဉ်ကြီး၊ ယာဉ်ငယ်များ ဖြတ်သန်းသွားလာကြလျက်ရှိသည်။ သို့သော် ထိုတံတားများ လုပသန့်ရှင်းမှုနှင့် အန္တရာယ်ကင်းစွာ ဖြတ်သန်းသွားလာနိုင်ကြရန် အားလုံးစည်းကမ်းလိုက်နာမှုဖြင့် လိုက်ပါဆောင်ရွက်ရန်လည်း လိုအပ်နေသည်။ ထိုသို့ လိုက်ပါကူညီ ဆောင်ရွက်ကြခြင်းသည် တိုင်းပြည်အတွက် ပြည်သူတစ်ယောက် ပီသစွာ ဂုဏ်ယူမှုဖြင့် ပေးဆပ်ခြင်းသာဖြစ်သည်။ ရန်ကုန်မြို့နေ ပြည်သူများ နေ့စဉ် ဖြတ်သန်းသွားလာနေကြသော တံတားကြီးများသည် ဤရန်ကုန်မြို့၏ ကူးသန်းသွားလာရေးအတွက် အသက်သွေးကြောပမာ အရေးပါလှသည့်အတွက် တံတားများ ရေရှည်လှပ ကြံ့ခိုင်စေရန် ဝိုင်းဝန်းကူညီဖို့လိုသည်။

**အချုပ်ပို(ဃ)သို့**

# ရန်ကုန်မြို့ကို အခြေပြုသော ကုန်စည်ပို့ဆောင်ရေးများ

**သတင်း - ထင်ပေါ်ဝင်း (ကမာရွတ်)၊ ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)**

မြန်မာနိုင်ငံ၏ အဓိက စီးပွားရေး မြို့တော်ကြီးဖြစ်သည့် ရန်ကုန်မြို့သည် အနယ်နယ်အရပ်ရပ်မှ ကုန်သည်များ ဝင်ထွက်သွားလာကာ ကုန်စည်များ အရောင်းအဝယ်ပြုလုပ်သည့် ပင်မဈေးကွက်ကြီးတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံအထက်ပိုင်း အောက်ပိုင်းတို့မှ ကုန်စည်နှင့်ကုန်သည်များသည် ရန်ကုန်မြို့၌ ပင်တွေ့ဆုံကာ ကုန်စည်အရောင်းအဝယ်ဖလှယ်မှုကို ပြုလုပ်ကြလေ့ရှိသည်။ ထို့ကြောင့်ပင် ရန်ကုန်ရှိ ဘုရင့်နောင်ပွဲရုံဝင်းသည် ကုန်သည်ပွဲစားတို့အတွက် ကုန်စည်စီးဆင်းမှုပြုလုပ်ရာ သီးသန့်ဇုန်အဖြစ် ရပ်တည်လျက်ရှိသည်။

ရန်ကုန်မြို့ဘုရင့်နောင်ပွဲရုံတန်းကို အခြေတည်၍ ကုန်စည်အရောင်းအဝယ်ပြုလုပ်ကြသော ကုန်ရောင်းကုန်ဝယ်သမားတို့အတွက် ဝယ်ပြီး ရောင်းပြီးသားကုန်စည်ကို တစ်နေရာနှင့် တစ်နေရာ အချိန်မီပို့ဆောင်ရေးသည် လွန်စွာအရေးကြီးပေသည်။ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်မှုသာ တိုင်းပြည်၏ စီးပွားရေး ဖွံ့ဖြိုးမှုက အရှိန်အဟုန်နှင့် အားကောင်းလာနိုင်မည်ဖြစ်သည်။ ရန်ကုန်မြို့သို့ နေ့စဉ်ဝင် ထွက် သွားလာနေသော ကုန်တင်ယာဉ်အစီးရေက တစ်နေ့လျှင် ၃၀၀၀ နှင့် ၄၀၀၀ ကြားရှိသည်။

ဘုရင့်နောင်ပွဲရုံတန်းကို အခြေတည်၍ မြန်မာနိုင်ငံ အရပ်ရပ်ရှိ ကုန်စည်ပို့ဆောင်နေသော မြို့ကြီးများ အကြောင်းကို မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကိုကိုနိုင်က -

"ရန်ကုန်မြို့ ဘုရင့်နောင်ကို အခြေပြုပြီးတော့ ရန်ကုန်-ဘားအံ၊ ရန်ကုန်-မော်လမြိုင်၊ ရန်ကုန်-ပြည်၊ ရန်ကုန်- ပုသိမ်၊ ရန်ကုန်-မုံရွာ၊ ရန်ကုန်- မန္တလေး၊ ရန်ကုန်- မူဆယ်၊ ရန်ကုန်-စစ်တွေ၊ ရန်ကုန်- တောင်ကြီး။ အဲဒီလို တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာရှိတဲ့ မြို့တွေဖြစ်တဲ့ တောင်ငူ၊ မိတ္ထီလာတို့ မန္တလေးတိုင်း အတွင်းမှာရှိတဲ့ ကျောက်ပန်းတောင်းတို့ ချောက်တို့ပေါ့နော်။ ကရင်ပြည်နယ်ဆိုလည်း ဘားအံ၊ ကျုံဒိုး၊ ကော့ကရိတ်၊ မြဝတီပေါ့။ မွန်ပြည်နယ်ဆိုလည်း သိမ်ဇရပ်ကနေစပြီး သထုံ အထိပေါ့။ ဘီးလင်း- ကျိုက်ထော်ပေါ့၊ ဟိုဘက်ဆိုလည်း မုတ္တမ-မော်လမြိုင်၊ ရေး၊ မြိတ်၊ ထားဝယ်အထိ ရန်ကုန်ဘုရင့်နောင်ကို အခြေပြုပြီး သွားတာတွေပေါ့၊ နောက်တစ်ခုက ဒီကနေ ချင်းပြည်နယ်တော့မရှိဘူး၊ ချင်းပြည်နယ်ဘက်ကျတော့ တစ်ဆင့်ပြောင်း၊ ကချင်ပြည်နယ်လည်း တစ်ဆင့်ပြောင်းသွားရတယ်။ အဓိက မန္တလေးကနေ သွားတာ၊ ဒီကနေ တိုက်ရိုက်မရှိဘူး၊ ဒါပေမယ့် ယာဉ်စီးလုံး လုပ်ငန်းတွေကတော့ တိုက်ရိုက်သွားကြတယ်၊ ပလက်ဝတို့ မင်းတပ်တို့ကျတော့ စီမံကိန်းလုပ်ငန်း လိုအပ်ချက်အရ စီးလုံးသွားတာတွေတော့ ရှိတယ်။ မူဆယ်ကျတော့ စပ်ကုန်လည်းသွားတယ်။ စီးလုံးလည်းသွားတယ်။ ရောဝတီတိုင်းဒေသကြီးဆိုလည်း မြောင်းမြ၊ ပုသိမ်၊ ဟသ်ာတ၊ ဘိုကလေး၊ မော်ကျွန်းအစုံပေါ့၊ မြို့အလိုက်သွားပေမယ့် မြို့ကြီးတွေ သွားတာပါ"ဟု ကုန်စည်ပို့ဆောင်ပေးနေရသော မြို့များအကြောင်းကို ရှင်းပြသည်။

ဆောက်လုပ်ရေးပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ မီးဖိုချောင်သုံးပစ္စည်းများ အများဆုံးသယ်ယူပို့ဆောင်ပေးနေသော ကုန်တင်ယာဉ်ကြီးများက ဘုရင့်နောင်ပွဲရုံဝင်းအတွင်းမှ စုပေါင်းစပ်ပေါင်း စပ်ကုန်ပစ္စည်း (အမယ်စုံ) များကို အနယ်နယ်အရပ်ရပ်သို့ ပို့ဆောင်ပေးလျက်ရှိသည်။ ကားစီးလုံးငှားရမ်းသည့် ကုန်စည်များကို ရွှေပြည်သာ၊ လှိုင်သာယာ၊ တောင်ဒဂုံစက်မှုဇုန်များရှိ စက်ရုံများမှ ငှားရမ်းလေ့ရှိကြသည်။

"မြို့တော်ရန်ကုန်သို့ မြန်မာပြည် တစ်နံတစ်လျားမှ ကုန်စည်များဝင်ရောက်ရာတွင် အဓိက ပင်မဝင်ပေါက်ကြီးသုံးခုရှိသည်။ "ရောဝတီတိုင်းဒေသကြီးမှာဆိုရင် ကျွန်တော်တို့ရဲ့ စခန်းလည်းရှိတယ်၊ ကုန်ပစ္စည်းစာရင်း မှတ်တမ်းသိမ်းဆည်းရေးစခန်းဆိုတာရှိတယ်၊ ခုနစ်မိုင် တစ်ဖာလုံမှာ အဲဒီစခန်းတစ်ပေါက်ရှိတယ်၊ နောက် တိုက်ကြီးအပေါက်၊ တိုက်ကြီးအပေါက်မှာဆိုလည်း ၄၆ မိုင် ငါးဖာလုံမှာ မက်စ်မြန်မာ ကတ္တားအဆင်းမှာ အဲဒီမှာလည်း ကုန်ပစ္စည်းစာရင်း

**အချုပ်ပို(ခ)သို့**



ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ကုန်တင်ဆောင်နေသည့် ယာဉ်များကိုတွေ့ရစဉ်

# ရန်ကုန်မြို့ပြနှင့် မီတာခဖတ်သည့် စနစ်

သတင်း-ဝေယံဦး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



“မီတာ ဖတ်ချင်လို့ပါ”

အိမ်ရှေ့ခြံတံခါးပေါက်မှ စကားသံကြောင့် ထွက်ကြည့်လိုက်ရာ မီတာလာဖတ်သည့် လူငယ်တစ်ဦးကို တွေ့လိုက်ရသည်။ လက်တစ်ဖက်တွင် မီတာခကျသင့်သည့် စာရွက်များနှင့် ကျန်လက်တစ်ဖက်တွင် မီတာခနှုန်းမှတ်သားရန် ဘောပင်နှင့် စာအုပ် တစ်အုပ်ကိုင်ထားသဖြင့် တံခါးဖွင့်ပေးလိုက်သည်။ တံခါးပေါက်နှင့်မလှမ်းမကမ်းနံရံတွင် တပ်ဆင်ထားသော မီတာဘောက်ကိုဖွင့်ပြီး တစ်လစာသုံးစွဲခဲ့သော လျှပ်စစ်ယူနစ်ကို မှတ်လိုက်ပြီးနောက် မီတာခနှုန်းထားပါဝင်သော ဘေလ်စာရွက် တစ်ရွက်ပေးပြီး ပြန်ထွက်သွားသည်။

မီတာလာဖတ်သော ဝန်ထမ်းလူငယ်ကိုကြည့်ကာ ရန်ကုန်မြို့တွင် အိမ်သုံးမီတာ တော်တော်များမည်ဟု အတွေးရောက်သွားသည်။ တစ်ဆက်တည်းမှာပင် အိမ်သုံးမီတာခတစ်ယူနစ်နှုန်းထားများ ဈေးနှုန်းတိုးမြှင့်မည်ဟု အသံတွေကြားနေရပြန်သည်။ အမျိုးမျိုးသော ဝေဖန်မှုတွေ ထွက်ပေါ်လာရာ အချို့က လျှပ်စစ်မီးမှန်မှန်လာပါစေ၊ ထိုက်သင့်သောဈေးတော့ ပေးသင့်သည်ဟု ဆိုသည်။ တချို့က တရိပ်ရိပ်တက်နေသော ကုန်ဈေးနှုန်းများကြားဝယ် လျှပ်စစ်ဓာတ်အားခနှုန်းထားတွေပါ တက်လျှင် ဝန်ထုပ်ဝန်ပိုးဖြစ်လေမလားဟု အတွေးပွားနေကြသူများလည်း ရှိနေသည်။

သို့သော်လည်း ပြည်သူများကျေနပ်သော ဝန်ဆောင်မှုဖန်တီးပေးပြီးမှသာ နှုန်းထားအသစ်ထုတ်ပြန်ရန် စီစဉ်မည်ဟု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးစိုးမြင့်က ပြောထားသလို အလွှာပေါင်းစုံနှင့် အံဝင်ခွင်ကျဖြစ်စေရန် စဉ်းစားဆောင်ရွက်နေပြီး အခြေခံလူတန်းစားများအတွက် သင့်လျော်သည့်နှုန်း ဖြစ်စေရန်လည်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြောထားသဖြင့် စိတ်သက်သာမှုဖြစ်ရသည်။

ရန်ကုန်မြို့တွင် ဓာတ်အားဖြန့်ဖြူးရေးကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက ပြည်ထောင်စုအစိုးရအစီအစဉ်ဖြင့် ဆောင်ရွက်နေသော EPGE National Grip မှ လျှပ်စစ်တစ်ယူနစ်ကို ၅၇ ကျပ်ဖြင့် ဝယ်ယူပြီး အများပြည်သူ အိမ်သုံးမီတာများကို တစ်ယူနစ်မှ ယူနစ် ၁၀၀ အထိ ၃၅ ကျပ် နှုန်း၊ ၁၀၀ ယူနစ်မှ ယူနစ်၂၀၀ အထိ ၄၀ ကျပ်နှုန်း၊ ယူနစ် ၂၀ မှ အထက် ကျပ် ၅၀ နှုန်းဖြင့် ဖြန့်ဖြူးပေးနေခြင်းဖြစ်သည်။

လျှပ်စစ်ဓာတ်အားခနှုန်းထားများ တိုးမြှင့်ရန်သတင်းများထွက်ပေါ်လာချိန်တွင် အမှန်သုံးစွဲသော ဓာတ်အားယူနစ်များကို မီတာဖတ်ဝန်ထမ်းများက တိတိကျကျဖတ်မှတ်ပေးရန် လိုအပ်လာသည်။ လစဉ် မီတာခနှုန်းထားများကို စနစ်တကျမှန်မှန်ကန်ကန်၊ တိတိကျကျထွက်ပေါ်လာစေရန်အတွက် ရန်ကုန်မြို့တွင် Control Center မှ ထိန်းချုပ်ဖတ်ရှုရန် စီစဉ်နေကြောင်း သိရသည်။

ရန်ကုန်မြို့တစ်ဝန်း လျှပ်စစ်မီတာဖတ်ရာတွင် အချိန်မှန်မှု၊ အမှန်သုံးစွဲခဲ့သည့် ဓာတ်အားယူနစ်များ မှန်ကန်သွားသည့် ကောင်းကျိုးရလဒ်များရရှိရန် Control Center မှ ဖတ်၍ရမည့်စနစ်ကို ယခုအခါ ဒေါပုံမြို့နယ်တွင် Pilot Project အနေဖြင့် ဆောင်ရွက်နေပြီဖြစ်ရာ အဆင်ပြေမှုရှိကြောင်း သိရသည်။ သို့သော်လည်း အဆိုပါစနစ်ဖြင့် ပြောင်းလဲရာတွင် မီတာဘောက်များလဲလှယ်ရမှုနှင့် အခြားဝန်ဆောင်မှုများအတွက် ကုန်ကျမှုများဖြစ်ပေါ်လာမည်ကို ပြည်သူများ အတွေးပွားနေပြန်သည်။

ရန်ကုန်တိုင်းဒေသကြီးတွင် မီတာအလုံးပေါင်း တစ်သန်းကျော်ရှိကြောင်း သိရသည်။ ယင်းမီတာများအနက် မီတာ ၅၀၀၀၀၀ ခန့်မှာ OMR မီတာ များ ပြောင်းလဲတပ်ဆင်ပြီးဖြစ်သည်ဟု ဆိုသည်။ OMR မီတာမှာ ဒစ်ဂျစ်တယ်အဝေးထိန်းစနစ်နှင့် ပေ ၁၀၀ အကွာမှ ဖတ်၍ ရသည့် မီတာအမျိုးအစား (Offside Meter Reading) ဖြစ်သည်။ OMR မီတာများကို နောက်ပိုင်း၌ Control Center မှဖတ်ပြီး မိမိတို့ တစ်လတာသုံးစွဲခဲ့သည့် ဓာတ်အားယူနစ်ကို မိမိတို့ကိုယ်တိုင်ဖတ်ရှု၍ရမည့်စနစ်သို့ ပြောင်းလဲတပ်ဆင်မည်ဟု ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောထားသည်။

ရန်ကုန်မြို့နေပြည်သူများအတွက် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုက အဓိကဖြစ်နေသည်။ နေအိမ်တစ်အိမ်၊ အိမ်ထောင်စု တစ်စုတွင် အဓိကအိမ်သုံးပစ္စည်းအများစုမှာ လျှပ်စစ်ဓာတ်အားဖြင့်သာ သုံးစွဲ၍ရသည့်ပစ္စည်းများဖြစ်နေသည်။ လျှပ်စစ်ဓာတ်အားကို နေ့စဉ်မသုံးစွဲ၍မဖြစ် သုံးစွဲနေရသည်၊ မှီခိုအားထားနေရသည်။ ထမင်းဟင်းချက်၊ တီဗွီကြည့်၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ လေအေးစက်၊ ပန်ကာ၊ အလင်းရောင်အတွက် လျှပ်စစ်ဓာတ်အားမသုံးစွဲ၍ မဖြစ်တော့၊ နောက်ဆုံးလက်ကိုင်ဖုန်းများ အားသွင်းရာကအစ မရှိမဖြစ်သည့်အထိ အဓိကကျလာသည်။

အထူးသဖြင့် ရန်ကုန်မြို့ပြနေ ပြည်သူများအတွက် ဓာတ်အားသုံးစွဲမှု တဖြည်းဖြည်းမြင့်တက်လာရာ မိမိတို့အမှန်တကယ်သုံးစွဲသည့် ဓာတ်အားယူနစ်များ ဖြစ်ရန်တော့ လိုအပ်သည်မှာ အမှန်ပင်၊ သုံးစွဲသည့် ယူနစ်များအတိုင်း ဓာတ်အားခများ ပေးဆောင်ရမည်ဖြစ်ရာ တစ်အိမ်တစ်ယူနစ်အတိုး၊ အလျှော့ဖြစ်ခဲ့လျှင်ပင် ရန်ကုန်မြို့တွင် မီတာအလုံးပေါင်း သန်းချီရှိနေရာ ငွေသန်းချီဆုံးရှုံးနစ်နာမှု ဖြစ်နိုင်လေသည်။ သုံးစွဲသည့် ဓာတ်အားယူနစ် တိုးခြင်း၊ လျှော့ခြင်းက နိုင်ငံတော်အတွက်ရော ပြည်သူများအတွက်ပါ ဆုံးရှုံးနစ်နာမှုဖြစ်ရာ စနစ်သစ်ဖြင့် မီတာကောက်ခံမှု လိုအပ်လေသည်။

လက်ရှိ ရန်ကုန်မြို့တွင် ကောက်ခံနေသော မီတာခနှုန်းထားများအနက် လူမရှိသည့်အိမ်များ၊ မီတာပုံးအား အိမ်အတွင်း၌ထားရှိသူများအနေဖြင့် မီတာဖတ်ဝန်ထမ်းများ၏ ခန့်မှန်းတွက်ချက်ကာ ယူနစ်ကောက်ခံမှုများရှိနေသည်။ ယင်းမှာ အပြစ်တင်၍မဖြစ်နိုင်၊ အိမ်အပြင်၌ထားလျှင် မီတာပုံးအခိုးခံရမည်စိုးရိမ်သဖြင့် အိမ်အတွင်း၊ ခြံအတွင်း ထားရှိခြင်းဖြစ်သလို မီတာဖတ်သူများကလည်း အိမ်ပေါင်းများစွာ၊ မီတာအလုံးပေါင်းများစွာကို တာဝန်ယူဖတ်ရှု မှတ်သားရသည်ဖြစ်ရာ မလွယ်ချေ။

ရန်ကုန်မြို့ပြနေ ပြည်သူများအဖို့ နေ့စဉ်အပြင်ထွက်လုပ်ကိုင်ကာ စားဝတ်နေရေးဖြေရှင်းနေကြရသည်ဖြစ်ရာ မီတာခဖတ်မည့် နေ့ရက်များကို အများပြည်သူသိရှိရန် သတင်းစာ၊ ရုပ်မြင်သံကြားအစီအစဉ်များတွင် ဖော်ပြထုတ်လွှင့်အသိပေးသင့်လေသည်။ ရပ်ကွက်အလိုက်၊ လမ်းအလိုက် ဆော်ဩသင့်ပြီး နေ့ရက်မှန်ကန်စွာ ကောက်ခံလျှင် ပိုမိုကောင်းမွန်မည်ဟု ယူဆမိသည်။

မိမိတို့ မဖြစ်မနေသုံးစွဲခဲ့သည့် ဓာတ်အားယူနစ်ခများကို မှန်မှန်ကန်ကန်ကျခံပေးသွင်းနိုင်ရေးအတွက် ပြောင်းလဲရန် စီစဉ်နေသည့် Control Center မှ ထိန်းချုပ်ဖတ်ရှုသည့်စနစ်က ရန်ကုန်မြို့ပြနေပြည်သူများကို အတိုင်းအတာတစ်ခုအထိ ကူညီ ဆောင်ရွက်ပေးနိုင်မည်ဟု မျှော်လင့်နေမိသည်က အမှန်ပင်။ ။

---

**ရန်ကုန်မြို့ကို အခြေပြုသော ကုန်စည်ပို့ဆောင်ရေးများမှ**

မှတ်တမ်းသိမ်းဆည်းရေးစခန်းဆိုတာရှိတယ်၊ ဒီဘက် ပဲခူးလမ်းပိုင်းမှာဆိုရင်လည်း ၃၂ မိုင် ၇ ဖာလုံ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက ငှားရမ်းထားတဲ့ အရေးကြီးပုဂ္ဂိုလ်နားနေဆောင်မှာလည်း ကုန်ပစ္စည်းစာရင်း မှတ်တမ်းသိမ်းဆည်းရေးစခန်းဆိုတာရှိတယ်၊ အဲဒီမှာ ကျွန်တော်တို့ရဲ့ ဝန်ထမ်းတွေနဲ့ ဆောင်ရွက်နေတယ်”ဟု အသင်းဥက္ကဋ္ဌက ဆက်လက်ရှင်းပြသည်။

အဝေးပြေးကုန်တင်ယာဉ်ကြီးများကို ခြောက်ဘီး၊ ၁၂ ဘီး၊ ၁၄ ဘီး၊ ၁၈ ဘီး၊ ၂၂ ဘီး အစရှိသည့်ယာဉ်များ အများဆုံးအသုံးပြုပြီး ရန်ကုန်မြို့မှ မိုင် ၁၈၀ ပတ်လည်အတွင်း ညဘက်ထွက်ခွာပြီး မနက်အရောက် မောင်းနှင်လေ့ရှိသည်။ ယခင်က မန္တလေးသို့ နှစ်ညအိပ်မောင်းနှင်ခဲ့ရသော်လည်း ယခုအခါ တစ်ညအိပ်သာ မောင်းနှင်တော့သည်။ မိုင် ၁၈၀ ထက် ပိုမိုဝေးကွာသော မူဆယ်ကဲ့သို့ ခရီးစဉ်မျိုးတွင် နှစ်ညအိပ် သုံးရက်ခရီး မောင်းနှင်လေ့ရှိသည်။

အဝေးပြေး ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုလိုအပ်ချက်နှင့်ပတ်သက်၍ အသင်းဥက္ကဋ္ဌက “ရန်ကုန်မှာ ခေတ်မီကုန်တင်၊ ကုန်ချ ကားကွင်းတစ်ကွင်းက လိုအပ်နေတယ်၊ ယခင်အစိုးရတုန်းကလည်း တောင်းဆိုခဲ့တယ်၊ လက်ရှိအစိုးရလက်ထက်မှာလည်း တောင်းဆိုနေတယ်၊ ဒီနေ့အထိတော့ အကောင်အထည်မဖော်နိုင်သေးဘူး၊ ကျွန်တော်တို့ နိုင်ငံတကာနဲ့ယှဉ်ဖို့ မကြာခင်မှာ CBTA (Cross Border Transport Agreement)၊ နောက်တစ်ခါ GMS အဲလိုတွေနဲ့ ယှဉ်ပြိုင်တဲ့အခါမှာ ယှဉ်ပြိုင်နိုင်အောင်ပေါ့၊ ကျွန်တော်တို့မှာ လိုအပ်ချက်တွေက အများကြီးကျန်သေးတယ်ပေါ့။ ဘဏ်စနစ်တွေ၊ ကားလိုအပ်ချက်တွေ၊ ကုန်တင်၊ ကုန်ချ ကားဝင်း လိုအပ်ချက်တွေ ဒါတွေကို နိုင်ငံတော်ပိုင်းကလည်း ပံ့ပိုးပေးရမယ်ပေါ့၊ ဒါတွေ ပံ့ပိုးပေးဖို့လည်း တောင်းဆိုနေတယ်ပေါ့။ မကြာခင်မှာ ထိုင်း-မြန်မာနှစ်နိုင်ငံ ကုန်စည်ပို့ဆောင်ရေး ကျော်ဖြတ်ဖို့အတွက်ကို အစိုးရကတော့ ဆောင်ရွက်နေပြီပေါ့၊ ကျွန်တော်တို့ဘက်ကလည်း မကြာခင်ကပဲ မြဝတီမှာအသင်းဖွဲ့ပြီးတော့ တစ်ဖက်နိုင်ငံ တပ်ခ်ခရိုင်အသင်းနဲ့ ချိတ်ဆက်ပြီး နှစ်နိုင်ငံကုန်စည်စီးဆင်းမှုအဆင်ပြေချောမွေ့စေဖို့ ကျွန်တော်တို့ ဆောင်ရွက်ထားပြီးသားဖြစ်တယ်။

CBTA ကတော့ ၂၀၁၉ ဇန်နဝါရီ ၁ ရက်နေ့မှာ စမှာ၊ ဘယ်နိုင်ငံတွေပါလဲဆိုတော့ ထိုင်းပါတယ်။ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီယား၊ တရုတ်ပါတယ်၊ အဲဒီနိုင်ငံတွေနဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ Door to Door သွားဖို့၊ ဒါပေမယ့် သတ်မှတ်ချက်တွေတော့ ရှိတာပေါ့။ International လိုင်စင်ရှိတဲ့ကားတွေပဲ တစ်ဖက်နဲ့တစ်ဖက် သွားလို့ရမယ်၊ ဟိုဘက်နိုင်ငံနဲ့ ဒီဘက်နိုင်ငံသွားလို့ရမယ့် ပါမစ်တွေရှိမယ်၊ ယာဉ်မောင်းတွေဆိုလည်း လိုင်စင်တွေ သတ်မှတ်ပေးမယ၊ အဲလိုယာဉ်တွေပဲ တစ်ဖက်နဲ့တစ်ဖက် ဖြတ်သန်းလို့ရမယ်။ ပြည်တွင်းမှာတော့ ပြည်တွင်းသွားလာရေးသက်သက်ပေါ့၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ဖြတ်ကျော်ဖို့အတွက်ကတော့ မှတ်ပုံတင်တွေလိုပါတယ်”ဟု ပြောသည်။

တစ်နေ့လျှင် ကုန်တင်ယာဉ်အစီးရေ ၁၂၀၀ မှ ၁၄၀၀ အကြား ဝင်ရောက်ရပ်တန့်နေသော ဘုရင့်နောင်ပွဲရုံနှင့် အဝေးပြေးကုန်စည်ပို့ဆောင်ရေးဝင်းအတွင်း၌ ယာဉ်ရပ်နားကွင်း နှစ်ကွင်းသာရှိပြီး ယာဉ်အစီးရေ ၄၀၀ ခန့်သာ ဆံ့သည်ဟု ဆိုသည်။

ရန်ကုန်မြို့တော်အပါအဝင် မြန်မာနိုင်ငံအရပ်ရပ်ရှိ မြို့ရွာများ တစ်ပြေးညီတိုးတက်ဖွံ့ဖြိုးရန်မှာ လမ်းပန်းဆက်သွယ်ရေးသာမက ကုန်စည်စီးဆင်းမှုကလည်း အထူးအရေးကြီးလှသည်။ နိုင်ငံအနှံ့ အသုံးအဆောင်ပစ္စည်းများ ဈေးနှုန်းအတက်အကျမရှိ တည်ငြိမ်ရန်လိုအပ်သည်။ တစ်နေရာနှင့် တစ်နေရာ၊ ဒေသတစ်ခုနှင့်တစ်ခု ကုန်စည်စီးဆင်းမှုနှေးကွေးနေပါက စီးပွားရေးဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေသည်။ ဒေသတိုးတက်မှုကို နှောင့်နှေးစေသည်။ ထို့ကြောင့် နိုင်ငံအနှံ့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်၍ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးအတွက် ဖော်ထုတ်ရေးသားလိုက်ရပါကြောင်း။



# အများအကျိုးဆောင်ရွက်ပေးနေဆဲဖြစ်သည့် ရန်ကုန်မြို့လယ်မှ ကိုလိုနီခေတ်ကျန် အဆောက်အအုံကြီးများ

**တင်ဝင်းလေး (ကြည့်မြင်တိုင်)**

ရန်ကုန်မြို့လယ်တွင် မိုးထိမြင့်မား ခံ့ညားထည်ဝါသော အဆောက်အအုံကြီးများ တရိပ်ရိပ်ပေါ်လာသကဲ့သို့ ကိုလိုနီခေတ် နိုင်ငံရေး သမိုင်းအမွေအနှစ်လက်ကျန် အဆောက်အအုံကြီးများသည်လည်း ယနေ့တိုင် ခိုင်ခိုင်မြဲမြဲတည်ရှိနေဆဲဖြစ်သည်။ ပြည်သူ့အကျိုးဝန်ဆောင်မှုများကို ဆောင်ရွက်နေဆဲဖြစ်သည်။

ထိုရှိနေဆဲ အဆောက်အအုံအချို့၏ တည်ဆောက်မှုသမိုင်း မှတ်တမ်းများသည် သိမီတို့၏ လက်ထဲတွင်ရှိနေသကဲ့သို့ ထို သမိုင်းအကြောင်းများကို ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှလည်း ဖော်ထုတ်မှတ်တမ်းတင်မှုများ ရှိနေသည်။

သို့သော် စုစုစည်းစည်းဖြင့် တစ်ပေါင်းတည်းအလွယ်တကူ သိရှိနိုင်ရန် ခက်ခဲလှပေသည်။ သို့အတွက် ယနေ့လူငယ် နောင်ဝယ်လူကြီးအဖြစ်ဖြင့် ပြန်ပြောင်းလက်ဆင့်ကမ်းမျှဝေနိုင်ရန် တစ်စုတစ်စည်းတည်းဖော်ပြလိုက်ပါသည်။



အ.ထ.က(၆) ဗိုလ်တထောင်

**မြို့တော်ခန်းမ**

ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းမကြီးပေါ် ဆူးလေဘုရားလမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းအကြားတွင် တည်ဆောက်ထားသည်။ မြို့တော်ခန်းမ မတည်ဆောက်မီက ၎င်းနေရာတွင် ကပွဲခန်းမ (Rippon Hall) ရှိခဲ့ပြီး ၁၈၈၆ ခုနှစ်တွင် မြူနီစီပယ်ရုံးအဖြစ် ပြောင်းလဲခဲ့သည်။ ၁၉၁၀ ပြည့်နှစ်အလွန်ကာလနောက်တွင် မြူနီစီပယ်အဖွဲ့၏ လုပ်ငန်းများ ပိုမိုများပြားလာသည့်အတွက် မြို့တော်ခန်းမသစ်ကြီး တည်ဆောက်ရန်အကြောင်း ဖြစ်လာခဲ့သည်။ ပထမကမ္ဘာစစ်အတွင်းဖြစ်၍ ငွေကြေးအခက်အခဲကြောင့် ၁၉၂၅ ခုနှစ်မှ ၁၉၄၀ ပြည့်နှစ်အထိ ၁၅ နှစ်တာ အချိန်များ လစ်ဟာခဲ့သည်။

အဆောက်အအုံဒီဇိုင်းမှာ ခေတ်ဦးမြန်မာ့ဗိသုကာပညာရှင်စည်သူဦးတင်က ယခင်ရှိပြီးသား ဒီဇိုင်းကို ပြုပြင်၍ ရေးဆွဲခဲ့ခြင်းကြောင့် ဥရောပလက်ရာနှင့် မြန်မာမှုလက်ရာတို့ ရောပြွမ်းနေသော အဆောက်အအုံကြီး ဖြစ်သည်။

ဂျပန်ခေတ် ၁၉၄၉ ခုနှစ်တွင် ရန်ကုန်စစ်ခုံရုံးအဖြစ် ဖွင့်လှစ်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် မြို့တော်ခန်းမ ဆင်ဝင်ပေါ်မှ ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးသမိုင်းဝင် မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ရာ အဆောက်အအုံကြီးတစ်ခုဖြစ်ခဲ့သည်။

ယခုအခါ မြို့နေပြည်သူများ၏ မြို့ပြဖွံ့ဖြိုးမှုဆိုင်ရာများကို စီမံအကောင်အထည်ဖော်ပေးနေသည့် အဆောက်အအုံကြီးအဖြစ် မြို့လယ်တွင် ထီးထီးမားမား ရှိနေဆဲပင် ဖြစ်သည်။

**ရိုးကုန်တိုက်**

မူလက နိုင်ငံခြားသားပိုင် ကုန်တိုက်ကြီးဖြစ်သည်။ ပိုင်ရှင်မှာ "မစ္စတာ အာရ်ဗီရိုး" ဖြစ်ပြီး ရိုးကုန်တိုက်ဟု နာမည်ပေးခဲ့ခြင်းဖြစ်သည်။ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်း (ယခင်ဘားလမ်း) ထောင့်တွင် ၁၉၀၈ ခုနှစ်မှ ၁၉၁၀ ပြည့်နှစ်အတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အဆောက်အအုံ ဒီဇိုင်းကို အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့မှ နာမည်ကျော် ဗိသုကာလုပ်ငန်းဖြစ်သည့် Messrs. Charlesf. Stevens & Co. က ရေးဆွဲခဲ့သည်ဟု သိရသည်။

ဓာတ်လှေကားနှင့် မျက်နှာကြက်ပန်ကာများ မြေအောက်ခန်းပါ ထည့်သွင်းတည်ဆောက်ခဲ့ပြီး ထိုခေတ်အခါက အာရှတွင် ရေပန်းအစားဆုံး ကုန်တိုက်ကြီးဖြစ်သည်။ ဥရောပတိုက်သားများနှင့် အာရှတိုက်သား လူချမ်းသာများက လာရောက်ဝယ်ယူရာ ကုန်တိုက်ကြီးဖြစ်သည်။

၁၉၆၄ ခုနှစ်တွင် ပြည်သူပိုင် အသိမ်းခံခဲ့ရသည်။ ဆိုရှယ်လစ်ခေတ်တွင် လုပ်သားများ ကောလိပ်၏ စာကြည့်တိုက်ဖြစ်ခဲ့သည်။ ယင်းနောက် ရန်ကုန်မှရုံးများ နေပြည်တော်သို့ မပြောင်းခင် ၂၀၀၆ ခုနှစ်အထိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးချုပ်အဖြစ် အသုံးပြုခဲ့သည်။ ၂၀၁၄ ခုနှစ်ဝန်းကျင်၌ ရောဝတီဘဏ်အဖြစ် ပြုပြင်ခဲ့ပြီး ပြည်သူများအတွက် ငွေကြေးဝန်ဆောင်မှုကို ပခုံးပြောင်း တာဝန်ထမ်းဆောင်လျက်ရှိသည်။

**ဆူးလေမီးသတ်**

ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းပေါ်၌ အမြင့်ပေ ၁၀၀ ရှိသော မျှော်စင်ပါသည့် မီးသတ်စခန်းကို ၁၉၁၂ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော မီးသတ်စခန်းဖြစ်သည်။ အက်ဒွပ်ခေတ် ဗိသုကာလက်ရာအဆောက်အအုံဖြစ်သည်။ ၁၉၁၇ ခုနှစ်တွင် ယင်းဘေးချင်းကပ်ဟံသာဝတီပုံနှိပ်တိုက်အား ရှုပီး ငွေနှစ်သိန်းပေး၍ ဝယ်ယူပြီး အဆောက်အအုံကို တိုးချဲ့ခဲ့သည်။ ယနေ့တိုင် မြို့နေပြည်သူများ၏ မီးဘေးနှင့်သဘာဝဘေးအန္တရာယ်များအတွက် စွမ်းစွမ်းတမံ ကာကွယ်စောင့်ရှောက်နေဆဲပင် ဖြစ်သည်။

**ရန်ကုန်စာတိုက်ကြီး**

ပန်းဘဲတန်းမြို့နယ် ကမ်းနားလမ်းနှင့် ၃၂ လမ်းထောင့် ယခုခြောက်ထပ်ရုံအဆောက်အအုံနေရာတွင် ရှိခဲ့ဖူးသောမူလစာတိုက်ကြီးမှာ ၁၉၃၀ ပြည့်နှစ်တွင် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားခဲ့သည်။ အင်္ဂလိပ်အစိုးရလက်ထက်တွင် ယခုကျောက်တံတားမြို့နယ် ကမ်းနားလမ်းရှိ အဆောက်အအုံကို ဝယ်ခဲ့ပြီး ၁၉၃၆ ခုနှစ်စတင်၍ စာတိုက်ကြီးအဖြစ် အသုံးပြုခဲ့သည်။

ရန်ကုန်မြို့၏ ရှေးဟောင်းဗိသုကာအမွေအနှစ်တစ်ခုဖြစ်သည်။ ယနေ့တိုင်မြန်မာပြည်တစ်ဝန်းဆက်သွယ်မှု ကွန်ရက်ကြီးတစ်ခုအဖြစ် ဖြန့်ကြက်လျက်ရှိနေဆဲပင် ဖြစ်သည်။

**ဗဟိုပုံနှိပ်တိုက်**

ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အလယ်ဘလောက်တွင်တည်ရှိသည်။ ၁၉၀၆ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သော်လည်း ရန်ပုံငွေအခက်အခဲကြောင့် ရပ်တန့်နေခဲ့ပြီး ၁၉၀၉ ခုနှစ်တွင်မှ ပြန်လည်တည်ဆောက်နိုင်ခဲ့သည်။ ရှေ့မျက်နှာစာမှာ စကော့လူမျိုး ဗိသုကာပညာရှင် ဂျွန်ဘက်(ခ်)၏ ဒီဇိုင်းဖြစ်သည်။ ၁၉၁၂ ခုနှစ်တွင် တည်ဆောက်မှု ပြီးစီးခဲ့သည်။

ဆိုရှယ်လစ်ခေတ်တွင် ဗဟိုပုံနှိပ်စက်အဖြစ်ပြောင်းလဲပြီး ဝန်ကြီးဌာနများ၏ စာရွက်စာတမ်း၊ စာအုပ်များကို အဓိကရိုက်နှိပ်ပေးခြင်းဖြစ်သည်။ နောက်ပိုင်း၌ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံးအဖြစ် အသုံးပြုခဲ့သည်။ အခန်းများစွာရှိသည့်အပြင် အခန်းပုံစံ ဒီဇိုင်းစုံဖြင့် တည်ဆောက်ခဲ့သည်။



ဗဟိုပုံနှိပ်စက်ရုံ

**ဗိုလ်ချုပ်အောင်ဆန်းဈေး**

ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်တွင် တည်ရှိသည်။ မူလဈေးမှာ ရွှေဘုံသာလမ်း (မဂိုလမ်း) နှင့် ရွှေတိဂုံဘုရားလမ်း အကြားတွင်ရှိသော မြူနီစီပယ်ဈေးကြီးဖြစ်သည်။ ၁၉၀၄ ခုနှစ်တွင် ရန်ကုန်ရေဝန်ရုံးမှ ဆူးလေဆိပ်ကမ်းကို တိုးချဲ့ရန်စီစဉ်မှုဖြင့် ယခုနေရာတွင် ဈေးကြီးကို တည်ဆောက်ခဲ့သည်။ ၁၉၂၆ ခုနှစ် တည်ဆောက်ပြီးစီးခဲ့သည်။

ဈေးသစ်ကြီးကို ယင်းခေတ်က AC Martin ကုမ္ပဏီမှ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဈေးသစ်ကြီး တည်ဆောက်ပြီးစီးသောအခါ မြူနီစီပယ်မင်းကြီး Grarin Scott ၏အမည်ကို အစွဲပြု၍ "စကော့ဈေး" ဟု ခေါ်ဆိုခဲ့ကြသည်။

ဂျပန်ခေတ်တွင် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်နိုင်ကို ဂုဏ်ပြု၍ "ရန်နိုင်ဈေး" ဟု အမည်ပေးခဲ့ကြသည်။ လွတ်လပ်ရေးရပြီးနောက် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ဂုဏ်ပြုသောအားဖြင့် "ဗိုလ်ချုပ်အောင်ဆန်းဈေး" ဟု ပြောင်းလဲခေါ်ဝေါ်လာခဲ့ကြသည်။

**အထက(၆) ဗိုလ်တထောင်**

ဗိုလ်တထောင်မြို့နယ် အနော်ရထာလမ်း( ယခင် ဘီဂမ်ဒတ်လမ်း / ဖရေဇာလမ်း) ပေါ်ရှိ ကျောင်းအဆောက်အအုံကို ၁၈၈၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၈၈၆ ခုနှစ် မေ ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၀၀ နှင့် ၁၉၀၈ခုနှစ်အတွင်း အဆောင်များ တိုးချဲ့ခဲ့သည်။ နာမည်ကျော် ဗိသုကာပညာရှင် Thomas Swales က ဒီဇိုင်းရေးဆွဲခဲ့ပြီး အင်္ဂလိပ်အက္ခရာ "U"ပုံစံဖြစ်သည်။

၁၉၆၅ ခုနှစ် တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် ပြည်သူပိုင်သိမ်းခဲ့ပြီး စိန့်ပေါကျောင်းအမည်မှသည် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၆) ဗိုလ်တထောင်ဖြစ်လာခဲ့သည်။

ရန်ကုန်မြို့ရှိ အထက်တန်းကျောင်းများအနက် သက်တမ်းအရင့်ဆုံးကျောင်းတစ်ကျောင်းဖြစ်ပြီး အစဉ်အလာကြီးမားခဲ့သော ကျောင်းကြီးတစ်ကျောင်းဖြစ်သည်။ ခေတ်အဆက်ဆက်ခေါင်းဆောင်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ အမြောက်အမြား မွေးထုတ်ပေးခဲ့ရာ ကျောင်းကြီးတစ်ကျောင်းဖြစ်ပြီး ယနေ့ပညာရေးနယ်ပယ်၌ အောင်မြင်ကျော်ကြားနေသော ကျောင်းကြီးတစ်ကျောင်းအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။

**ဗဟိုဘဏ်**

ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်း(အောက်လမ်း)တွင် တည်ရှိသည်။ ၁၉၃၉ခုနှစ် မတ်လတွင် အိန္ဒိယရီဇတ်(ဗ်)ဘဏ်အဖြစ် တည်ဆောက်ပြီးစီးခဲ့သည်။ ရန်ကုန်ဘဏ်ခွဲတစ်ခုဖြစ်သည်။

ဂျပန်ခေတ်တွင် ဗမာနိုင်ငံတော်ဘဏ် (People's Bank of Burma) အဖြစ်အသုံးပြုခဲ့သည်။ ဂျပန်ခေတ် ငွေစက္ကူများကို ထုတ်ဝေခဲ့သည်။

လွတ်လပ်ရေးအရ အပြီး ၁၉၄၈ ခုနှစ် ဧပြီလတွင် ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်အဖြစ် ပြောင်းလဲခဲ့ပြီး ၁၉၅၂ ခုနှစ် ဇူလိုင် ၁ ရက်မှ စတင်ကာ မြန်မာကျပ်ငွေများကို စတင်ထုတ်ဝေခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အဖြစ် ပြောင်းလဲခဲ့ပြီး ယင်းနောက် မြဝတီဘဏ်အဖြစ် ပြောင်းလဲဖွင့်လှစ်၍ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်တွင် ရန်ကုန်စတော့အိတ်ချိန်းရုံးအဖြစ် ယနေ့တိုင် စီးပွားရေးဆိုင်ရာ၊ ငွေကြေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နေဆဲဖြစ်သည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

လသာမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးပေါ်တွင် တည်ရှိသည်။ ရန်ကုန်မြို့တွင် ဒုတိယပေါ်ပေါက်လာသော ဆေးရုံကြီးဖြစ်သည်။ ပထမဦးဆုံးသော ဆေးရုံကြီးမှာ ယခုတည်ရှိသော ဆေးရုံကြီး၏ လမ်းတစ်ဖက်ခြမ်း Junction City နေရာတွင်ဖြစ်သည်။ ၁၈၉၀ ပြည့်နှစ်သို့အရောက်တွင် မူလဆေးရုံကြီးမှာ လူနာဦးရေများပြားလာမှုကြောင့် ယခင်သစ်သီးပန်းမန်ဥယျာဉ်နှင့် ဖယ်ယာပြတိုက်ရှိခဲ့သော ယခုနေရာတွင် တည်ဆောက်ရန် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ထိုစဉ်က ပြည်သူ့ဆောက်လုပ်ရေးဌာန အမှုဆောင်အင်ဂျင်နီယာ ဟင်နရီဟွိုင်းဖောက်ရေးဆွဲသော ဒီဇိုင်းဖြင့် ၁၉၀၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၀၉ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ရှုပီး သိန်းလေးဆယ်ခန့်ကုန်ကျခဲ့ပြီး ၁၉၁၁ ခုနှစ်တွင် ခုတင် ၃၄၂ လုံးဆံ့ ပြည်သူ့ဆေးရုံကြီးအဖြစ် စတင်ဖွင့်လှစ်ခဲ့သည်။

ဂျပန်ခေတ်တွင် ဂျပန်စစ်တပ်မှ ဂျပန်များအတွက်သာ သီးသန့်အသုံးပြုခဲ့သည်။ စစ်ကြီးအပြီးတွင် ပြည်သူအများ ပြန်လည်အသုံးပြုပြီး ခုတင် ၅၀၀ ဆံ့အထိ တိုးချဲ့ခဲ့သည်။ ထို့နောက် ၁၉၆၂ ခုနှစ်တွင် ခုတင် ၁၅၀၀ ဆံ့ ဆေးရုံကြီးဖြစ်လာခဲ့သည်။

၂၀ ရာစုနှစ်ဦးပိုင်း ကာလများက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ဆေးဘက်ဆိုင်ရာ ကဏ္ဍမှာ ကမ္ဘာ့ဆေးသိပ္ပံနယ်ပယ်အထိပင် အောင်မြင်ကျော်ကြားခဲ့သည်။

မြန်မာ့ခေတ်အဆက်ဆက်သမိုင်းတွင် အရေးပါခဲ့ပြီး ၁၉၈၈ ခုနှစ် အရေးအခင်းကာလ ဩဂုတ် ၂၄ ရက်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က ပြည်သူအများသို့ ပထမဦးဆုံးမိန့်ခွန်းပြောကြားရာ သမိုင်းဝင်ခဲ့သော နေရာတစ်ခုလည်းဖြစ်ခဲ့သည်။

ကိုလိုနီခေတ်မှ စတင်ခဲ့သော ကျန်းမာရေးဆိုင်ရာ အဆောက်အအုံကြီးမှာ ယခုတိုင် ပြည်သူအများ အားကိုးအားထားပြုရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအဖြစ် တည်ရှိဆောင်ရွက်နေဆဲပင်ဖြစ်သည်။ ။

မင်းသော်

## တစ်ပတ်အတွင်း ကားဈေးကွက်

# ငါးနှစ်တာနီးပါး အဝယ်လိုက်ခဲ့သည့် ၁၃၀၀ စီစီနေရာသို့ ပြည်တွင်းတပ်ဆင်ကားများ နေရာယူလာ

**နိုဝင်ဘာလဆန်း** မှ စတင်ကာ အရောင်းအဝယ် အေးစက်လာသည့် ရန်ကုန်ကားဈေးကွက်တွင် ကားဝယ်လက်များထံမှ ပြင်ပပေါက်ဈေးနှုန်းဖြင့် မော်တော်ကားဝယ်ယူမှုထက် အရောင်းပြခန်းများတွင် ပိုမိုဝယ်ယူမှု များပြားလျက်ရှိသည်ကို မြင်တွေ့ရသည်။ အိမ်စီးကားအများစုနှင့် အများစီးကားတို့တွင် မော်တော်ယာဉ်တင်သွင်းခွင့် သတ်မှတ်ချက်များကြောင့် ဈေးကစားသူများရှိနေခဲ့ပြီး အမှန်တကယ် စီးနင်းရန် ဝယ်ယူလိုသူတို့မှာ ၁၃၀၀ စီစီ အင်ဂျင်ပါဝင်ကားများကို စိတ်ပါဝင်စားနေရာမှ ယခုအခါ ပြည်တွင်းတွင် ထုတ်လုပ်ခြင်း၊ ပြည်တွင်းတွင် တပ်ဆင်ခြင်းစသည့် မော်တော်ကားများကို အရောင်းပြခန်းတွင် ဝယ်ယူရန် စိတ်အားထက်သန်လာကြခြင်းဖြစ်သည်။ လက်ရှိတွင် အဆိုပါမော်တော်ကားများသည် ဈေးနှုန်းများ မြင့်တက်ခြင်းမရှိဘဲ မူလဈေးနှင့်သာ ရောင်းနေကြခြင်းကြောင့် ၁၃၀၀ စီစီများ အရောင်းထိုင်းလာခြင်းဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ဝယ်ယူသူအကြိုက် ပြောင်းလဲလာသဖြင့် မော်တော်ကားဈေးနှုန်းများသည်လည်း အထိုက်အလျောက် ပြန်လည်ကျဆင်းလာနေသည်ကိုတွေ့ရသည်။ ဝယ်ရောင်းများနှင့် စီးပွားဖြစ် လုပ်ကိုင်ကြသူများကလည်း ကားတင်သွင်းမှုမူဝါဒကြောင့် ကားစုဆောင်းခြင်းထက် မီသလောက်အချိန်များတွင် ဘယ်မောင်းမော်တော်ကားများ တင်သွင်းကြရန်သာ အာရုံစိုက်လာကြသည်ကို မြင်တွေ့ရသည်။ ကားတင်သွင်းမှု မူဝါဒအရ စလစ်ကပ်တင်သွင်းခြင်းကို ရောက်ရှိမော်ဒယ်အောက် ငါးနှစ်နှင့် ဖရီးပါမစ်တင်သွင်းမှုကို ရောက်ရှိ မော်ဒယ်အောက် သုံးနှစ် ခွင့်ပြုထားပြီး ဘယ်မောင်းများအား တင်သွင်းကြရမည်ဟု ၂၀၁၈ မော်တော်ယာဉ် တင်သွင်းမှုဆိုင်ရာ စည်းကမ်းချက်များအရ သိရသည်။

ပြည်တွင်းတွင် ထုတ်လုပ်တပ်ဆင်သည့် မော်တော်ကားများမှာမူ ဈေးနှုန်းများမှာ တည်ငြိမ်မှုရှိပြီး လက်ရှိပြင်ပ ကားဈေးကွက်နှင့် နှိုင်းယှဉ်ပါက အဆင့်အတန်း မြင့်မားခြင်း၊ ယုံကြည်စိတ်ချရခြင်း၊ ကားသစ်များဖြစ်ခြင်းတို့ကြောင့် ဈေးနှုန်းမတည်ငြိမ်သည့် ဂျပန်တစ်ပတ်ရစ် မော်တော်ကားများထက် ပိုမိုစိတ်ဝင်စားလာခြင်းဖြစ်နိုင်ကြောင်း ကားလောကသားများထံမှ သိရှိရသည်။

စလစ် ဈေးနှုန်းများမှာလည်း လက်ရှိတွင် တည်ငြိမ်လျက်ရှိနေပြီး အရောင်းအဝယ်မှာ ပုံမှန်သာရှိနေသည်ကို မြင်တွေ့ရသည်။ လာမည့် ၂၀၁၈ နှစ်ဆန်းမှစတင်ကာ ၁၉၉၈ ခုနှစ် ကားများကို အပ်နှံခွင့်ပေးမည်ဖြစ်သောကြောင့် အပ်ကားများ များပြားလာဦးမည်ဟု ခန့်မှန်းရသည်။ ထို့ကြောင့် စလစ်ဈေးနှုန်းသည် လာမည့်နှစ်ဆန်းတွင် ငွေကျပ်သိန်း ၁၀၀ အောက်သို့ ကျဆင်းနိုင်မည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းကြသည်။

မော်တော်ကားဈေးနှုန်းများသည် အမြင့်ပိုင်းတွင် တန့်နေပြီး အရောင်းအဝယ် အလွန် အေးစက်ရခြင်းမှာ ဝယ်ရောင်းအများစုကလည်း ဈေးလျှော့ မရောင်းနိုင်ခြင်း၊ ဝယ်ယူလိုသူများကလည်း ဈေးပိုမပေးနိုင်ခြင်းနှင့် အများစုမှာ ရောင်းပြီးပါက ငွေလုံး ငွေရင်းဖြင့် အလားတူ ကားတစ်စီး ပြန်လည်ဝယ်ယူရန်အတွက် ဈေးကွက်အတွင်း ရှားပါးလာခြင်းတို့ကြောင့် ဖြစ်ရကြောင်း သိရသည်။

လတ်တလောဈေးကွက်အတွင်း အမည်ပေါက်စလစ်များ၏ ပေါက်ဈေးများမှာ နှစ် ၂၀ လူစီးစလစ်မှာ ငွေကျပ် ၁၃၅ သိန်း၊ စက်မှုဇုန် လူစီးစလစ်မှာ ငွေကျပ် ၁၃၂ သိန်း၊ တက္ကစီစလစ်မှာ ငွေကျပ် ၁၂၅ သိန်း၊ တိုက်ကြေစလစ်မှာ ငွေကျပ် ၁၂၇ သိန်း တို့ဖြစ်ကြောင်း သိရှိရသည်။

### တစ်ပတ်အတွင်းအရောင်းအဝယ်ဖြစ်ခဲ့သည့် ကားဈေးနှုန်းများ

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| CR-V | ၂၀၁၂ | ရန်ကုန် | 2000 cc | အပြင်ဈေး | ၆၀၀ |
| Crown | ၂၀၀၄ | ရန်ကုန် | 3000 cc | အပြင်ဈေး | ၃၆၅ |
| Alphard | ၂၀၀၅ | ရန်ကုန် | 3000 cc | အပြင်ဈေး | ၄၅၀ |
| Wish | ၂၀၁၁ | ရန်ကုန် | 1800 cc | Showroom | ၃၅၀ |
| Fit Shuttle | ၂၀၁၃ | မန္တလေး | 1300 cc | အပြင်ဈေး | ၂၆၆ |
| Kluger | ၂၀၀၆ | ရန်ကုန် | 2400 cc | အပြင်ဈေး | ၄၈၀ |
| Mitsubishi Canter | ၂၀၀၇ | မန္တလေး | 2970 cc | အပြင်ဈေး | ၁၅၀ |
| Civic | ၂၀၁၀ | ရန်ကုန် | 1300 cc | Showroom | ၃၁၀ |
| Hiace | ၂၀၁၁ | ရန်ကုန် | 2700 cc | Showroom | ၃၀၀ |
| Belta | ၂၀၁၂ | နယ် | 1300 cc | Showroom | ၂၆၀ |

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။





ဘုရင့်နောင်အမှတ်(၂)တံတား၌ အကာအရံစတီးကြိုးများ ပြတ်တောက်နေသည်ကိုတွေ့ရစဉ်

## ပြည်သူနှင့်စည်းကမ်း ဟန်ချက်ညီမှသာ မှ

တံတားပေါ်တွင် ကာရံထားသော အတားအဆီးများနှင့် တံတားအောက်တွင် ကာရံထားသော သံပန်းအကာများ၊ တံတားပေါ်မှ အန္တရာယ်ကင်းစွာ ဖြတ်သန်းသွားလာနိုင်ရန် ပြုလုပ်ထားသည့် သံပန်းအကာများ၊ ဘလောက်တုံးများ၊ တံတားအုတ်နံရံများ ပျက်စီးခြင်း၊ ဖျက်ဆီးခြင်းမရှိစေရန် ပြည်သူနှင့်တာဝန်ရှိသူများက မိမိ မြို့သာယာလှပရေးအတွက် လက်တွဲထိန်းသိမ်းကြရမည်သာ ဖြစ်သည်။ တံတားပေါ်တွင် လုံခြုံရေးတည်ဆောက်ထားသော ကင်းတဲများ အများ အမြင်တင့်တယ်စေရန် တည်ဆောက်ထားခြင်း၊ တံတားများ၏ ကြံ့ခိုင်မှု၊ လုံခြုံမှုကို အမြဲမပြတ် စစ်ဆေးဆောင်ရွက်ခြင်းတို့ လိုအပ်ပါသည်။ တံတားများအောက် သံပန်းအကာအရံအတွင်း ဈေးရောင်းခြင်းနှင့် လူနေထိုင်သော နေရာများဖြစ်နေပါက မြို့ပြအလှနှင့် လိုက်ဖက်ညီမည် မဟုတ်ချေ။

ယာဉ်အဝင်အထွက်များပြီး လူစည်ကားသော ဘုရင့်နောင်လမ်းဆုံ ခုံးကျော်တံတားကြီးအောက်တွင် တံတားတိုင်များကို သံပန်းများဖြင့် ကာရံထားပြီး တံတားအင်္ဂါနှင့်လိုက်ဖက်ညီစေရန် ကာရံထားသော်လည်း ထိုအကာအရံကိုဖျက်၍ အတွင်းတွင် ဈေးရောင်းခြင်း၊ ဘောလုံးကန်ခြင်း၊ လူနေထိုင်ခြင်းတို့ကြောင့် သံပန်းအကာအရံများ ဖြုတ်ယူပျောက်ဆုံးမှုများ မကြာခဏဖြစ်ပေါ်လျက်ရှိနေသည်။ ပျက်စီးပျောက်ဆုံးသွားသော သံပန်းအကာအရံများ ထပ်မံတပ်ဆင်ပြီး မကြာမီတွင် ပြန်လည်ပျက်စီးပြီး မြို့ပြ၏ပုံရိပ်ကို အရောင်ဆိုးစေလျက်ရှိသည်။ ထိုနည်းတူ ဘုရင့်နောင်အမှတ်(၂)တံတားပေါ်မှ တစ်လမ်းသွားဆောင်ရွက်ပေးထားသော သံပန်းအကာတို့မှာလည်း ကျိုးပဲ့ပျက်စီးလျက်ရှိပြီး အချို့မှာ အချပ်လိုက် ပျောက်ဆုံးလျက်ရှိသည်။ တစ်လမ်းသွား ပြုလုပ်ပေးထားသောနေရာတွင် သံပန်းကိုဖြုတ်၍ လမ်း အသစ်ထွင်းထားကြသည်။ သွားလာသောယာဉ်များ အန္တရာယ်ကင်းစေရန် ဘလောက်တုံးများကို ဖယ်ရှားပြီး မသွားရန် တားမြစ်ထားသောလမ်းကိုဖွင့်၍ သွားလာကြသည်။ တံတားပေါ်တွင် ဖြစ်ပျက်နေသမျှကို စောင့်ကြပ်သည့် လုံခြုံရေးမှာလည်း ညပိုင်းတွင်မရှိသည့်အပြင် လုံခြုံရေးကင်းတဲမှာ ပျက်စီးနေသည်ကို ဘုရင့်နောင်အမှတ်(၂)တံတားတွင် တွေ့မြင်ရမည်ဖြစ်သည်။ လုံခြုံရေးတဲအကာမှန်များ ပျက်စီးနေ သည့်နည်းတူ သံဆန်ခါအကာများလည်း ပျောက်ရှကုန်၏။ တံတားလုံခြုံရေးသည် တံတားဖြတ်သန်းသွားလာကြသော ယာဉ်များသာမက လှိုင်မြစ်၏ လုံခြုံရေးအတွက်ပါ အရေးပါလျက်ရှိသည်။



ဘုရင့်နောင်အမှတ်(၂)တံတား၌ လမ်းလယ်တားသံပန်းများ ပျက်စီးနေသည်ကို တွေ့ရစဉ်

ညပိုင်းတံတားများပေါ်တွင် လူငယ်များ ကားဖြင့်လာရောက်၍ ဝိုင်းဖွဲ့သောက်စားမှုများ ရှိနေဆဲဖြစ်သည်။ ညပိုင်း ရဲတပ်ဖွဲ့ဖမ်းဆီးမှုကြားသိသောအခါ နေ့ပိုင်း လမ်းထိပ်သစ်ပင်ရိပ်အောက်တွင် ဝိုင်းဖွဲ့သောက်ကြသည်။ ရန်ကုန်မြို့ပြ တံတားကြီးများသည် လှပ ခံ့ညားကြသော်လည်း စည်းနှင့်ကမ်းကို အလေးမမူသော သူတို့ကြောင့် တဖြည်းဖြည်းဖြင့် အရောင်မှေးမှိန်လာလျက်ရှိသည်။ ညပိုင်းတွင် သောက်စားမူးယစ်သူနှင့် နေ့ပိုင်းတွင် ဈေးသည်၊ အိပ်စက်အနားယူသူ၊ ဘောလုံးကွင်းအဖြစ် တွေ့မြင်ရမည်ဖြစ်သည်။ မိမိအိမ်၊ မိမိမြို့နယ်၊ မိမိမြို့ပြအတွက် စည်းကမ်းလိုက်နာ ကျင့်သုံးသွားကြမည်ဆိုလျှင် တိုင်းပြည်၏ အနာဂတ်သည် လျင်မြန်စွာ ပြောင်းလဲတိုးတက်စေမည်ဖြစ်သည်။ ထိုသို့ ပြောင်းလဲတိုးတက်ရန် ပြည်သူနှင့် စည်းကမ်းသည် ဟန်ချက်ညီမှသာ ထိုအသီးအပွင့်၏အရသာကို ပြည်သူအားလုံး ရရှိခံစားစေမည် ဖြစ်သည်။ ကောင်းမွန်သော စနစ်တစ်ခုသို့ တက်လှမ်းရာတွင် အခက်အခဲများရှိတတ်ပြီး ထိုအခက်အခဲကို တိုင်းပြည်ချစ်စိတ်၊ အမျိုးသားရေးစိတ်ဖြင့် အစားထိုးပြုပြင် ဆောင်ရွက်ရမည်သာ ဖြစ်သည်။

ထို့ကြောင့် စည်းကမ်းလိုက်နာရန် အခက်အခဲရှိနိုင်သော်လည်း စည်းကမ်းကို မြတ်နိုးသော၊ စည်းကမ်းကို တန်ဖိုးထားသော၊ စည်းကမ်းကို လိုလားသော ပြည်သူများအနေဖြင့် အရှေ့ကို ဆက်လျှောက်မည်ဆိုလျှင် စည်းကမ်းနှင့် ပြည်သူ ဟန်ချက်ညီစွာဖြင့် လက်တွဲနိုင်ကြပါစေကြောင်း ရေးသားလိုက်ရပါသည်။ ။